ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့ (4-2-2013) (၇၃၈၆)

ထူးခြားသည့် ညအပူချိန်များ

၃-၂-၂၀၁၃

လွိုင်လင်	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၃ ဒီဂရီစင်တီဂရိတ်
ပူတာအို	၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၄ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပက်ခ်စာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီ အမ် ဂျာယာရတနာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

စက်မှုလယ်ယာစနစ် ရာနှုန်းပြည့် ကူးပြောင်းနိုင်ရေး ရိုင်းပင်းကူညီမှုများဖြင့် အကောင်အထည်ဖော်

နေပြည်တော် ဖေဖော်ဝါရီ ၃

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ စက်မှုလယ်ယာစိုက်ကွင်းသို့ ယနေ့နံနက် ၁၀ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ရောက်ရှိပြီး အစေ့ထုတ်ပြောင်းသီးနှံ တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ နှင့်နေကြာသီးနှံ ဧက ၅၀ စိုက်ခင်းများ ရင့်မှည့်နေမှု၊ ပုလဲသွယ်စပ်မျိုးစပါးပျိုးခင်း(အောက်ပုံ)**နှင့် စားဖိုဆောင်သီးနှံအမယ်စုံစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ရိတ်သိမ်းခြွေလှေ့ သုတေသန စိုက်ခင်း ၁၀ ဧက၏ စက်ကြီးများနှင့် ချိုင်းကျေးရွာရှိ အောင်မြင် ဖြစ်ထွန်းနေမှုများကို တစ်ကွင်းတစ်ဆက်တည်း မြေပဲသီးနှံ ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက စိုက်ကွင်းများသို့ ကွင်းဆင်းစစ်ဆေးရာတွင် စက်မှုလယ်ယာစနစ် ပြောင်းလဲ

ဆောင်ရွက်ခြင်းအပေါ် တောင်သူများ မည်မျှအကျိုးကျေးဇူးရသည်ကို တောင်သူအချင်းချင်း လက်ဆင့်ကမ်း အသိပညာပေး ဆောင်ရွက်ရန်နှင့် နေပြည်တော်ကောင်စီနယ်မြေတွင် ဆောင်ရွက်သည့် လယ်မြေအားလုံးအား ယခုကဲ့သို့ စက်မှုလယ်ယာစနစ် ရာနှုန်းပြည့် ကူးပြောင်းရောက်ရှိနိုင်ရေး နိုင်ငံတော်အပိုင်း၊ နိုးကြားသော လုပ်ငန်းရှင်များအပိုင်း၊ တောင်သူများအပိုင်း အပြန်အလှန် ကူညီရိုင်းပင်းမှုများဖြင့် အဆင့်ဆင့် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

နေပြည်တော်သည် ပြည်ထောင်စုနယ်မြေဖြစ်သည့် အားလျော်စွာ လယ်ယာကဏ္ဍတွင် လက်တွေ့ကျကျ တိုးတက် အောင်မြင်ရေးအတွက် စံနမူနာပြ နယ်မြေအဖြစ် ဂုဏ်ယူအားတက်ဖွယ်ရာဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရမည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်နှင့် အခြားသောနိုင်ငံများထက် သာလွန်၊ ကျော်လွန်သည်အထိ နိုင်ငံတကာ မျက်နှာစာတွင် မျက်နှာမငယ်ရအောင် နေပြည်တော်ကောင်စီနယ်မြေအား နိုင်ငံ၏ မျက်နှာစာ၊ ဂုဏ်သိက္ခာအဖြစ် ပညာရှင်များက အားသွန်ခွန်စိုက် ကြိုးစားပေးခြင်းဖြင့် မိမိတို့ တာဝန်အသီးသီးကို ကျေပွန်အောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ စီးပွားရေးလုပ်ငန်းအမျိုးအစားများ သတ်မှတ်ချက်နှင့် ပတ်သက်သော အမိန့် ကြော်ငြာစာကို စာမျက်နှာ (၁၆) နှင့် အချပ်ပို(က၊ ခ၊ ဂ၊ ဃ) တို့တွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ ထင်ရှားသော ရုက္ခဗေဒဥယျာဉ်ကြီး

သတင်းမှတ်တမ်း-မင်းခန့်စိုး(ကြေးမုံ) «» ဓာတ်ပုံမှတ်တမ်း-အောင်ကျော်ဝင်း(ကြေးမုံ)

အမျိုးသားကန်တော်ကြီးဥယျာဉ်သည် သုည ဒသမ ၆၈ စတုရန်းမိုင် ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၀၅ ပေ (မီတာ ၁၀၀၀) အမြင့်ရှိ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် တည်ရှိသည်။

နေပြည်တော်မှ မိုင် ၂၂၀၊ ရန်ကုန်မြို့မှ မိုင် ၄၇၀ ကွာဝေးပြီး လေယာဉ်၊ ရထား၊ ကားဖြင့် မန္တလေးမြို့သို့လည်းကောင်း၊ မန္တလေးမြို့မှတစ်ဆင့် ၄၂ မိုင် အကွာတွင် တည်ရှိပြီး ကားဖြင့်လည်းကောင်း သွားလာနိုင်သည်။ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် မြန်မာနိုင်ငံ၏ ထင်ရှားသောရုက္ခဗေဒဥယျာဉ်ကြီး တစ်ခုဖြစ်သည်။ ထို့ပြင် ဥယျာဉ်အတွင်း၌ သစ်ခွဥယျာဉ်၊ လိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်၊ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်များအား လေ့လာနိုင်သည်။ ယင်းဥယျာဉ်ကို ၁၉၁၅ ခုနှစ်တွင် မေမြို့ရုက္ခဗေဒဥယျာဉ်အဖြစ် ဦးစွာ တည်ထောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ယင်းဥယျာဉ်ကို အမျိုးသားကန်တော်ကြီးဥယျာဉ်အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် အပင်မျိုးစိတ်ဒေသမျိုးရင်း ၅၁၄ မျိုး၊ ပြည်ပမျိုးစိတ် ၇၄ မျိုး၊ ဝါးမျိုးစိတ် ၇၅ မျိုးရှိသည်။ သစ်ခွမျိုးတွင် မူလမျိုးစိတ် ၃၀၀ အနက် မျိုးစိတ်ပေါင်း ၁၇၈ မျိုးကို ၁၉၄၂ ခုနှစ်ကတည်းက စုဆောင်းခဲ့သည့် မျိုးစိတ်များဖြစ်ကြသည်။ နှင်းဆီမျိုးစိတ် ၂၅ မျိုးနှင့် နှင်းပန်းမျိုးစိတ် ခြောက်မျိုးလည်းရှိသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

အမျိုးသားကန်တော်ကြီးဥယျာဉ်၏ အပန်းဖြေအနားယူစရာ သဘာဝအလှရှုခင်း။

ကြေးမုံစာတည်းရှုထောင့် ၄-၂-၂၀၁၃၊ တနင်္လာနေ့

အဟောင်းနှင့် အသစ်

"အသစ်ဘယ်လိုကောင်းကောင်း အဟောင်းတလည်လည်"ဟူသည့် ဆိုရိုးတစ်ရပ်မှာ မြန်မာမှုနယ်ပယ်တွင် တွင်ကျယ်လှသည့် စကားတစ်ရပ်ဖြစ်ပါသည်။

အထူးသဖြင့် ထိုစကားရပ်မှာ ကျွန်ုပ်တို့မြန်မာလူမျိုးများသာမက ကမ္ဘာပေါ်ရှိ လူသားအားလုံး၏ အမှတ်တရရှိလိုသော စိတ်ခံစားမှု တစ်နည်းမမေ့မပျောက်နိုင်သော နှလုံးသားခံစားမှုဟု ဆိုချင်ပါသည်။

ထို့ကြောင့် လူသားအားလုံးသည် အသစ်တစ်ဖန် ဆန်းသစ်နေသော ကာလတွင် အဟောင်းတကာ အဟောင်းတို့ကို ရှာဖွေလာကြပါသည်။ ဆိုလိုသောအဟောင်းတို့မှာ အနုပညာလက်ရာနှင့် ဗိသုကာလက်ရာ ပြောင်မြောက်လှသည့် ပန်းဆယ်မျိုးဝင် အလွန်ရှေးကျသော လက်ရာများဖြစ်ပါသည်။

ထိုလက်ရာများမှာ အနှစ် တစ်ရာအထက် လက်ရာများဖြစ်ပါသည်။ ထိုလက်ရာများကို စနစ်တကျထိန်းသိမ်းခြင်းသည် အကျိုးကျေးဇူးများလှပါသည်။ နိုင်ငံသားများအတွက် သမိုင်းအမွေအနှစ် မပျောက်မပျက်သလို အမျိုးသားရေးစိတ်ဓာတ်ကိုလည်း ထက်သန်မြင့်မားစေပါသည်။ တိုင်းတစ်ပါးသား ဧည့်သည်များအား ဆွဲဆောင်ဖွယ်ရာများဖြစ်သကဲ့သို့ နိုင်ငံ၏ ဂုဏ်ဒြပ်ကို မြှင့်တင်ပေးခြင်းလည်း မည်ပါသည်။

ယခုအသစ်သည် နောင်အနှစ် တစ်ရာကျော်လျှင် သမိုင်းဝင်အဟောင်းဖြစ်ပေလိမ့်မည်။ ထို့ကြောင့် လက်ရှိအသစ်ကို လက်ရာပြောင်မြောက်စွာဖြင့် စနစ်တကျတည်ဆောက်ကြရမည်ဖြစ်သည်။ တစ်ချိန်က လက်ရာများမှာ အရည်အသွေးပြည့်မီပြီး အနုပညာလက်ရာမြောက်လှသဖြင့် ယနေ့အဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်များ ဖြစ်လာပေသည်။

တစ်ချိန်က အဆောက်အအုံများမှာ အရည်အသွေးပြည့်မီသဖြင့် သတ်မှတ်သက်တမ်းကာလထက် အဆများစွာကြာအောင် တည်တံ့ခိုင်မြဲလျက် တည်ရှိနေပေသည်။ နှစ်ပေါင်းကြာမြင့်စွာတည်ရှိနေလေ သမိုင်းအမွေမြင့်လာလေဖြစ်သည်ကို တွေ့ရသည်။

အချို့အမွေအနှစ်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့အဖို့ ထိန်းသိမ်းစောင့်ရှောက်နိုင်မှု အားနည်းလှသည်။ ငွေကြေးအရသော်လည်းကောင်း၊ နည်းပညာအရသော်လည်းကောင်း၊ စောင့်ရှောက်ထိန်းသိမ်းတတ်မှု အသိပညာအရသော်လည်းကောင်း အားနည်းလှသည်ကို တွေ့ရသည်။

ထို့ကြောင့် အချို့ရှေးဟောင်းအမွေအနှစ်များမှာ မမျှော်လင့်ဘဲ ပျက်သုဉ်းသွားရသည်ကို ဝမ်းနည်းဖွယ် တွေ့ရသည်။ အချို့မှာမူ ပြန်လည်ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ခဲ့သော်လည်း အဟောင်းကို အဟောင်းအတိုင်း မပျက်ယွင်းအောင် မလုပ်နိုင်သဖြင့် အဟောင်းမှာ အသစ်ပြန်ဖြစ်သဖြင့် ရှေးဟောင်းတန်ဖိုးကျဆင်းရလေသည်။

လက်တွေ့တွင် ရန်ကုန်မြို့ဟောင်း၌ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအဆောက်အအုံများ အမြောက်အမြားကျန်ရှိနေသေးရာ အဆိုပါအဆောက်အအုံများကို မူလပုံစံမပျက်ယွင်းဘဲ အများပြည်သူကြည့်ရှုလေ့လာနိုင်အောင် စီမံဆောင်ရွက်ခြင်းဖြင့် ရှေးဟောင်းအမွေအနှစ်တန်ဖိုးများ တိုးတက်လာမည်ဖြစ်သည်။

လက်ရှိတွင် အထင်ကရနေရာများမှလွဲ၍ ကျန်ရှေးဟောင်းနေရာအချို့မှာ ကွယ်ပျောက်သွားပြီးဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ရှေးဟောင်းဆိုရာတွင် အများပြည်သူနှင့်သက်ဆိုင်ပြီး နှစ်ကာလကြာရှည်သော တန်ဖိုးကြီးမားသည့် အဆောက်အအုံများဖြစ်သည်။

အဆောက်အအုံ၊ အနုပညာလက်ရာအဖုံဖုံသာမက လူမှုဘဝအစုံအလင်တို့သည်လည်း တစ်ချိန်သောအခါတွင် မမေ့နိုင်ဖွယ်ရာ တန်ဖိုးကြီးအကြောင်းကိစ္စရပ်များဖြစ်ပေသည်။ အခြားနိုင်ငံများတွင် လက်ရှိမြို့တွင်ပင် သမိုင်းဝင်အဟောင်းနေရာများကို မပျက်ယွင်းစေဘဲ ကြည့်ရှုလေ့လာနိုင်ရန် ဆက်လက်ထိန်းသိမ်းချန်ရစ်ထားသဖြင့် ပြည်သူတို့သာမက နိုင်ငံရပ်ခြားဧည့်သည်များပါ အမှတ်တရ လာရောက်လေ့လာကြပေသည်။

သမိုင်းဟူသည်မှာ နေရာတိုင်းတွင် မြို့သမိုင်း၊ ရွာသမိုင်း၊ နိုင်ငံသမိုင်းဟူ၍ ရှိတတ်ပေသည်။ ထိုတည်ရှိခဲ့ပြီးဖြစ်သော နှစ်ပေါင်းရာချီ သမိုင်းဝင်နေရာများကို အဟောင်းကိုအဟောင်းအတိုင်း၊ အသစ်ကိုအသစ်အတိုင်း တည်ဆောက်ပြုပြင်ထိန်းသိမ်းမြှင့်တင်မည်ဆိုပါလျှင် ကျွန်ုပ်တို့နိုင်ငံ၏ သမိုင်းကြောင်း ပိုမိုထင်ရှားလာပါမည်။

ထို့ကြောင့် ခေတ်မီတိုးတက်ရေးအတွက် အသစ်ကို တည်ဆောက်ရမည်ဖြစ်သလို သမိုင်းဝင်၊ သမိုင်းတင်နိုင်ရေးအတွက် အဟောင်းကို အဟောင်းအတိုင်း ထိန်းသိမ်းမြှင့်တင်စောင့်ရှောက်ကြရမည်မှာ ကျွန်ုပ်တို့နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ပါသည်။ ။

ကလိန်အောင်မြို့နယ်ခွဲ ဆေးရုံလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့နယ်ခွဲ ဆေးရုံလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်တွင် အဆိုပါဆေးရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ PTTE PI ကုမ္ပဏီ General Manager မစ္စတာက နုတ်အင်ထရာဝိဂျစ်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်တို့က ဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ကမ္ပည်းမော်ကွန်းကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ဆေးရုံခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ပါမောက္ခ ဂျီအယ်လ်ပီးရိုးစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးပေါ်လွင်စိန်အား နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ရေကြောင်းပို့ဆောင်ရေး(မြစ်/ဝ)မှ ငှားရမ်းပြေးဆွဲသည့်ရေယာဉ်များ အလေးထားစဉ်းစားဖွယ်ရာ

လမ်းတံတားများ တိုးတက်ကောင်းမွန်လာမှုကြောင့် ခရီးသွားပြည်သူများ အချိန်တိုအတွင်း ရောက်ရှိသည့် မော်တော်ကားကြီး၊ ကားငယ်များဖြင့် စီးနင်းသွားလာခြင်း၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းများ တွင်ကျယ်လာရာ တစ်ဖက်ကမ်းပြို တစ်ဖက်သောင်ထွန်းဆိုသကဲ့သို့ ယခုအခါ ရေယာဉ်များဖြင့် သွားလာမှု၊ ကုန်ပစ္စည်း တင်ဆောင်မှုနည်းပါးလာခြင်းတို့ကြောင့် ရေကြောင်းပို့ဆောင်ရေး(မြစ်/ဝ)မှ ရန်ကုန်အခြေပြုထွက်သည့် ရေယာဉ်များ အရှုံးပေါ်နေကြောင်း သိရသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့နေသည့် ကုန်သည်တစ်ဦးက ရေယာဉ်များဖြင့် တင်ပို့ပါက အလုပ်သမားခပိုကုန်ခြင်း၊ အချိန်ကြာမြင့်ခြင်း၊ အလေအလွင့်နှင့် လျော့နည်းပျောက်ဆုံးမှုရှိခြင်း၊ ကားဖြင့်တင်ပို့ပါက ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံအရောက်ပို့ပေးသည့်အတွက် ကုန်ကျစရိတ်နည်းပြီး ပိုမိုအဆင်ပြေကြောင်း ပြောပြသည်။

ခရီးသွားများအနေဖြင့်လည်း ရေယာဉ်များ ဝန်ဆောင်မှုမကောင်းခြင်း၊ ရေယာဉ်ခနှင့် ကားခ မကွာသည့်အတွက် အချိန်တိုအတွင်း ရောက်သည့် ကားများဖြင့်သာ အများစုသွားလာနေကြောင်း ခရီးသည်တစ်ဦးက ပြောပြသည်။

သို့အတွက်(မြစ်/ဝ)မှ ရန်ကုန်အခြေပြုထွက်ရှိနေသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့များသို့ ပြေးဆွဲသည့် ရေယာဉ်များ အရှုံးပေါ်နေသည်ဟု ရေကြောင်းပို့ဆောင်ရေး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ (မြစ်/ဝ)၏စီမံခန့်ခွဲမှုဖြင့် ပြေးဆွဲသည့် ရေယာဉ်များအရှုံးပေါ်နေသော်လည်း (မြစ်/ဝ)မှ ငှားရမ်းပြေးဆွဲနေသည့် ရေယာဉ်များ ဝင်ငွေကောင်းနေကြောင်း သိရသည်။ စဉ်းစားဖွယ်ရာမှာ (မြစ်/ဝ)ပိုင်ရေယာဉ်များ ငှားရမ်းပြေးဆွဲနေသူများမှာ ပြင်ပမှ လုပ်ငန်းရှင်များမဟုတ်ဘဲ(မြစ်/ဝ)မှ လက်ရှိဝန်ထမ်းများဖြစ်ကြသည့် ရေယာဉ်အုပ်များ၊ ရေယာဉ်လိုက် စာရေးများ၊ စူကာနီ(ကုန်တာဝန်ခံ)များနှင့် သင်္ဘောသားအချို့တို့က ငှားရမ်းပြေးဆွဲနေသည်ဖြစ်ရာ ရေကြောင်းပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်တို့က အလေးထားစဉ်းစားပြီး အဖြေရှာစရာပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

အောင်ဝင်း(ဖျာပုံ)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း ၄-၂-၂၀၁၃(တနင်္လာနေ့)

- ၅း၀၀ "ကုသိုလ်၏တန်ဖိုး" တရားတော် (ဆရာတော်အရှင်တိက္ခသာရ)
- ၁၀း၃၅ ဖန်တီးသူ၏ ပညာစွမ်းမှသည် လှပသောဘဝများဆီသို့
- ၁၀း၅၀ ဟင်းချက်ရအောင်
- ၁၁း၅၅ တောင်ကြီးမြို့ရှိ စူဠာမုနိလောကချမ်းသာစေတီတော်သို့ ဖူးမြော်ခြင်း
- ၁၂း၃၀ အံ့ဖွယ်ထူးခြားမြေလတ်ဒေသဆီမှ ဘုရားများ
- ၂း၅၀ အဖြစ်များသော နှလုံးသွေးကြောကျဉ်းရောဂါအကြောင်း သိကောင်းစရာများ
- ၅း၂၀ Minute to Win It
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း-၉၁)
- ၇း၁၀ တိုးတက်လာသော ဆေးပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှု (ဖန်ပြွန်သန္ဓေနည်းပညာနှင့် ချက်ကြိုးသွေးသိမ်းဆည်းခြင်း ဝန်ဆောင်မှု)
- ၇း၃၀ ဗီဒီယိုပြခန်း
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၁၀)
- ၁၀း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာမှန်လျှင်"(အပိုင်း-၁၄)

The Oasis Journal
ဆိုင်ပေါ်ရောက်ပြီ
၀၉-၄၂၁၀၃၆၃၆၃
၀၉-၄၂၀၂၉၂၈၆၀
အတွဲထူးလေတဲ့ထွန်းကိုကိုနဲ့နှန်းခင်ဇေယျာ ၄က်အကောင်၁၀၀လွှတ်ခဲ့တဲ့ရိုက်ကွင်းပေါ်က ပြေတီဦး ကွမ်းယာသည်လေးဘဝကနေရွှေသူဌေးဖြစ်လာတဲ့သူ လွတ်လပ်ခြင်းအနုပညာပွဲတော်ကျင်းပပြီးစီး နှင်းဆီအဖွဲ့မှာရဲလေးမပါဝင်တော့တဲ့အပေါ်နေတိုးအမြင် လုံးချင်းဝတ္ထုထွက်တော့မယ့်ဒါရိုက်တာမောင်မျိုးမင်း အိုင်တီကမ္ဘာထဲကနန်းဆုရတီစိုး မှဆိုးမရွာရောက်ဒါရိုက်တာကြည်ဖြူသျှင် သီချင်းတိုက်ရင်းမျက်ရည်ကျနေတဲ့တင်ဇာမော် ဖေ့ဘွတ်ပေါ်ကဖရန့်ကိုသရုပ်ဆောင်အဖြစ်ကမ်းလှမ်းခဲ့တဲ့ညီမြင်းလွင် ရည်ရွယ်ချက်ကိုအကောင်အထည်ဖော်ခဲ့တဲ့ရတနာမိုင် ပြည်ပပညာရှင်များအားဖြည့်ပါဝင်မယ့်အခမ်းနားဆုံးဖက်ရှင်ပြပွဲနဲ့ Excellent Models gency

UNIQUE STAR Travels & Tours . . .
အမေရိကား ခရီးစဉ် (19Nights/20Days) April 9~28 (6,000,000)
(San Francisco, Los Angeles, Las Vegas, New York, Washington, Harrisburg, Corning, Niagara Fall) + Honolulu
ဥရောပ (၉)နိုင်ငံ + အင်္ဂလန် ခရီးစဉ် April 9~22/9~26, 11~24/11~26 (4,500,000)
(France, Italy, Switzerland, Germany, Netherland, Belgium, Austria, Liechtenstein, Vatican) + United Kingdom
ဩစတြေးလျ ခရီးစဉ် (Sydney, Blue Mountain, Mount Buller, Melbourne, Canberra) April 10~18 (3,400,000)
. ဗန်ကောက်-ပတ္တရား Every (Sat:) (550,000)
. ဖူးခက်-ဗန်ကောက် Apr: 11, 12 (800,000)
. စင်္ကာပူ+မလေး+ထိုင်း Apr: 10,12,13 (1,200,000)
. ဘာလီ+ဖူးခက်+ထိုင်း+မလေး Apr: 11, 13 (1,700,000)
. ဘာလီ+စင်္ကာပူ+မလေး Apr: 10,12 (1,700,000)
. ဟောင်ကောင်+မလေး+ထိုင်း Apr:12,13 (1,700,000)
. ဟောင်ကောင်+မကာအို Apr:10,11 (1,400,000)
. ဗီကင်း+ရှန်ဟိုင်း+ကူမင်း Apr:10,11,12,13 (1,300,000)
. ကိုရီးယားခရီးစဉ် All TG Apr:10,13 (2,000,000)
. ဂျပန်ခရီးစဉ် All TG Apr:9,10,13 (2,800,000)
(5), Asia Plaza. 391372, 391373, 708353, 705723, 09 514 8079. / 70/A, Kabaraye Pagoda Rd, Bahan. 09 7310 9133~44~55~66.

ပြည်တွင်းရေးရာ

စက်ချုပ်လုပ်သားများ ကိုယ်ပိုင်လုပ်ငန်းငယ်များ ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသော ရင်းနှီးမတည်ငွေများထုတ်ချေး

နေပြည်တော် ဖေဖော်ဝါရီ ၃

သမဝါယမစနစ်သည် ကမ္ဘာပေါ်တွင် လူသားများ၏ လိုအပ်ချက်အရ ပေါ်ပေါက်ခဲ့ရသောစနစ်ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း ၁၉၀၅ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ စိုက်ပျိုးရေးနှင့်ငွေစုငွေချေးသမဝါယမအသင်း စတင်ဖွဲ့စည်းရာမှ စတင်ပေါ်ပေါက်လာခဲ့ပါကြောင်း၊ သမဝါယမစနစ်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားအတွက် မဟုတ်ဘဲ အများပြည်သူ၏ အခက်အခဲ၊ လိုအပ်ချက် (need)အရ ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ လက်ရှိ မိမိတို့ပြည်သူများ၏ ပကတိအရှိတရားအခြေအနေနှင့် ကိုက်ညီ၍ အကျိုးရှိအောင် ကျင့်သုံးသင့်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သဖန်းကျေးရွာရှိ မျက်ရှုဇမ္ဗူဒီပကျောင်း၌ ကျင်းပသည့် သဖန်းကျေးရွာ စက်ချုပ်လုပ်ငန်း ငွေစုငွေချေးသမဝါယမအသင်း အသေးစားချေးငွေပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သဖန်းကျေးရွာအနေဖြင့် တစ်ရွာလုံးနီးပါး စက်ချုပ်လုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းရှင် ၅၀၊ စက်ချုပ်လုပ်သား ၄၀၀ ကျော်တို့ဖြင့် ဂျာကင်အမျိုးမျိုး၊ အားကစားဝတ်စုံအမျိုးမျိုး၊ ကျား/မ ဝတ်အမျိုးမျိုးနှင့် ကလေးအဝတ်အထည်အမျိုးမျိုးတို့ကို မြန်မာပြည်အနှံ့ ဖြန့်ဖြူးလျက်ရှိသည့်အပြင် တမူးမှ တစ်ဆင့် အိန္ဒိယနိုင်ငံအထိပါ တင်ပို့လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ တစ်နှစ်ထုတ်လုပ်တန်ဖိုး ငွေကျပ်သိန်း ၁၀၀၀၀ ရှိသဖြင့် အခြေခံကောင်းတစ်ခုဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သို့ပါ၍ သဖန်းကျေးရွာ စက်ချုပ်လုပ်ငန်း သမဝါယမအသင်း စက်ချုပ်လုပ်ငန်းရှင်များအတွက် လုပ်ငန်းတိုးချဲ့နိုင်ရန်နှင့် စက်ချုပ်လုပ်သားများအတွက် ကိုယ်ပိုင်လုပ်ငန်းငယ်များ ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသော ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သည်အထိ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် စတင်မတည်ပေးခြင်းဖြစ်၍ အသင်းသားပြည်သူများကလည်း လုပ်ငန်းများကို ကြိုးစားလုပ်ကိုင်ပြီး သတ်မှတ်ကာလတွင် ချေးငွေများကို မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်ကြစေလိုကြောင်း။

သမဝါယမအသင်း အသီးသီးအတွက် လိုအပ်သော အသေးစားချေးငွေများ မတည်ပေးနိုင်ရန်အတွက် အများပိုင်ငွေကြေး ကုမ္ပဏီ၊ ဗဟိုသမဝါယမအသင်း၊ သမဝါယမအသင်းအဆင့်ဆင့်၏ ရင်းနှီးငွေများ၊ နိုင်ငံတကာ အထောက်အပံ့ အကူအညီ၊ အတိုးနှုန်းသက်သာသော ချေးငွေများ ရယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မြို့နယ်များ၌ Microfinance Bank များကို ဥပဒေနှင့်အညီ ထူထောင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျေးရွာပြည်သူများ အသိပညာ ဗဟုသုတပြည့်စုံမှ ဘဝတိုးတက်မှုကို အထောက်အကူ ပြုနိုင်မည်ဖြစ်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရေး၊ ထူထောင်ထားသည့် စာကြည့်တိုက်များတွင် အမှန်တကယ် စာဖတ်ကြရေးကို တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စက်ချုပ်လုပ်ငန်းရှင်များနှင့် စက်ချုပ်လုပ်သားများအတွက် ရင်းနှီးမတည်ချေးငွေ ကျပ်သိန်း ၉၀၀ ကို ပေးအပ်ခြင်း၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီးမိသားစုက သဖန်းကျေးရွာ မျက်ရှုဇမ္ဗူဒီပကျောင်းတွင် ဆောက်လုပ်ဆဲ သစ္စမေ့ဓာတိကသိမ်တော်အတွက် ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသော အဝတ်အထည် အမျိုးမျိုး**(အပေါ်ပုံ)**၊ အသင်းသားတစ်ဦးချင်းထံ ရင်းနှီးမတည်ချေးငွေများ ထုတ်ပေးနေမှု၊ လုပ်ငန်းရှင် ဦးလှဌေးနှင့် ဒေါ်ချောချော၊ ဦးရဲထွန်း၊ ဒေါ်ဝင်းသီတာတို့၏ စက်ချုပ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ **(သတင်းစဉ်)**

လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် သုံးခွ၌ ထုတ်ပေး

သုံးခွ ဖေဖော်ဝါရီ ၃

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့တွင် တောင်သူလယ်သမားများ သားစဉ်မြေးဆက် ဘဝအာမခံချက်ရရှိစေရန် လယ်ယာမြေဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်လျှောက်ထားရန် လျှောက်လွှာပုံစံ(၁)များကို မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသန်းနိုင်နှင့် မြေစာရင်းဝန်ထမ်းအဖွဲ့များက ကျေးရွာအသီးသီးသို့ ကွင်းဆင်းကာ ရှင်းလင်းပြောကြား၍ အခမဲ့ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူတစ်ဦးချင်းစီ၏ လုပ်ကွက်ဧရိယာ မှန်ကန်တိကျစွာတိုင်းတာရေး၊ မြေကြီး၊ မြေပုံ၊ မြေစာရင်းမှန်ကန်ရေးတို့ကို သုံးခွမြို့နယ် ကျေးရွာများအတွင်း စီမံချက်ချကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဇန်နဝါရီ ၂၈ ရက်အထိ လျှောက်လွှာပေါင်း ၂၀၀၀ ကျော်ကို လက်ခံရရှိပြီးဖြစ်သည်။ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်များရရန် ဇန်နဝါရီလမှ မတ်လကုန်အထိ သုံးလအတွင်း အပြီးပြုလုပ်ပေးသွားမည်ဟု သိရသည်။ သုံးခွမြို့တွင် ရပ်ကွက်နှင့် ကျေးရွာပေါင်း ၆၅ အုပ်စု၌ တောင်သူလုပ်ကွက်ပေါင်း ၃၄၁၈၀ ရှိသည်ဟု သိရသည်။

တောင်သူလယ်သမားများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိပြီးပါက သတ်မှတ်စည်းကမ်းချက်နှင့်အညီ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်ပေးကမ်းခွင့်များ၊ အမွေဆက်ခံခြင်းများ ရရှိခံစားရမည်ဖြစ်သည်။ **(ကျော်ဆန်း)**

အရှေ့ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ရခိုင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြဝတီမြို့တွင် သုည ဒသမ ၂၀ လက်မနှင့် ကျိုင်းတုံမြို့တွင် သုည ဒသမ ၁၂ လက်မတို့ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ပုသိမ်မြို့၌ ပန်းတော်ဆက်ပွဲတော်ကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၃

ပုသိမ်မြို့ အမှတ်(၂)နယ်မြေ ယိုးဒယားကုန်းတောင်ပေါ်ရှိ ဆရာသခင်၊ ရာမ၊ လက္ခဏ၊ သီတာဒေဝီ မင်းလေးပါးနန်းဆောင်ပြာသာဒ်၌ ဖေဖော်ဝါရီ ၂ ရက်က ပန်းတော်ဆက်ပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲကျင်းပကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

အဆိုပါပွဲတော်မှာ အလောင်းဘုရားဦးအောင်ဇေယျလက်ထက်က စစ်သုံ့ပန်းများကို ပုသိမ်မြို့ ယခု ယိုးဒယားကုန်းအရပ်၌ နေထိုင်စေပြီး ၎င်းတို့ရိုးရာဓလေ့အတိုင်း ဆရာသခင်၊ ရာမ၊ လက္ခဏ၊ သီတာဒေဝီ မင်းလေးပါးတို့အား ချိုချဉ်သစ်သီး၊ အမွှေးနံ့သာ၊ ပန်းပေါင်းစုံလင်စွာဖြင့် ပန်းတော်ဆက်ပွဲတော် ကျင်းပခွင့်ပြုပေးထားသည်ဟု ဆိုသည်။

ထိုမှအစပြု၍ ပုသိမ်မြို့ ယိုးဒယားကုန်းတောင်တော်ပေါ်၌ နှစ်စဉ်ပြာသိုလရောက်ရှိသည့်အခါတိုင်း ပန်းတော်ဆက်ပွဲတော်ကို ရာမဇာတ်တော်ကြီးဖြင့် သရုပ်ဖော် ကပြပြီး အခမ်းအနားဖွင့်လှစ်၍ ခုနစ်ရက်တိုင်တိုင် ပန်းတော်ဆက်ပွဲကျင်းပကြောင်း ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဝင်း၊ အတွင်းရေးမှူး ဦးကျော်စွာမြင့်တို့က ရှင်းလင်းပြောကြားသည်။ အဆိုပါပွဲတော်ရက်တွင် အမြို့မြို့အနယ်နယ်မှ အမျိုးသမီးအများစုသည် အိမ်ထောင်ရေးခိုင်မြဲအောင် ချစ်ဦးသူနှင့်ပေါင်းဆုံနိုင်ရန် သစ္စာတိုင်၍ ပန်းတော်ဆက်လာကြသည်မှာ ကြက်ပျံမကျ စည်ကားလှသည်။ ပန်းကုန်သည်များ၊ ခရီးသွားလုပ်ငန်းများ၊ အထူးအောင်မြင်ဖြစ်ထွန်းသော ပွဲတော်ဖြစ်ကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**

အောင်သျှံဝိုင်း(ကျိုက်မရော)စီစဉ်သည်
အနုပညာဂျာနယ်
● ဒီလိုစိတ်ဓာတ်ရှိသူက ဂီတမှာအမှုဆောင်ဖြစ်နေတာ အံ့ဩတယ်
● မြို့နယ်သဘင်အစည်းအရုံးရွေးချယ်ပွဲများမကျေနပ်သူများပြား
● ဗီဒီယိုထုတ်လုပ်သူများကလည်းရွေးချယ်ပွဲကိုမကျေနပ်လွှတ်တော်တိုင်
● ဆောင်းဦးလှိုင်၊ စည်သူလွင်တို့ပြောတဲ့ အဆိုပြိုင်ပွဲမှုပါဖောမန့်ကိစ္စ
● မောင့်မူပိုင်ရှင်သီချင်းက မြန်မာသံသီချင်းတဲ့လားကွယ်
● အဆိုတော်မာမာအေးကို ဂီတစုန်းမ ဘွဲ့အပ်နှင်းကြသူများ
● သရုပ်ဆောင်ကြေး(၅၅)သိန်းအကြေတောင်းယူပြီးရိုက်ကွင်းရောက်မလာတဲ့ မင်းသား၊ ရုပ်ရှင်လောကတိုးတက်ဦးမတဲ့လား
● ချစ်သူများနေ့အတွက် တင်ဇာမော်ရောက်လာပြန်ပါရောလား
● ဆိုကရေးတီးဆုရသူတွေကို နိုင်ငံတော်ကပစ်ထားပါသလား
● ဇာတ်ညွှန်းအပီအပြင်ရေးတဲ့ဇာတ်ကားမှာရိုက်ညွှန်းဆိုတာရှိသင့်လား
● အနီးကပ်ပြီး ကိုယ့်လူတွေနဲ့ကိုယ်ကျင်းပနေကြတဲ့ ရွေးချယ်ပွဲများ
● လူငယ်တွေရဲ့ ငါ့မနက်ဖြန်များ သီချင်းခွေကိုဝေဖန်ပါပြီ
● နိုင်ငံရေးသီချင်းတွေဆိုလိုက်၊ ငပွေးသီချင်းတွေဆိုလိုက်
● ဆောင်းဝင်းလတ်၊ ဒေါက်တာငွေစိုး၊ မောင်ကျော်ဇော ဒေါက်တာခင်မောင်ညို၊ မေ့ာ်ဝန်းကြည်မြတ်ရသမျိုးစုံ
ထွက်ပြီ

တရုတ်ငါးဖမ်းသင်္ဘောနှင့် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ သင်္ဘောများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်ငါးဖမ်းသင်္ဘောရေယာဉ်မှူး ဂျပန်ဖမ်းဆီး

တိုကျို ဖေဖော်ဝါရီ ၃

နှစ်နိုင်ငံအကြား နယ်မြေပိုင်ဆိုင်ရေးဆိုင်ရာ အငြင်းပွားမှုအခြေအနေ ပိုမိုဆိုးရွားလာစဉ်မှာ ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ၎င်းတို့၏သီးသန့်စီးပွားရေးဇုန်အတွင်း ဝင်ရောက်ငါးဖမ်းဆီးသည်ဟု သံသယရှိသော တရုတ်ငါးဖမ်းသင်္ဘော၏ ရေယာဉ်မှူးကို စနေနေ့က ဖမ်းဆီးခဲ့သည်။

အိုကီနာဝါကျွန်းစုတွင်ပါဝင်သော မီယာကိုကျွန်း၏ အရှေ့မြောက်ဘက် ၂၈မိုင်ခန့်အကွာရေပြင်၌ ကင်းလှည့်နေသော ကမ်းခြေစောင့်သင်္ဘောမှ သင်္ဘောသား ၁၃ဦးလိုက်ပါလာသည့် တရုတ်ငါးဖမ်းသင်္ဘောကို ရပ်တန့်စေခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

ဂျပန်အာဏာပိုင်များ၏ ခွင့်ပြုချက်မရရှိဘဲ သီးသန့်စီးပွားရေးရေပိုင်နက်အတွင်း ငါးဖမ်းဆီးသည်ဟု သံသယရှိသည့်အတွက် သင်္ဘောရေယာဉ်မှူးကို ဖမ်းဆီးခဲ့ကြောင်း၊ သင်္ဘောသားများအားလုံးသည် ၎င်းတို့ကိုယ်၎င်းတို့ တရုတ်နိုင်ငံသားများဟုဆိုကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း ကြေညာနေသည့် တိုကျို၏အုပ်ချုပ်မှုအောက်ရှိ ရှင်ကာကူကျွန်းများ ပိုင်ဆိုင်ခြင်းနှင့်ပတ်သက်၍ အငြင်းပွားမှုတအုံနွေးနွေးဖြစ်နေချိန်တွင် ဤသို့သောပြဿနာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

မီယာကိုကျွန်းသည် အကြီးဆုံး ရှင်ကာကူကျွန်းမှ မိုင် ၁၃၀ခန့်အကွာတွင် တည်ရှိသည်။

အဆိုပါဖမ်းဆီးမှုဖြစ်ပွားသောနေ့မှာပင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အရှေ့တရုတ်ပင်လယ်အတွင်း အငြင်းပွားလျက်ရှိသည့် ကျွန်းများအနီး အိုကီနာဝါတောင်ပိုင်းဒေသသို့ ခရီးလှည့်လျက်ရှိပြီး ရန်စမှုအန္တရာယ်မှ ဂျပန်နိုင်ငံကို ကာကွယ်သွားမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်နိုင်ငံတွင် လမ်းဘေးဗုံးပေါက်ကွဲ၊ အရပ်သားငါးဦးသေဆုံး

လက်ရှကာဂါ့ခ်ျ ဖေဖော်ဝါရီ ၃

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးတောင်ဘက်မှ ၅၅၅ကီလိုမီတာကွာဝေးသော ဟဲလ်မန့်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂ရက် ညနေပိုင်းက လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲရာ အရပ်သားငါးဦးသေဆုံးကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၃ရက်သတင်းတွင် ဖော်ပြသည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် ဟဲလ်မန့်ပြည်နယ် ခန်းရှင်းခရိုင်၌ ဖြစ်ပွားရာ အမျိုးသားတစ်ဦး၊ ၎င်း၏ဇနီးနှင့် ကလေးနှစ်ဦး၊ ယာဉ်မောင်းတို့ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ရှတ်မာမွတ်မီရာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းဗုံးဖောက်ခွဲမှုလုပ်ရပ်သည် အာဖဂန်တာဝန်ရှိပုဂ္ဂိုလ်များအား တာလီဘန်စစ်သွေးကြွများ၏ ဆန့်ကျင်တိုက်ခိုက်မှုဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သို့ရာတွင် တာလီဘန်စစ်သွေးကြွများဘက်မှမူ ထင်မြင်ချက် တစ်စုံတစ်ရာမပေးချေ။ **ဆင်ဟွာ။**

ဟားဗတ်တက္ကသိုလ်တွင်ခိုးချသော ကျောင်းသားများကို အရေးယူ

ဝါရှင်တန် ဖေဖော်ဝါရီ ၃

အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်တွင် နောက်ဆုံးနှစ်စာမေးပွဲ၌ မသမာသောနည်းလမ်းသုံး၍ ဖြေဆိုခဲ့ကြသည့် ဒါဇင်နှင့်ချီသော ကျောင်းသားများကို ပညာရေးဆိုင်ရာ အရေးယူမှုများပြုလုပ်ခဲ့ကြောင်း ဌာနမှူးတစ်ဦးက ကျောင်းသားများထံသို့ အီးမေးလ်ပို့ခဲ့ကြောင်း စနေနေ့ ဘီဘီစီသတင်း၌ ဖော်ပြသည်။

စုံစမ်းစစ်ဆေးမှု ခံယူနေကြရသော ကျောင်းသား ၁၂၅ဦး၏ထက်ဝက်ကျော်ကို အချိန်အတိုင်းအတာတစ်ခုအထိ တက္ကသိုလ်မှ ထွက်ခိုင်းထားပြီး အခြားကျောင်းသားများမှာ ခံဝန်ဖြင့်နေစေသည်ဟုဆိုသည်။

ဘွဲ့ကြိုနိုင်ငံရေးသိပ္ပံဘာသာရပ်အတွက် သုတေသန စာတမ်းငယ်တစ်ခုကို ရေးသားဖြေဆိုကြရာတွင် စာတမ်းများမှာ ၏-သည်-မရွေး တူညီနေသည်ကို နည်းပြဆရာတစ်ဦးက သတိထားမိရာမှ စုံစမ်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**

အမေရိကန်စစ်သင်္ဘောများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပူးတွဲရေတပ် စစ်ရေးလေ့ကျင့်မည်

ဆိုးလ် ဖေဖော်ဝါရီ ၃

တောင်ကိုရီးယားနှင့်အမေရိကန်တို့သည် လာမည့်ရက်သတ္တပတ်တွင် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်မည်ဖြစ်ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဖေဖော်ဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၄ ရက်တွင် စတင်မည့် သုံးရက်ကြာ စစ်ရေးလေ့ကျင့်မှု၌ အမေရိကန်နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းနှင့် စစ်သင်္ဘောများပါဝင်လေ့ကျင့်ကြမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သော ပိုဟန်မြို့ ကမ်းလွန်ဂျပန်ပင်လယ်အတွင်း စစ်ရေးလေ့ကျင့်ကြမည်ဖြစ်သည်။

ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ တိုက်လေယာဉ်တိုက်ဖျက်ရေးနှင့် ပင်လယ်ရေကြောင်း မဟာဗျူဟာများနှင့်ပတ်သက်၍ လေ့ကျင့်မည်ဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများမြင့်တက်နေချိန်တွင် တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပူးတွဲစစ်ရေးလေ့ကျင့်ရန် စီစဉ်ခြင်း ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် ကုလသမဂ္ဂ၏အရေးယူဒဏ်ခတ်မှုကိုတုံ့ပြန်လျက် တတိယအကြိမ်နျူကလီးယားစမ်းသပ်မှုပြုလုပ်မည်ဟု ခြိမ်းခြောက်ထားရာ ဒေသတွင်း၌ တင်းမာမှုများ ပေါ်ပေါက်လာရသည်။ **ဆင်ဟွာ။**

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ်တွင် ဗုံးပေါက်ကွဲ၍ အပျက်အစီးများကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သင့် ကျန်းမာရေးအတွက် မဖြစ်သင့်တာ မဖြစ်ရလေအောင် -
Good Health ဂျာနယ်က တာဝန်ယူပါတယ်။
သားကြောဖြတ်ခြင်းနှင့် ရာသီသွေးပေါ်ခြင်း၊ ဝမ္ဘတာ ပုံမမှန်ဖြစ်ရသည်မှာ၊ အိပ်ရာထတိုင်း ဇက်ကြောနာနေလျှင်၊ အမျိုးသမီးတို့ သိသင့်သော ကင်ဆာလက္ခဏာများ၊ အရေပြားနီမြန်းနေသလား၊ ဝမ်းပိုက်ချပ်ရပ်စေသည့် အပြုအမူများ၊ ဟန်သီ၏ ကျန်းမာရေးနှင့် အလှအပ၊ အိန်ဂျလီနာဂျိုလီ ဆွဲဆောင်မှုရှိရှိ လှရခြင်း လျှို့ဝှက်ချက်၊ Love & Sex 3၊ မွေးကင်းစကလေးများ မသေကြစေရန်၊ သွေးတိုးနှင့် သွေးကျဆေးသောက်ခြင်း၊ ချဉ်ပေါင်ဖူး အစွမ်း၊ နားနှင့် မူးဝေခြင်း၊ အူရောင်နေချိန် သတိထားသင့်သောအစာ၊ နာကျင်မှုသက်သာစေမည့် လေ့ကျင့်ခန်း၊ ဆံသားနူးညံ့လှပစေမည့် နည်းများ၊ ပန်းရောင်နှုတ်ခမ်းဖြစ်လိုလျှင်၊ မျက်စဉ်းဆေးနှင့် အတွင်းတိမ်၊ မျိုးအောင်မှုကို ဟန့်တားသောအစာ အပါအဝင်..

TRAVEL ZONE (ခရီးရုံ)
Travel Zone
အိန္ဒိယ ဘုရားဖူးခရီးစဉ်များ
အိန္ဒိယ + သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန
နယူးဒေလီ + တပ်ချ်မဟာ (၁၄/၁၅)ရက် } (၉)သိန်း စရိတ်ငြိမ်း
ခရီးစဉ်တိုင်းတွင် လူဦးရေ ကန့်သတ်ထားသောကြောင့် သက်တောင့်သက်သာစိတ်အေးချမ်းစွာ ဘုရားဖူးနိုင်ပါသည်။
(ဖေဖော်ဝါရီ ၂၅၊ မတ် ၂၅ နှင့် လစဉ် လတိုင်းခရီးစဉ် ရှိပါသည်)
နိုင်ငံကူးလက်မှတ်မရှိသေးသူများတစ်လကြိုတင်၍ စာရင်းသွင်းရပါမည်။
နိုင်ငံကူးလက်မှတ်သက်တမ်း (6)လရှိသူများ (40,000) လျှော့ပေးပါမည်။
(၁၆)ဦး (၁)ဦးအခမဲ့၊ (၁၀)ဦး (၅၀%)၊ (၅)ဦး (၁၅%)လျှော့ပေးသည်။ နယ်မှလာသော ဘုရားဖူးများအတွက် တည်းခိုရန် အဆင့်မြင့်ဟွန်ဒိုတိုက်ခန်းများတွင် အခမဲ့စီစဉ်ပေးပါသည်။
အမှတ် (၂)၊ (၉)လွှာ၊ အခန်း (9/A)၊ စံကားဝါကွန်ဒို၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်။
PH:01- 548473,01-8603754,09 -73119243,09 -5403143,09 -5145812,09 -5185283
မန္တလေးရုံး - ၀၉ - ၄၀၂၇၀၀၈၉၇၊ မုံရွာရုံး - ၀၉ - ၆၄၅၁၄၀၁၊ ၀၉ - ၆၄၅ ၁၀၁၄

NEW MOTION Travels & Tours
ရွှေလျှားသစ်လွင် ခရီးစဉ်
"အနားယူအပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်"
✡ ပုဂံခရီးစဉ် - Feb; 8, 22
✡ အလောင်းတော်ကဿပ - Feb; 8, 22 ✡ တောင်ကြီး - Feb; 22
✡ ရွှေစက်တော် - Feb; 15, 22 ✡ မော်လမြိုင် - Feb; 22
အမှတ် (၁၆) ၊ ကျွန်းတောလမ်း ၊ စမ်းချောင်းမြို့နယ် ။
527 922, 538 811, 09-731 48922, 09-731 48848

အခွင့်အလမ်း ဂျာနယ်
The Opportunity Journal
ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ကြော်ငြာများ
တစ်စောင်တည်းနှင့်အစုံလင်ဆုံးဂျာနယ်
ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ စာရင်းကိုင်၊
Air Con ပြင်၊ စက်ချုပ်၊ ယာဉ်မောင်းသင် စသော သင်တန်းများ
အခမဲ့ တက်ရောက်ခွင့် ရရှိနိုင်မည့်
အခွင့်အရေးများနှင့်အတူ...
အင်္ဂါနေ့တိုင်းထွက်ပြီ
အမှတ်(၁၁၆)၊ ပထမထပ်၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း ၀၉-၇၃၂၅၅၇၄၂၊ ၀၉-၇၃၂၀၁၂၀၈၊ ၀၁-၂၄၅၇၅၄။

ပြည်တွင်း၊ ပြည်ပရေးရာ

ဖတ်ရှုဖွယ်ရာ နိုင်ငံတကာသတင်းအတိုအထွာ — ဟိန်းထက်

(၄၂) ကြိမ်မြောက် ကမ္ဘာ့ငွေကြေးပြပွဲ ဘာလင်၌ကျင်းပ

ဂျာမနီနိုင်ငံ ဘာလင်မြို့ အက်စ်ထရယ်လ်ကွန်ဗင်းရှင်းစင်တာ၌ နှစ်စဉ်ကျင်းပလျက်ရှိသော ကမ္ဘာ့ငွေကြေးပြပွဲ၏ (၄၂)ကြိမ်မြောက်ပြပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ ပြသလျက်ရှိရာ ငွေဒင်္ဂါး စုဆောင်းသူများနှင့် ရှေးဟောင်းအသပြာများ ရယူလိုသူအများအပြား တက်ရောက်ခဲ့ကြသည်။ အဆိုပါ ငွေကြေးပြပွဲတွင် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများတွင် အသုံးပြုသည့် ငွေကြေးများကို ပြသထားခြင်းဖြစ်ပြီး နိုင်ငံတကာရှိ ဘဏ်များနှင့် ယခင်အသုံးပြုခဲ့သည့် ဒင်္ဂါးပြားများကို ရောင်းချလိုသူများ ပါဝင်ခင်းကျင်းပြသခဲ့သည်။ ယင်းသို့ပါဝင်ခင်းကျင်းပြသခဲ့သည့် နိုင်ငံများအနက် ယခင်အသုံးပြုခဲ့သည့် ငွေကြေးများကို ခင်းကျင်းပြသသူများအဖြစ် ဂျာမနီ၊ ဩစတြေးလျ၊ တရုတ်၊ ဗာတီကန်၊ ရုရှားတို့ ပါဝင်ခဲ့ကြသည်။

— — — — —

ရေခွန်ပိုကောက်မိ၍ ပြန်ပေးရန် အီတလီအစိုးရ ပြင်ဆင်

ရေအသုံးပြုခ အခွန်အကောက်ပိုမိုကောက်ခံမိသဖြင့် ယင်းသို့သော ပိုငွေများကို ပြည်သူများအား ပြန်လည်ပေးအပ်ရန် အီတလီအစိုးရက ပြင်ဆင်နေကြောင်း အစိုးရတာဝန်ရှိသူများက ဆိုသည်။ အုပ်ချုပ်မှုဆိုင်ရာ တရားရုံးတစ်ခုက အစိုးရနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် ပြည်နယ်စွမ်းအင်ကဏ္ဍ တာဝန်ရှိသူများအနေဖြင့် ၂၀၁၁ ခုနှစ် ဇူလိုင် ၂၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ကောက်ခံခဲ့သော ရေခွန်များကိုပြည်သူများသို့ ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အီတလီသတင်းဌာနတစ်ခုက ဆိုသည်။

— — — — —

ကမ္ဘာ့ကားဈေးကွက် နံပါတ်တစ်နေရာ တိုယိုတာပြန်လည်ရပ်တည်

ဂျပန်ကားထုတ်လုပ်သည့်ကုမ္ပဏီ Toyota Motor သည် ယမန်နှစ်အတွင်းက မော်တော်ကားစီးရေ ၉ ဒသမ ၇၅ မီလီယံ ရောင်းချနိုင်ခဲ့သဖြင့် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကမ္ဘာ့ကားဈေးကွက် နံပါတ်တစ်နေရာသို့ တရားဝင်ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ တိုယိုတာကုမ္ပဏီ၏ အဆိုအရ ၎င်းတို့ထုတ်လုပ်ခဲ့သည့် Lexus၊ Scion ၊Hino နှင့် Daihatsu အမျိုးအစားကားများရောင်းချမှုမှာ ၂၀၁၂ ခုနှစ်အတွင်း ၂၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းက ယင်းသို့ နံပါတ်တစ်နေရာကို ရယူနိုင်စေခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။ ၂၀၁၁ ခုနှစ်အတွင်းက ဂျပန်နိုင်ငံတွင် သဘာဝဘေးများကျရောက်ခဲ့မှုကြောင့် ကားထုတ်လုပ်သည့်လုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပြီး ထုတ်လုပ်ရောင်းချမှုကျဆင်းခဲ့ကာ ကမ္ဘာ့ကားဈေးကွက်အဆင့် ၃နေရာသို့ ရောက်ရှိခဲ့ရသည်။

— — — — —

လေကြောင်းပြောင်းလဲမှုက ပင်လယ်ပျော်ငှက်များကို ပိုမိုသေစေနိုင်

လေတိုက်ခတ်မှုလမ်းကြောင်းများ ပြောင်းလဲမှုကြောင့် အင်္ဂလန်တောင်ပိုင်းရှိဒေသများတွင် နေထိုင်ကျက်စားသော ပင်လယ်ပျော်ငှက်များကို ပိုမိုသေစေနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ရေးရာ ကျွမ်းကျင်သူများက လေ့လာသုံးသပ်ခဲ့ကြသည်။ တောင်မှအနောက်သို့ တိုက်ခတ်နေသည့် လေတွင် ပင်လယ်ပျော်ငှက်ထောင်ပေါင်းများစွာ ပါဝင်လာခဲ့ပြီး Cornwall နှင့် West Sussex ကျွန်းစုနိုင်ငံများအကြား ပြုတ်ကျသေဆုံးခဲ့ကြရကြောင်း ဆိုသည်။ ယင်းသို့ ငှက်များထောင်နှင့်ချီ၍ သေဆုံးရမှု၏ ကွင်းဆက်ကို ဖော်ထုတ်ခဲ့ရာ လေကြောင်းတိုက်ခတ်မှုမှာ ပုံမှန်မဟုတ်ဘဲ ပြောင်းလဲသွားမှုကြောင့် ငှက်များ မှာ ကောင်းကင်ယံထက်ပျံဝဲနေခိုက် အအေးဒဏ်ကို ဆိုးရွားစွာ ခံစားခဲ့ရကာ ပျံသန်းနိုင်ခြင်းမရှိတော့ဘဲ လေအဟုန်နှင့်အတူ မျောပါ သေဆုံးခဲ့ရခြင်း ဖြစ်သည်ဟု ဆိုသည်။

မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၃

ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း သွားရောက်ပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံမည့် ကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ မူလတန်းလွန်ကျောင်း စန္ဒာဆောင် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ **(ယာပုံ)** ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်အား တာဝန်ယူတည်ဆောက်ခဲ့သည့် မဥ္ဇူသာ ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက ကျောင်းဆောင်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပန်းဖွားအကအဖွဲ့၊ တိုင်းရင်းသား ရိုးရာအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြစ်ကြီးနားလေဆိပ်ခရီးသည် နားနေဆောင်နှင့် လေယာဉ်ပြေးလမ်းတိုးချဲ့ ကတ္တရာညှိလွှာတင်ခြင်းလုပ်ငန်းများနှင့် အောင်နန်းရပ်ကွက်ရှိ ကုန်သွယ်လယ်ယာဂိုဒေါင်၌ ဆန်၊ဆား၊ ကြက်သွန်နီများ သိုလှောင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာခြင်းလုံး အောင်မြင်မှုရရှိရေး ပဏာမလက်ရွေးစင်များ ရွေးချယ်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့ရိုးရာခြင်းလုံးအောင်မြင်မှုရရှိရေးအတွက် မြန်မာ့ရိုးရာခြင်းလုံးပဏာမလက်ရွေးစင်ရွေးချယ်ပွဲကို မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖိတ်ခေါ်ကျင်းပခဲ့ရာ ရလဒ်အဖြစ် အမျိုးသား ၂၅ ဦးနှင့် အမျိုးသမီး ၂၅ ဦးတို့ကို ရွေးချယ်နိုင်ခဲ့ကြောင်း ယင်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးက ပြောသည်။

ယခုရွေးချယ်လိုက်သည့် ပဏာမလက်ရွေးစင်များထဲမှ ထပ်မံ၍ ဆန်ခါတင်ရွေးချယ်သွားရန်လည်းရှိကြောင်း၊ လက်ရွေးစင်အဖြစ် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၆ ဦးတို့ကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာခြင်းလုံး ပြိုင်ပွဲအမျိုးအစားရှစ်မျိုး ယှဉ်ပြိုင်ရမှာဖြစ်ပြီး အမျိုးသားလေးမျိုး၊ အမျိုးသမီး လေးမျိုး ဖြစ်ပါတယ်။ အခု ပဏာမရွေးချယ်ပွဲပြီးတဲ့နောက် စခန်းသွင်းပြီး အပြင်းအထန်လေ့ကျင့်သွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင်ကပြောသည်။

ယခု ရွေးချယ်ပွဲသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပသည့် လူရွေးချယ်ပွဲဖြစ်ပြီး အမျိုးသား ၅၅ ဦးနှင့် အမျိုးသမီး ၃၁ ဦးတို့ ဝင်ရောက်အရွေးချယ်ခံခဲ့ကြောင်း သိရ သည်။

လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲသို့ နိုင်ငံခုနစ်နိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်မည့် ခုနစ်နိုင်ငံမှာ စင်ကာပူ၊ မလေးရှား၊ ဘရူနိုင်း၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်သည်။

အောင်ကျော်ဦး(ကြေးမုံ)

လင်ချန်းဒုတိယမြို့တော်ဝန် မစ္စတာ ကျောက်ကျိုကျယ်နှင့်အဖွဲ့ လားရှိုးမြို့သို့ လာရောက်လေ့လာ

လားရှိုး ဖေဖော်ဝါရီ ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အတွင်းရှိ လင်ချန်းခရိုင် လင်ချန်းဒုတိယမြို့တော်ဝန် မစ္စတာ ကျောက်ကျိုကျယ်ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့သို့ အဖွဲ့ဝင် ၆၅ ဦးနှင့် ရောက်ရှိလာပြီး နှစ်နိုင်ငံချစ်ကြည်ရေး၊ ယဉ်ကျေးမှုခိုင်မာစေရေး ၊လင်ချန်းခရိုင်နှင့် လားရှိုးခရိုင် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာလာစေရေးတို့အတွက် အစိုးရအဖွဲ့နှင့် လားရှိုးမြို့ပေါ်ရှိ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကွန်ပျူတာ ၁၀ လုံး လှူဒါန်းခဲ့ကြောင်း သိရသည်။

ညပိုင်းတွင် လားရှိုးဘူတာသို့ သွားရောက်လေ့လာခဲ့ပြီး ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ ထွက်ခွာသွားကြောင်း သိရသည်။

မမ(လားရှိုး)

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းများနှင့် ရောင်း/ဝယ်/ပေါင်နှံလိုသူများ လက်ကိုင်ထားရမည့်
အကျိုးရှိအောင် အကျိုးဆောင် ဂျာနယ်ကိုဖတ်လိုက်ပါ .....
City Mart များတွင်လည်း ရရှိနိုင်ပါသည်။
Ph : 01-387127, 375537
(အသုံးမလိုပိုလျှံပစ္စည်း၊ အခမဲ့ကြော်ငြာကဏ္ဍပါသည်)
ဖေဖော်ဝါရီလ (၄) ရက်၊ တနင်္လာနေ့
- BB တက္ကစီလိုင်စင်များ စတင်ချထားပေးမည်
- ပုဇွန်တောင်၊ ရေကျော်ဈေးကို အဆင့်မြင့်ဈေးအဖြစ် ပြန်လည်တည်ဆောက်မည်
- မဲဆောက်အထူးစီပွားရေးဇုန် တည်ထောင်ရန် ထိုင်းအစိုးရ အတည်ပြုလိုက်ပြီ
- မလေးရှားကုမ္ပဏီနှင့် မန္တလေးစည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ရောဝတီမြစ်ကမ်းတွင် နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းတည်ဆောက်မည်
- အွန်လိုင်းမှတစ်ဆင့် မြေဂရမ်အသစ်များ လျှောက်ထားနိုင်မည်
- အခုဆောက်နေတဲ့ အိမ်လေးက စိတ်ကူးထဲကပုံစံနဲ့ တစ်ထပ်တည်းနီးပါးကျပါတယ် . . . ဆိုတဲ့ ဖြိုးသီရိခေတ် . . . အပါအဝင် ပါနေကျကဏ္ဍများစွာဖြင့်
ထွက်ပြီ

ရေအရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

အငြိမ်းစားပါမောက္ခချုပ်
ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)

"ကမ္ဘာ့ရေနေ့" World Water Day အထိမ်းအမှတ် အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ၁၉၉၃ ခုနှစ်မှ စတင်၍ ကမ္ဘာ့နိုင်ငံအများအပြား၌ နှစ်စဉ် မတ်လ ၂၂ ရက်တွင် ကျင်းပခဲ့ကြပါသည်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၁၃ ခုနှစ်ကို **"International Year of Water Cooperation" "ရေအရေး ပူးပေါင်းဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာနှစ်"** အဖြစ် တညီတညွတ်တည်း သတ်မှတ်ခဲ့ပါသည်။ **"UN - Water "- "ကုလသမဂ္ဂရေအရေးဆိုင်ရာအဖွဲ့"** က ၂၀၁၃ ခုနှစ် ကမ္ဘာ့ရေနေ့၏အာဘော် (Theme) ကိုလည်း **"Water Cooperation"- "ရေအရေး- ပူးပေါင်းပါဝင်ဆောင်ရွက်ပေး"** ဟုပင် ရည်ညွှန်းရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။ **Water Cooperation** ကို မြန်မာဘာသာဖြင့် **"ရေအရေး- ပူးပေါင်းပါဝင်ဆောင်ရွက်ပေး"**ဟု ခေါ်ဆိုပါက ဆီလျော်မည်ထင်ပါသည်။

ကုလသမဂ္ဂအရေးဆိုင်ရာအဖွဲ့က ယူနက်စကိုအဖွဲ့ (The United Nations Educational, Scientific and Cultural Organization- UNESCO) အား"ရေအရေးပူးပေါင်းဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာနှစ်" နှင့် "ကမ္ဘာ့ရေနေ့"များနှင့် သက်ဆိုင်သည့် လှုပ်ရှားမှုများကို ဦးစီးဦးဆောင်ပြုရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ယူနက်စကိုအဖွဲ့သည် United Nations Economic Commission for Europe (UNECE) -ကုလသမဂ္ဂဥရောပ စီးပွားရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပြီး United Nations Department of Economics and Social Affairs (UNDESA)- ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးဌာန၊ United Nations Water- Decade Program on Capacity Development (UNW-DPC) ကုလသမဂ္ဂ ရေအရေးဆိုင်ရာ စွမ်းဆောင်မှုဖွံ့ဖြိုးရေး ဆယ်စုနှစ်အစီအစဉ်နှင့် United Nations Water -Decade Program on Advocacy and Communication (UNW- DPAC) - ကုလသမဂ္ဂ ရေအရေးဆိုင်ရာတရားရေးနှင့် ဆက်သွယ်ရေး ဆယ်စုနှစ်အစီအစဉ်များ၏ ပံ့ပိုးမှုများကိုပါ ရယူမည် ဖြစ်ပါသည်။

နယ်သာလန်နိုင်ငံက "ရေအရေး ပူးပေါင်းဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာနှစ်" အခမ်းအနားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးလိုကြောင်း လိုလားစွာ ကမ်းလှမ်းခဲ့ပါသည်။ **"ရေအရေး ပူးပေါင်းဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာနှစ်"** နှင့် **"ကမ္ဘာ့ရေနေ့"** လှုပ်ရှားမှုများသည် အဖွဲ့အစည်းပေါင်းစုံအား ရေအရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် ထူးခြားသည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ လူသားအားလုံးအတွက် အရေးကြီးဆုံး၊ အလိုအပ်ဆုံး အရာသည် သန့်ရှင်းသော သောက်သုံးရေဖြစ်ပါသည်။ လူတိုင်းလူတိုင်း နေ့စဉ်နေ့တိုင်း နံနက်အိပ်ရာထသည်မှစ၍ အိပ်ရာဝင်သည်အထိ ရေကို မရှိမဖြစ် သုံးစွဲရပါသည်။ ရေသောက်၊ မျက်နှာသစ်၊ သွားတိုက်၊ သန့်စင်ခန်းဝင်၊ ရေချိုး၊ ထမင်းဟင်းချက်ပြုတ်၊ အိုးခွက်ပန်းကန်ဆေး၊ အဝတ်လျှော်၊ ပန်းပင် သစ်ပင်များ၊ မြက်ခင်းများ ရေလောင်း၊ မော်တော်ကားရေဆေး စသည့် အမှုကိစ္စအဝဝတို့အတွက် မိမိတို့ကိုယ်တိုင် တိုက်ရိုက်သုံးစွဲသည့် (Direct Use) ရေများရှိသကဲ့သို့ စားသုံးသည့် ဆန်၊ ဆီ၊ ပဲ၊ ဟင်းသီးဟင်းရွက်၊ သီးနှံ၊ သားငါး စသည့် စားသောက်ဖွယ်ရာများ စိုက်ပျိုးမွေးမြူထုတ်လုပ်ရန်၊ အဝတ်အထည်များအတွက် အမျှင်ပင်များ စိုက်ပျိုးရန်၊ အဝတ်စများရက်လုပ်ရန်၊ အိမ်ရာ အဆောက်အအုံများ ဆောက်လုပ်ရန်၊ ဆေးဝါးနှင့် အခြားလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရန် သွယ်ဝိုက်၍ကုန်ကျသည့် (Indirect Use) ရေများလည်း ရှိပါသည်။

ဤသို့ သုံးစွဲရသည့် ရေများအနက် လူတို့သောက်သုံးသည့် ရေ၊ ထမင်းဟင်းချက်ပြုတ်သည့် ရေ၊ အဝတ်လျှော်သည့်ရေနှင့် ချိုးရေများသည် သန့်ရှင်းသည့် ရေ၊ တစ်နည်းအားဖြင့် ဘေးကင်းသည့်ရေ (Safe Water) ဖြစ်ဖို့ လိုအပ်ပါသည်။ လူဦးရေ သန်းတစ်ထောင်ကျော် (ကမ္ဘာ့လူဦးရေ၏ ငါးပုံတစ်ပုံနီးပါး)သည် ဘေးကင်းသော သောက်ရေ (Safe Drinking Water) ကို လုံလောက်စွာ မရရှိကြကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်း ခန့်သည်လည်း ကျန်းမာရေးနှင့် ညီညွတ်သော အိမ်သာစနစ်/မိလ္လာစနစ် (Basic Sanitation) မရရှိကြကြောင်း၊ ကမ္ဘာ့ရေပြဿနာ (Water Crisis) သည် သေဆုံးမှုနှင့် ရောဂါဘယဖြစ်ပွားမှုများအတွက် အဓိကကျသည့် နေရာတွင်ရှိကြောင်း၊ သန့်ရှင်းသော သောက်ရေမရရှိမှု၊ ရေလုံလောက်စွာ မရရှိမှုများနှင့် ဆက်နွယ်လျက်ရှိသော ရောဂါများကြောင့် ကမ္ဘာပေါ်တွင် နေ့စဉ် လူပေါင်း ၁၄၀၀၀ ခန့် အသက်ဆုံးရှုံးလျက်ရှိကြပြီး ၎င်းတို့အနက် ၁၁၀၀၀ ခန့်သည် အသက်(၅)နှစ်အောက် ကလေးငယ်များဖြစ်ကြကြောင်း၊ သောက်သုံးရေမသန့်ရှင်းမှုကြောင့် ဖြစ်တတ်သော ဝမ်းရောဂါသည် ကလေးငယ်များ သေဆုံးမှုတွင် အဓိကကျသည့် ပြဿနာဖြစ်ပြီး ၎င်းတို့အနက် လေးသန်းခန့်သည် အသက် ဆုံးရှုံးကြရကြောင်း၊ ကမ္ဘာပေါ်ရှိ ရေရှားပါးသည့် ဒေသများမှ မိန်းမကြီးများနှင့် မိန်းကလေးများသည် သောက်သုံးရေခပ်ယူရန်အတွက် ဝေးလံသည့်နေရာများသို့ သွားရောက်ကြရသဖြင့် ၎င်းတို့သည် တစ်ရက်လျှင် စုစုပေါင်းနာရီသန်း ၂၀၀ ခန့် အချိန်ကုန်ဆုံးနေကြရကြောင်း၊ မကြာခဏဆိုသလိုပင် ညစ်ညမ်းသည့် ရေများကိုလည်း ခပ်ယူကြရကြောင်း၊ ကျောင်းနေအရွယ် မိန်းကလေးအချို့ ကျောင်းထွက်ရခြင်းသည်လည်း ရေခပ်ရန်အတွက် ဖြစ်ကြောင်း၊ ၎င်းတို့နေထိုင်ရာ အရပ်၌သာအချိန်များစွာမကုန်ဘဲ ရေခပ်ယူနိုင်မည်ဆိုပါက ကျောင်းတက်ရန် အတွက်လည်းကောင်း၊ ဝင်ငွေရသောလုပ်ငန်းများ လုပ်ကိုင်ရန်အတွက်လည်းကောင်း အချိန်ပေးနိုင်ကြမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဆင်းရဲသားများ အဓိက ရင်ဆိုင်နေရသည့် တစ်ခုတည်းသော အကြီးမားဆုံး ပြဿနာသည် ရေရှားပါးမှု ပြဿနာပင်ဖြစ်ကြောင်း၊ ဤပြဿနာကြီးသည် ၎င်းတို့အား လူမှုစီးပွားရေး လှေကား (socioeconomic ladder) ၏ ပထမ လှေကားထစ်ကို တက်လှမ်းနိုင်ရန် တားဆီးထားကြောင်း "Water Partners International" -"အပြည်ပြည် ဆိုင်ရာ ရေအပေါင်းအသင်းများအဖွဲ့"မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.Gray White က တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်ဖြေကြားခဲ့ပါသည်။ အဆိုပါအဖွဲ့သည် အကျိုးအမြတ်မရှာသော အဖွဲ့အစည်း (Non-profit Organization) တစ်ခုဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်ရေဖြည့်ဆည်းပေးနိုင်ရေးအတွက် အဓိကဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ဖော်ပြပါအဖွဲ့ကဲ့သို့ပင် ရေအရေးကို ဆောင်ရွက်လျက်ရှိကြသော အဖွဲ့အစည်းအချို့မှာ - ကမ္ဘာလုံးဆိုင်ရာရေမိတ်ဖက်အဖွဲ့ (The Global Water Partnership- GWP)၊ အပြည်ပြည်ဆိုင်ရာ ရေရေးရာအသင်း (International Water Association-IWA)၊ ကမ္ဘာ့ရေရေးရာကောင်စီ (World Water Council-WWC)၊ အပြည်ပြည်ဆိုင်ရာ ဇလသိပ္ပံအသင်း (International Association of Hydrological Sciences-IAHS)၊ အပြည်ပြည်ဆိုင်ရာ ဇလဘူမိဗေဒပညာရှင်များအသင်း (International Association of Hydrogeologists-IAH)၊ အပြည်ပြည်ဆိုင်ရာ ရေအရေးစီမံခန့်ခွဲမှုသိပ္ပံ (International Water Management Institute-IWMI)၊ စတော့ခ်ဟုမ်း အပြည်ပြည်ဆိုင်ရာရေအရေးသိပ္ပံ (Stock holm International Water Institute -SWI) စသည်တို့ ဖြစ်ကြပါသည်။

ကုလသမဂ္ဂရေအရေးဆိုင်ရာအဖွဲ့တွင် သီးသန့်အစီအစဉ် လေးခုရှိရာ ယင်းတို့မှာ -ကမ္ဘာ့ရေအကဲဖြတ်ရေးအစီအစဉ် (World Water Assessment Programme-WWAP)၊ ကုလသမဂ္ဂရေအရေးဆိုင်ရာ တရားရေးနှင့် ဆက်သွယ်ရေး ဆယ်စုနှစ်အစီအစဉ် (UN-Water Decade Program on Advocacy and Communication-UNW-DPAC)၊ ကုလသမဂ္ဂရေအရေးဆိုင်ရာ စွမ်းဆောင်မှုဖွံ့ဖြိုးရေးဆယ်စုနှစ်အစီအစဉ် (UN-Water Decade Program on Capacity Development (UNW-DPC) နှင့် WHO/ UNICEF တို့နှင့်တွဲဖက်သည့် ရေထောက်ပံ့ရေးနှင့် ရေဆိုးစနစ် ပူးပေါင်းစောင့်ကြည့်လေ့လာရေးအစီအစဉ် (Joint Monitoring Program on Water Supply and Sanitation) တို့ဖြစ်ကြပါသည်။ ထို့ပြင် ကုလသမဂ္ဂရေအရေးဆိုင်ရာအဖွဲ့သည် ရေနှင့်ဆက်နွယ်သည့် UN အဖွဲ့အစည်း ၂၆ ခုနှင့် တွဲဖက်ဆောင်ရွက်လျက်ရှိသည်သာမက ရေအရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၁၇ ခုနှင့်လည်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီးသာမက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကပါ ရေအရေးနှင့် ပတ်သက်၍ ဤမျှအထိ အရေးတယူ အလေးထား ဆောင်ရွက်လျက်ရှိကြခြင်း၏ အကြောင်းရင်းများကို အောက်တွင် ဖော်ပြထားပါသည်။

လူသားများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ရေကို သဘာဝတရားက လုံလောက်စွာပေးအပ်ထားသော်လည်း လူတို့၏ စည်းကမ်းမရှိမှုများကြောင့်လည်းကောင်း၊ မဆင်မခြင်လုပ်ဆောင်မှုများကြောင့်လည်းကောင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့်လည်းကောင်း ကမ္ဘာပေါ်ရှိ ရေချို (ရေ) အရင်းအမြစ်များ လျော့နည်းလျက်ရှိပါသည်။ ဤအတိုင်းသာ ဆက်လက်၍ သွားမည်ဆိုပါက ၂၀၂၅ ခုနှစ်သို့ ရောက်ရှိသည့်အခါ ကမ္ဘာ့လူဦးရေ ၁ ဒသမ ၈ ဘီလီယံသည် ရေရှားပါးမှုများနှင့် ကြုံတွေ့ကြရမည်ဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံသည် ရေမလုံလောက်မှုများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း ကုလသမဂ္ဂမှ ခန့်မှန်းထားပါသည်။ ကမ္ဘာပေါ်ရှိ ရေချိုအရင်းအမြစ်များ တစ်စထက်တစ်စ လျော့နည်းလာရသည့် အကြောင်းရင်းများမှာ-

(၁) ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာခြင်းကြောင့် ရေသုံးစွဲမှုပမာဏ ပိုမိုများပြားလာခြင်း
(၂) ကမ္ဘာ့နိုင်ငံအများအပြား ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း
(၃) နိုင်ငံကြီးသား မပီသသော လူအချို့ကြောင့် ရေပြုန်းတီးမှုများ ရှိနေခြင်း
(၄) ရေကို ပေါပေါများများ ရရှိသည့်ဒေသမှ လူအချို့က ရေကို လိုသည်ထက်ပို၍ အလျှံပယ်သုံးစွဲနေခြင်း
(၅) မြို့ပြများ၌ ရေပေးဝေရာတွင် ကြီးကြပ်သူအချို့၏စီမံခန့်ခွဲမှု အားနည်းခြင်းကြောင့် ရေပြုန်းတီးမှုများရှိနေခြင်း
(၆) မြို့ပြများတွင် မြေအောက်ရေများကို အလွန်အကျွံထုတ်ယူမှု (ဥပမာ- အဝီစိတွင်းတူးခြင်း) များကြောင့် မြေအောက်ရေများ အရည်အသွေးပျက်ယွင်းခြင်း၊ ပင်လယ်နှင့် နီးသောဒေသများတွင် ရေအောင်းလွှာများအတွင်းသို့ ရေငန်များ စီးဆင်းဝင်ရောက်လာခြင်း
(၇) ကောက်ပဲသီးနှံများ စိုက်ပျိုးရာတွင် ရေကိုလိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်း
(၈) စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်ရေနှင့် စွန့်ပစ်ပစ္စည်းများကို မဆင်မခြင်စွန့်ပစ်မှုများကြောင့် ရေကောင်းရေသန့်များ သုံး၍မရသည့် ညစ်ညမ်းရေများ ဖြစ်သွားခြင်း
(၉) စိုက်ပျိုးမြေများ၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို ထိန်းထိန်းသိမ်းသိမ်း မသုံးစွဲမှုများကြောင့် မြစ်ချောင်းအင်းအိုင်များမှ ရေများ ညစ်ညမ်းရေဖြစ်သွားခြင်း
(၁၀) ရာသီဥတုဖောက်ပြန်မှုကြောင့် ဒေသအများအပြားတွင် မိုးခေါင်သဖြင့် မြစ်ချောင်းအင်းအိုင်များ၊ ဆည်များ၊ ကန်များနှင့် ရေတိမ်ဒေသများသို့ ရေဝင်ရောက်မှုနည်းခြင်း၊ မြေပြင်မှ စိမ့်ဝင်သည့်ရေ နည်းလာသည့်အလျောက် မြေအောက်ရေအောင်းလွှာ (Acquifer)များသို့ ရေဝင်ရောက်မှုနည်းခြင်း
(၁၁) ကမ္ဘာ့အပူချိန် မြင့်တက်မှုကြောင့် မြစ်ချောင်းအင်းအိုင်များ၊ ဆည်များ၊ ကန်များနှင့် ရေတိမ်ဒေသများမှ ရေများ၊ မြေပြင်ပေါ်ရှိရေများ ရေငွေ့ပျံမှုများသဖြင့် မြေပေါ်ရေ (Surface Water) ပမာဏ လျော့နည်းလာခြင်း
(၁၂) ကမ္ဘာ့အပူချိန် မြင့်တက်မှုကြောင့် ရေခဲမြစ်များ၊ ရေခဲတောင်များ၊ ရေခဲပြင်များ အရည်ပျော်နှုန်း မြန်လာသဖြင့် လက်ကျန်ရေခဲ (ရေအရင်းအမြစ်)ပမာဏ လျော့နည်းလာသည်နှင့်အမျှ မြစ်ချောင်းအင်းအိုင်များ အတွင်းသို့ ပုံမှန်ဖြည့်ဆည်းပေးလျက်ရှိသည့် ရေပမာဏ လျော့နည်းလာခြင်းတို့ ဖြစ်ကြပါသည်။

အထက်ဖော်ပြပါ အကြောင်းခြင်းရာများအနက် အမှတ်စဉ် (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)နှင့် (၉)တို့မှ လုပ်ဆောင်မှုများကို စာရေးသူတို့ကိုယ်တိုင် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းများဖြင့် သော်လည်းကောင်း အခက်အခဲမရှိပြုပြင်ဖြေရှင်းနိုင်ပါသည်။ ခက်ခဲသည့်လုပ်ငန်းများ မဟုတ်ပါ။ ကိုယ်ကျိုးမဖက်ဘဲ စိတ်ရင်းစေတနာကောင်းရှိဖို့သာ ပဓာနကျပါသည်။ ပထမဦးဆုံး မိမိကိုယ်တိုင် နိုင်ငံကြီးသားတစ်ဦးကဲ့သို့ နေထိုင်ကျင့်ကြံပြုမူရန်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် မိမိ၏မိသားစုဝင်များ ဆွေမျိုးသားချင်းများ၊ တတိယအဆင့်အနေဖြင့် မိမိ၏ရပ်ကွက်/ ကျေးရွာများသို့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းရန်ဖြစ်ပါသည်။ ဆရာ ဆရာမများကလည်း မိမိတို့၏ တပည့်များအား နိုင်ငံကြီးသားပီသစွာ နေထိုင်ကျင့်ကြံပြုမူကြစေရန်နှင့် ရေ၏တန်ဖိုးကို သိရှိအလေးထားကြစေရန် သင်ကြားပြသပေးရန် ဖြစ်ပါသည်။ စတုတ္ထအဆင့်အနေဖြင့် မိမိနှင့် စိတ်တူသဘောတူသူများ စုပေါင်း၍ အထက်တွင်ဖော်ပြခဲ့သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကဲ့သို့ ရေအရေးဆိုင်ရာများကို ဆောင်ရွက်မည့် အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းကြရန်ဖြစ်ပါသည်။ စာရေးသူတို့နိုင်ငံတွင် ၁၉၀၅ ခုနှစ်ကတည်းက တည်ထောင်ခဲ့သော သက်တမ်းအရှည်ကြာဆုံး အသင်းများထဲတွင် တစ်သင်းအပါအဝင်ဖြစ်သည့် "ဝေနေယျသုခ ရေချမ်းစင်အသင်း" နှင့် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က ဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ စတင်ဆောင်ရွက်ခဲ့တော်မူခဲ့သော စစ်ကိုင်းတောင်ရိုး "သီတဂူရေအလှူတော်" များ၏ အောင်မြင်ကျော်ကြားသည့် စံနမူနာပြ ဆောင်ရွက်မှုများ ရှိပြီးဖြစ်ပါသည်။

ထို့ပြင် တစ်ဖက်မှာလည်း ရေ၏တန်ဖိုးကို သိရှိပြီး ရေကိုအလေးထားသူများ များပြားလာစေရေးအတွက် အခြားနိုင်ငံများနည်းတူ "ကမ္ဘာ့ရေနေ့" ကဲ့သို့သော ရေအရေးလှုပ်ရှားမှုများကိုပါ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ပြည်နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်နယ်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဖေက လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ပြည်သူများ အားထားရသည့် ဝန်ထမ်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် တာဝန်ယူကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် စည်ပင်သာယာရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဥပဒေ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ လိုက်နာရမည့်ညွှန်ကြားချက်များကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာသွားကြရန်နှင့် သက်ဆိုင်ရာဒေသဖွံ့ဖြိုးရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအား ပွင့်လင်းမြင်သာအောင် ချပြဆွေးနွေးပြီး လုပ်ငန်းများအောင်မြင်အောင် စည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃ - ၂ - ၂၀၁၃

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၅၉. ၀၀၀	၀. ၀၀၁၁၆
ထိုင်း (ဘတ်)	၂၉. ၇၅၀၀	၀. ၀၃၃၆၁
တရုတ် (ယွမ်)	၆. ၂၃၁၆၀	၀. ၁၆၀၄၇
အိန္ဒိယ(ရူပီး)	၅၃. ၁၉၅၀	၀. ၀၁၈၈၀
မလေးရှား (ရင်းဂစ်)	၃. ၁၀၅၂၀	၀. ၃၂၂၀၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၀၅၅	၀. ၈၀၆၀၉
ဂျပန် (ယန်း)	၉၂. ၈၅၇၀	၀. ၀၁၀၇၇
တောင်ကိုရီးယား(ဝမ်)	၁၀၉၅. ၀၀	၀. ၀၀၀၉၄
ယူရို	၀. ၇၃၃၁၁	၁. ၃၆၄၀၅
ဗြိတိသျှ (ပေါင်)	၀. ၆၃၆၉၃	၁. ၅၇၀၀၃

နိုင်ငံသားပိုင် အာမခံကုမ္ပဏီဖွင့်လှစ်မည့်နေရာ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမင်းသိန်းတို့သည် ပုဂ္ဂလိကကဏ္ဍအား မြန်မာနိုင်ငံ၏ အာမခံဈေးကွက်အတွင်း ဝင်ရောက် လုပ်ကိုင်ခွင့်ပြုရာတွင် လုပ်ငန်းဆောင်ရွက်ကြမည့် နိုင်ငံသားပိုင် အာမခံကုမ္ပဏီ ၁၂ ခု၌ ပါဝင်သော Grand Guardian Insurance Public Company Limited နှင့် အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်တို့၏ ကုမ္ပဏီဖွင့်လှစ်မည့်နေရာကို ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် ဒုတိယဝန်ကြီးက ပထမဦးဆုံး ပေါ်ထွန်းလာမည့် ပုဂ္ဂလိက အာမခံကုမ္ပဏီများ အနေဖြင့် မြန်မာနိုင်ငံ၏ အာမခံဈေးကွက်အတွင်း ရှိရင်းစွဲ အရင်းအမြစ်များကို အသုံးချ၍ အနီးကပ်ဆုံး ရရှိနိုင်မည့် ရည်မှန်းချက်များ (missions)ကို ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြီးမှသာ ရေရှည်စီမံကိန်းအတွက် ချမှတ်ထားသော မျှော်မှန်းချက်များ (visions)ကို ရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဖေဖော်ဝါရီ ၃ ရက် နံနက်က မင်းလှမြို့ မန်းရေနံချက်စက်ရုံ (သံပုရာကန်) သီးသန့်မီးသတ်တပ်ဖွဲ့စခန်း၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြစဉ်။

ဦးခင်မောင်စိုး(သရက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၂-၂၀၁၃(တနင်္လာနေ့)

- ၇း၀၃ တရားတော်
- ၇း၃၅ ထားဝယ်ရိုးရာဒိန်းအက (ဂျိုးဥမယ်)
- ၈း၁၀ မှတ်တမ်း
- ၄း၂၀ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ပထဝီဝင်)
- ၄း၄၅ သာယာလှပချင်းဒေသ (ဟားခါး၊ထန်တလန်၊ဖလမ်း)
- ၄း၅၅ ဂေါ်ထော်အက (ပအိုဝ်း)
- ၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်ဒုတိယတွဲ (အပိုင်း-၇၅)
- ၆း၁၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့်တို့မနက်ဖြန် (အပိုင်း-၁) -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်ကင် -မေးမြန်းစူးစမ်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - **The Train** (မရဏရထား) (အပိုင်း-၃) (ဇာတ်သိမ်း) -*Mini Series*

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တစ်နှစ်တာကာလမှာ ဘာတွေလုပ်ခဲ့သလဲ

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အရေးလည်းပါ စိတ်အားလည်း ထက်သန်သည်ဟုဆိုသည့် ပုဂ္ဂိုလ်အနည်းအကျဉ်းထဲ၌ တစ်ယောက်အပါအဝင်ဖြစ်သည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ တစ်နှစ်တာကာလအတွင်း လုပ်ဆောက်ချက်များအား မှတ်တမ်းပြုစုထားသည့် စာအုပ်ဖြစ်သည်။ ကိုယ်ရေးအကျဉ်းနှင့် ကျောင်းသားဘဝပုံရိပ်၊ ဗိုလ်လောင်းသင်တန်းသားပုံရိပ်၊ အရာရှိဘဝပုံရိပ်၊ ထူးချွန်အားကစားသမားဘဝ၊ မိသားစုပုံရိပ် စသည့် ဓာတ်ပုံများ ပါရှိသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ကစ၍ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်အထိ ရက်စွဲအလိုက် ထူးခြားမှု၊ တွေ့ဆုံမှု၊ ပြည်ပခရီးစဉ်၊ လွှတ်တော်တွင်း ရှင်းလင်းဆွေးနွေးချက်များ ပါဝင်သည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၆၅)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ စာအုပ်တွင် မြင်းမူမောင်နိုင်မိုး၊ မြတ်ဘုန်း(တပ်ကုန်း)၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ဆန်းလွင် (မြန်မာစာ)၊ မောင်နှစ်သိမ့်(တောင်ကုတ်)၊ မောင်လွမ်းနိုင် (စံပယ်ငုံ)၊ မင်းသန်းဦး(တောင်ကြီး)၊ ကျော့ဝင်း (မိုးညှင်း)၊ တွန်းအားရှင်၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ကိုချိုစံတို့၏ အဖွင့်ကဗျာများ၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)တို့၏ ဆောင်းပါးများ၊ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဘာသာပြန်ဝတ္ထုများ၊ ကလေးတို့အတွက်ကဗျာလက်ဆောင်၊ မှတ်သားစရာသတ်ပုံကဗျာ၊ ရသစာနုခံစားမှု တောခလေ့စာပန်းချီ၊ ဗုဒ္ဓစာဥယျာဉ်၊ ကာတွန်းကဏ္ဍတို့ပါဝင်ပြီး နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁)အမှတ် (၅၂၉)ကုန်သည်လမ်း စာပေဗိမာန် ဖုန်း-၀၁-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂)ရန်ကင်း သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း ၀၉-၇၃၂၀၁၉၁၁ တို့မှ ဖြန့်ချိသည်။

သင်လူတစ်ယောက်ဖြစ်ပြီလား(ဓမ္မရုပ်စုံ)

ဆရာတော် မေတ္တာရှင်(ရွှေပြည်သာ) ရေးသားပြီး မုဒိတာမှ ဇာတ်ညွှန်းခွဲကာ ပန်းချီအောင်ကြောင်းဖြာရေးဆွဲသည့် "သင်လူတစ်ယောက်ဖြစ်ပြီလား" (အသားမှန်သမျှအဆိပ်၊ အသီးအရွက်မှန်သမျှဆေး)ဓမ္မရုပ်စုံစာအုပ်ကို ရွှေပြည်သာစာပေ ဖုန်း-၀၁-၆၁၀၆၂၂ နှင့် နဂါးပျံစာပေတို့မှ ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါစာအုပ်တွင် သူ့အသက်သတ်ခြင်း၊ ပါဏာတိပါတကံ၏ အကျိုးအပြစ်၊ သူ့အသားစားခြင်း၏ အကျိုးအပြစ်တို့ကို ရှင်းလင်းတင်ပြထားပြီး ဘဝမကူးမီ လူ့ဘဝမှာပင် ပြိတ္တာဘဝရောက်သွားကြရသည့် ဖြစ်ရပ်မှန်ဇာတ်လမ်းများမှ သံဝေဂရ၍ သင်ခန်းစာယူဖွယ် ဇာတ်လမ်းများဖြစ်သည်ကို တွေ့ရသည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၄၅၀၀ ဖြစ်သည်။

ပီတိရှင်၏ လောကအမြင် ကဗျာများ

ဆရာမောင်ကျေးဇူး၏ ပီတိရှင်၏ လောကအမြင် ကဗျာများစာအုပ် ထွက်ရှိလာသည်။ စာအုပ်တွင် မဂ္ဂဇင်း၊ ဂျာနယ်များတွင်ဖော်ပြခဲ့သော တိုင်းကျိုးပြည်ပြုကဗျာများကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။ စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ ထုတ်ဝေပြီး စုစုပေါင်း ကဗျာပုဒ်ရေ ၉၀ ပါဝင်သည်။



မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

ပြည်တွင်းရေးရာ

ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အနောက်ဘက်ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် စက်တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ခန့် ထုတ်လုပ်ပေးနိုင်မည့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့်အတူ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် သွားရောက်၍ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းခွင် စက်အမှတ်(၁)နှင့် စက်အမှတ်(၂)တို့၌ စက်မှု/လျှပ်စစ်တပ်ဆင်ထားမှု၊ စက်ရုံအတွင်း မြို့ပြလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ စက်ရုံရေထုတ်မြောင်းမြေကြီး ကျောက်သား တူးဖော်နေမှု၊ ကွန်ကရစ်သွန်းလောင်းထားမှု၊ ဆွိုယာဒ်လုပ်ငန်းဆောင်ရွက်ထားမှုနှင့် ဖိအားမြင့်သံမဏိပိုက်လိုင်း အဆင့်လိုက် တပ်ဆင်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖြူးမြို့၏အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းရှိ ပင်မတမံအတွင်းရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှု၊ ပင်မတမံကြံ့ခိုင်မှု၊ ရေယူအဆောက်အအုံ၊ ရေထိန်းမျှော်စင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်မောင်းနှင်နေမှုနှင့် မဟာဓာတ်အားလိုင်းအတွင်းသို့ Computer System ဖြင့် ဓာတ်အားထိန်းချုပ် မောင်းနှင်ပို့လွှတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သိုလှောင်ရေပမာဏအား စနစ်တကျထိန်းသိမ်းကာ ဓာတ်အားလိုအပ်ချက်အပေါ်မူတည်၍ ဓာတ်အားပေးစက်များ ထိန်းချုပ်မောင်းနှင်ရေး၊ စက်စွမ်းအားပြည့် ဓာတ်အား ထုတ်လုပ်မောင်းနှင်နိုင်ရေးနှင့် စက်များကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျစစ်ဆေးရေးတို့ကို မှာကြားသည်။

ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ **(ယာပုံ)**သည် စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်းတပ်ဆင်အင်အား ၆၀ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

✻ မြန်မာနိုင်ငံမှ

တိုင်းရင်းဆေးဖက်ဝင်အပင်များကိုလည်း ယင်းဥယျာဉ်အတွင်း၌ စိုက်ပျိုးထားသည်။ ၎င်းဥယျာဉ်အတွင်း ၄၂ ဧကကျယ်ဝန်းသော ဘေးမဲ့တောတစ်ခုတည်ရှိပြီး မျိုးသုဉ်းလုနီး သမင်၊ မြန်မာကြယ်လိပ် စသော တိရစ္ဆာန်အချို့အား မွေးမြူထားသည်ကိုလည်း တွေ့နိုင်ပါသည်။

ယင်းဥယျာဉ်အတွင်း လိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်တို့ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်တိုးချဲ့ဖွင့်လှစ်ထားသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော နိုင်ငံတကာအဆင့်မီလိပ်ပြာပြတိုက်ကို သစ်ခွဥယျာဉ်အတွင်း တည်ဆောက်ဖွင့်လှစ်ခဲ့ရာ အဆောက်အအုံအရွယ်အစားမှာ အလျားပေ ၅၀၊ အကျယ် ၁၅၇ ပေ စုစုပေါင်း ၇၈၅၀ စတုရန်းပေရှိသည်။ ပြတိုက်တွင် မြန်မာနိုင်ငံရှိ ဒေသမျိုးရင်းလိပ်ပြာများအပြင် အင်ဒိုနီးရှား၊ ထိုင်း၊ တရုတ်၊ မလေးရှားနှင့် အာဖရိကတို့မှ ရရှိထားသော စုစုပေါင်းရုပ်ကြွင်းကောင်ရေ ၃၀၂၈၀ ကျော်ကို ပြသခဲ့ပြီး ကောင်ရေမျိုးစုံစွာ ပြသနိုင်ရန်အတွက် ဝယ်ယူစုဆောင်းမှုများလည်း ပြုလုပ်လျက်ရှိသည်။

အင်ကြင်းကျောက်ပြတိုက် ထန်းကျောက်များအပါအဝင် နွားထိုးကြီး၊ ပခုက္ကူ၊ ကန့်ဘလူနယ်ဘက်တို့မှ ရှာဖွေတွေ့ရှိခဲ့သော အရည်အသွေးကောင်းမွန်သည့် ခြောက်လက်မအရွယ်မှ ၁၅ ပေ အရွယ်အထိရှိသော အင်ကြင်း ကျောက်အမျိုးအစား ၅၀ ခန့်ကို ပြသထားသည်။ အင်ကြင်းပြတိုက်တွင် သဘာဝအင်ကြင်း၊ ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းများအပြင် နိုင်ငံခြားနည်းပညာများဖြင့် အရောင်တင်ထားသည့် အင်ကြင်းကျောက်အရောင်မျိုးစုံကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ အဆိုပါအင်ကြင်းပြတိုက်တွင် အင်ကြင်းကျောက်အရောင်တင်ပုံ အဆင့်ဆင့်ကို ပြသထားသည်။ အင်ကြင်းကျောက်မှ ထုတ်လုပ်သည့် ပုတီး၊ လက်ကောက်၊ နားကပ်၊ နားဆွဲ၊ သော့ချိတ်၊ ဆွဲပြားနှင့် ပန်းချီကားများကိုလည်း တွေ့နိုင်ပါသည်။

ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်တွင် သတ္တဝါ ၁၅ မျိုး၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ပြသထားသည်။ ယင်းပြတိုက်တွင် ခုနစ်ပေရှိ ဆင်စွယ်အစုံလိုက်နှင့် အစိတ်အပိုင်းမျိုးစုံကို ပြသထားရာ လာရောက်လေ့လာသူများ သတ္တဝါတစ်ကောင်ချင်းစီ၏ အစိတ်အပိုင်းများကို အသေးစိတ်လေ့လာခွင့်ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် မိကျောင်းနှင့် ကမ္ဘာဦးလိပ်အမျိုးအစားများကို ပြသထားသည့်အပြင် ဆင်၊ မိကျောင်း၊ လိပ်၊ ရေမြင်း၊ ကြံ့၊ဝက်၊ နွား၊ အသားစားသတ္တဝါများ၏ ဦးခေါင်း၊ သွား၊ ချိုစသည့် အစိတ်အပိုင်းများကိုလည်း ကြည့်ရှုလေ့လာနိုင်သည်။ လိပ်၊ ကဏန်း၊ ရေအောက်သတ္တဝါအချို့တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း အကောင်လိုက် ပြသထားသည်။ သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများအပြင် သစ်ပင်ကဖြစ်သည့် ရုပ်ကြွင်းများ၊ အမြစ်များ၊ အခေါက်များ၊ ကျောက်ပိုးများကိုပါ ပြသထားသည်။

ဤသို့အပန်းဖြေအနားယူစရာ၊ လေ့လာစရာပေါများလှပြီး အနီးဒေသဝန်းကျင်ရှိ ထင်ရှားသော ဒေသများကိုပါ ကြည့်ရှုလေ့လာနိုင်သဖြင့် ပြည်တွင်းပြည်ပခရီးသွားများ နှစ်သက်ရာဒေသတစ်ခုဖြစ်ပါကြောင်း မျှဝေရေးသားလိုက်ရပါသည်။ ။

ပြတိုက်အတွင်း ပြသထားသော အင်ကြင်းကျောက်များ။

တမူးမြို့၌ မူးယစ်ဆေးဝါးနှင့် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် နယ်မြေခံ တပ်မတော်စစ်ကြောင်း၊ မူးယစ်အထူးတပ်ဖွဲ့များနှင့် တမူးမြို့နယ် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် တမူးမြို့ စန္ဒကူးရပ်ကွက်(၃) အိမ်အမှတ်(၂၀)နေ ဦးစိုးမြင့်ဝင်းနှင့် ဇနီး ဒေါ်ဖြူဖြူဝင်းတို့၏ နေအိမ်အတွင်းမှ ဆူဒီအက်ဖ်ဒရင်း ၁၀၀ ဒသမ ၈ ကီလိုဂရမ် ကာလတန်ဖိုးကျပ် ၁၂၀၉၆၀၀၀၀၊ လက်နက်ငယ်မျိုးစုံ ၉၆ လက်၊ ဗုံးသီးမျိုးစုံ အလုံး ၆၀၊ နင်းမိုင်း ၂၃ လုံး၊ ကျည်မျိုးစုံ ၇၉၀၇ တောင့်၊ ကျည်အိမ်မျိုးစုံ ၁၉၅ ခု၊ ယမ်းတောင့် ၂၅၀ တောင့်နှင့် ယမ်းကြိုးခွေ လေးခွေတို့အား သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဦးစိုးမြင့်ဝင်းသည် ပြည်ထောင်စုအမျိုးသားလွတ်မြောက်ရေးတပ်ဦးနှင့် ဆက်နွှယ်သူတစ်ဦးဖြစ်ကာ ၂၀၁၀ ခုနှစ် ဇူလိုင်လခန့်တွင် ယင်းအဖွဲ့မှ မှူးကြီးအဆင့်ရှိသည့် သွန်ဘနှင့်အဖွဲ့ဝင်တစ်ဦးတို့မှ ၎င်းလက်နက်/ခဲယမ်း ထည့်ထားသည့် သေတ္တာများကို လစဉ်အခကြေးငွေပေး၍ ထိန်းသိမ်းရန်ညှိနှိုင်းချက်အရ သိမ်းဆည်းပေးထားပြီး ယင်းအဖွဲ့မှ လက်နက်/ခဲယမ်းများ လာရောက်ထုတ်ယူပါက ထုတ်ပေးရကြောင်း သိရှိရသည့်အပြင် မူးယစ်ဆေးဝါးများကိုမူ ၎င်း၏ညီဝမ်းကွဲတစ်ဦးထံမှ အခကြေးငွေရယူ၍ မန္တလေးသို့ သယ်ဆောင်ပေးရန် ဆောင်ရွက်စဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့်ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

တမူးမြို့ စန္ဒကူးရပ်ကွက်(၃) အိမ်အမှတ်(၂၀)နေ ဦးစိုးမြင့်ဝင်းနှင့် ဇနီး ဒေါ်ဖြူဖြူဝင်းတို့၏ နေအိမ်အတွင်းမှ သိမ်းဆည်းရမိသော လက်နက်ခဲယမ်းများ(ဝဲပုံ)နှင့် မူးယစ်ဆေးဝါးများ(ယာပုံ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

တောဆင်ရိုင်းတစ်ကောင်အားသတ်ဖြတ်သည့် ဆင်ပစ်မုဆိုးများအား ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့နယ်ခွဲ ဆင်မှုံကြိုးဝိုင်း အကွက်အမှတ် (၂)၌ တောဆင်ရိုင်းတစ်ကောင်အား သတ်ဖြတ်ခဲ့မှုဖြစ်ပွားခဲ့ပြီး သတင်းကွင်းဆက်ဖော်ထုတ်ချက်များအရ ဆင်ပစ်မုဆိုးသုံးဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ငပုတောမြို့နယ် သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက်တွင် ငရုတ်ကောင်းမြို့နယ်ခွဲ မင်းသားကြီးဒေသအထက် မိုးတိမ်မျှင်ကျေးရွာအုပ်စု ဆင်မှုံချောင်းဖျား ဆင်မှုံကြိုးဝိုင်းအကွက်အမှတ် (၂)သို့ သွားရောက်စစ်ဆေးရာ ခန့်မှန်းအသက် (၄၀-၅၀) နှစ်အကြား တောရိုင်းစွယ်စုံဆင်(အထီး)တစ်ကောင် သတ်ဖြတ်ခံခဲ့ရကြောင်း စစ်ဆေးတွေ့ရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်စပ်စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ ခြောက်ဦးရှိပြီး ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ သိန်းစိုး(ဘ) ဦးမြသောင်း ဆင်ငံကျေးရွာ၊ ဖိုးဖြူ(ဘ) ဦးဖိုးသွယ် ဆင်မှုံကျေးရွာ၊ ငပိန်(ခ) ညိုအောင်(ဘ) ဦးဖြူလုံး သက္ကယ်ကွင်းရွာ ငရုတ်ကောင်းမြို့နယ်ခွဲတို့ သုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့နှင့်အတူ လက်ကိုင်ရိုးမပါ ရဲတင်းတစ်လက်၊ ပလာယာတစ်ခု၊ ဝက်အူလှည့် နှစ်ခု၊ သုံးမြှောင့်တံစဉ်း နှစ်ခု၊ မြားခေါင်းပါမြားတံ(အဆိပ်လူးပြီး)တစ်ချောင်း၊ သံမြားခေါင်း သုံးခု၊ တူမီးပိုက်လုံးခါးပတ်ကိုးခု၊ ရှစ်လုံးပြူးယမ်းကတ် တစ်ထုပ်၊ ၁ ဒသမ ၅ လက်မ တံခါးပတ္တာနှစ်ခု၊ တစ်လက်မတံခါးပတ္တာ နှစ်ခု၊ ပတ္တာဝက်အူ ၁၀ ခု၊ ယမ်းထောင်းတံတစ်ချောင်း၊ ယမ်းဘူး တစ်ခု၊ ယမ်းမှုန့်ပါပလတ်စတစ်ဘူးငယ် တစ်ဘူး၊ ဘောစေ့ တစ်လုံးပါ ပလတ်စတစ်ဘူးငယ် တစ်ဘူး၊ ကဒ်ယမ်းမှုန့်ပါ ပလတ်စတစ်ဘူးငယ် တစ်ဘူး၊ ဘောစေ့ ၁၉ လုံးပါ ပလတ်စတစ်ဘူးငယ် တစ်ဘူး၊ အပ်ချည် တစ်လုံး၊ အဝါရောင် နှစ်လက်မတိပ်တစ်ခု၊ ကက်တစ်ထုပ်၊ ဝါဂွမ်း တစ်ထုပ်၊ ဂျင်ကလိ (သံချောင်းဖြင့်ပြုလုပ်ထားသည်)တစ်ချောင်း၊ ကန့်တစ်ထုပ်တို့အား ဖမ်းဆီးရမိသည်။

ကျန်ရှိသည့် စံရှား(ခ)ဆန်းရှိုင်း(ဘ) ဦးသောင်းမြင့် ဆင်ငံကျေးရွာ၊ စန်ဂျာ(ဘ) ဦးမောင်လှ နံ့သာပုကျေးရွာ၊ နေဂျာ(ဘ) ဦးမောင်လှ နံ့သာပုကျေးရွာ ငရုတ်ကောင်းမြို့နယ်ခွဲတို့ သုံးဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဖမ်းဆီးရမိနိုင်ရေးအတွက် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း၊ လက်ရှိဖမ်းဆီးရမိသည့်တရားခံ သုံးဦးကို ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၅(က)နှင့် ၃၇(က)အရ ကြိုတင်တရားစွဲခွင့်ပြုကြောင်း သိရှိရသည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

မေး။ ။ နည်းပြထဲမှာ ပြည်ပက ငှားရမ်းထားတဲ့
သလား။

ဖြေ။ ။ ၂၀၁၂ ခုနှစ် ဇူလိုင်လမှာ ဘူလ်ဂေးရီးယားန
အခုလာမယ့် ဆီးဂိမ်းမှာဝင်ပြိုင်ဖို့အတွက် စခန်းသွင်းလေ့
လုပ်ခဲ့ပါတယ်။ သူ့ကို စငှားတုန်းကတော့ လာမယ့်
ရည်ရွယ်ပြီးငှားခဲ့တယ်။

မေး။ ။ အခုနည်းပြလက်ထက်မှာ အောင်မြင်မှုရ
သလား။

ဖြေ။ ။သူလေ့ကျင့်ပေးခဲ့တဲ့ကစားသမားတွေဟ
စပြီး လေ့ကျင့်ပေးခဲ့တာ ဒီဘက်မှာစံချိန်တွေက တေ
တယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလတုန်းက ဒီမှာလက်ခံကျင်း
တံခွန်စိုက်ပြိုင်ပွဲမှာ ရွှေသုံးခုရတယ်။ ငွေတံဆိပ် လေးခု
ရှစ်ခုရခဲ့တယ်။ အောင်မြင်တယ်လို့ပြောရမှာ ဖြစ်တယ်။
အာရှမှာပထမရတယ်။ အဲလိုအောင်မြင်လာတာရှိတော့
လုပ်သွားဖို့၊ ၂၀၁၃ ဆီးဂိမ်းပြီးတဲ့အထိအောင်ငှားဖို့
အဲဒီလိုစီစဉ်နေတုန်းမှာပဲ တရုတ်နိုင်ငံက ကျွန်တော်
ဆိုပြီးတော့ နည်းပြ ၂၆ ဦးရောက်လာတယ်။ အဲဒီထဲမှာ
နည်းပြတစ်ဦးပါလာတယ်။

မေး။ ။ အဲလိုပါဝင်လာတယ်ဆိုတော့ လက်ရှိစခန်း
ကရော ဘယ်လိုတွေလုပ်ဆောင်နေပါသလဲ။

ဖြေ။ ။ အဲဒီတရုတ်နည်းပြနဲ့ ပဏာမလက်ရွေးစင်
ဖို့အတွက်စီစဉ်လိုက်တော့ ပဏာမလက်ရွေးစင် ၁၁ ဦး
ပို့လိုက်တယ်။ စုစုပေါင်း ၁၁ ဦးပါ။ ဇန်နဝါရီ ၉ ရက်က
ပြောင်းရွှေ့စခန်းသွင်း လေ့ကျင့်စေခဲ့ပါတယ်။ အဲဒီမှာ
စခန်းသွင်းလေ့ကျင့်တာ ဖြစ်ပါတယ်။ ဒီမှာ(ရန်ကုန်)
လောက်ပဲကျန်ခဲ့တယ်။ ဘူလ်ဂေးရီးယားနည်းပြကို
ဆိုတာကတော့ စဉ်းစားနေဆဲဖြစ်ပါတယ်။ အမှန်က
ကျွန်တော်တို့က ငှားဖို့ ရည်ရွယ်ထားတာ။ သို့သော် ကြ
တရုတ်ပြည်ကလာပြီး အကူအညီပေးမယ်ဆိုတော့
အလေးမအတွက် တစ်ဦးကပါလာတယ်။

မေး။ ။ အခုလိုအလေးမအားကစားမှာတိုးတ
ဆိုတော့ လာမယ့်ဆီးဂိမ်းမှာရရှိမယ့်ရလဒ်ကို ခန့်မှန်း

ဖြေ။ ။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက န
အပြောင်းအလဲမှာ အားနည်းချက်ရှိတတ်တယ်။ န
အယူအဆ၊ အတွေးအခေါ်၊ နည်းစနစ်ပိုင်းကတစ်ဦးနဲ့ တ
ဘူလ်ဂေးရီးယားနည်းပြနဲ့ပြခဲ့တယ်။ စံချိန်တက်နေတယ်။ အ
နည်းပြကို လွှဲပေးခဲ့ရတယ်။ အဲတော့ တရုတ်နည်းပြက
သူ ပြန်ပြင်နေတယ်။ နည်းစနစ်လည်း ပြင်မယ်။ Train
ပြင်မယ်ဆိုတော့ ရရှိမယ့်ရလဒ်ကိုတော့ မခန့်မှန်းနိုင်
တို့ရဲ့ အတွေ့အကြုံအရဆိုရင် အဲဒီလိုပြောင်းလိုက်တဲ့အ
စံချိန်ကဆင်းသွားတယ်။ ပြီးမှပြန်တက်မယ်။ အဲလို ပြ
မှာ အချိန်လုံလောက်ရဲ့လားဆိုတာ စောင့်ကြည့်ရမှ
တစ်ဦးနဲ့ တစ်ဦး အချိန်းအပြောင်းမှာ ဖြစ်တတ်ပါတယ်

မေး။ ။နည်းပြအပြောင်းအလဲမဖြစ်ခဲ့ဘူး။ လက်ရှိ
သွားမယ်ဆိုရင် ဆုရရှိမှုရလဒ်ကိုရော အတွေ့အကြုံအ
ပါသလဲ။

ဖြေ။ ။ဘူလ်ဂေးရီးယားနည်းပြနဲ့သာ သူ့အရှိန်အပ
မယ်ဆိုရင် အနည်းဆုံးရွှေနှစ်ခုလောက်ကတော့ ရရှိမယ်

မေး။ ။ဆီးဂိမ်းမတိုင်မီကြားကာလမှာ နိုင်ငံတကာ
မလား။

ဖြေ။ ။ရှိပါတယ်။ လာမယ့်ဧပြီ ၁၃ ရက်နေ့မှာ ကမ္ဘာ
ပြင်ဆင်နေပါတယ်။ အဲဒါအသက် (၁၇) နှစ်အောက် လူ
လက်ရွေးစင်အဆင့်တော့ မဟုတ်ဘူး။

မေး။ ။အဲဒီပြိုင်ပွဲမှာ အခုရွေးထားတဲ့ ပဏာမလ
ပါဝင်လာဦးမလား။

ဖြေ။ ။အသက် (၁၇) နှစ်အောက်ဆိုတော့ တချို့
သွားတဲ့သူတော့ မပါတော့ဘူးပေါ့။

မေး။ ။အဲဒါဆိုရင် ဒီပြိုင်ပွဲက နိုင်ငံတကာအတွေ့အ
ခေါ်နိုင်မလား။

ဖြေ။ ။ဟုတ်ကဲ့။ အတွေ့အကြုံယူတာလည်းဖြစ်
လာမယ့် ၂၀၁၄ ခုနှစ်မှာကျင်းပမယ့် ကမ္ဘာ့လူငယ်အိုလ
ပြိုင်ပွဲလည်းဖြစ်တယ်။ ဒီမှာအောင်မြင်မှုရမှ၊ လက်
သွားပြိုင်ခွင့်ရမှာဖြစ်တယ်။

မေး။ ။အလေးမအားကစားကို ကစားခြင်းဖြင့် ရရှိ
ကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ။ဒီအားကစားကိုကစားခြင်းအားဖြင့် နံပါ
ခန္ဓာ ကြံ့ခိုင်ဖွံ့ဖြိုးလာတာပေါ့။ နောက်ပြီး အလေးမအား
အားကစားဖြစ်တဲ့အတွက်ကြောင့် ကိုယ့်ကိုယ်ကိုယ်ယုံ
ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေတယ်။
သည် ခွန်အားကိုချွေတာပြီးသုံးရတဲ့အတွက် ခွန်အ
ဆေးလိပ်သောက်တာတို့၊ ညဥ့်နက်သန်းခေါင်ထိ ရုပ်

❖ ကျောဖုံးမှ

မေး။ ။ နည်းပြထဲမှာ ပြည်ပက ငှားရမ်းထားတဲ့နည်းပြရော ပါဝင်ပါသလား။

ဖြေ။ ။ ၂၀၁၂ ခုနှစ် ဇူလိုင်လမှာ ဘူလ်ဂေးရီးယားနည်းပြကို ငှားပြီးတော့ အခုလာမယ့် ဆီးဂိမ်းမှာဝင်ပြိုင်ဖို့အတွက် စခန်းသွင်းလေ့ကျင့်မှုတွေ ဆက်တိုက်လုပ်ခဲ့ပါတယ်။ သူ့ကို စငှားတုန်းကတော့ လာမယ့်ဆီးဂိမ်းအထိအောင် ရည်ရွယ်ပြီးငှားခဲ့တယ်။

မေး။ ။ အခုနည်းပြလက်ထက်မှာ အောင်မြင်မှုရလဒ်တွေရော ရှိခဲ့ပါသလား။

ဖြေ။ ။သူလေ့ကျင့်ပေးခဲ့တဲ့ကစားသမားတွေဟာလည်း ဇူလိုင်လက စပြီး လေ့ကျင့်ပေးခဲ့တာ ဒီဘက်မှာစံချိန်တွေက တော်တော်ကို တက်လာတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလတုန်းက ဒီမှာလက်ခံကျင်းပပေးတဲ့ အာရှလူငယ်တံခွန်စိုက်ပြိုင်ပွဲမှာ ရွှေသုံးခုရတယ်။ ငွေတံဆိပ် လေးခုရတယ်။ ကြေးတံဆိပ် ရှစ်ခုရခဲ့တယ်။ အောင်မြင်တယ်လို့ပြောရမှာ ဖြစ်တယ်။ အမျိုးသမီးအသင်းက အာရှမှာပထမရတယ်။ အဲလိုအောင်မြင်လာတာရှိတော့ သူ့ကိုဆက်ပြီးကယ်ရီလုပ်သွားဖို့၊ ၂၀၁၃ ဆီးဂိမ်းပြီးတဲ့အထိအောင်ငှားဖို့ ရည်ရွယ်ထားတာ။ အဲဒီလိုစီစဉ်နေတုန်းမှာပဲ တရုတ်နိုင်ငံက ကျွန်တော်တို့ကို ကူညီပေးမယ်ဆိုပြီးတော့ နည်းပြ ၂၆ ဦးရောက်လာတယ်။ အဲဒီထဲမှာ အလေးမအတွက် နည်းပြတစ်ဦးပါလာတယ်။

မေး။ ။အဲလိုပါဝင်လာတယ်ဆိုတော့ လက်ရှိစခန်းသွင်းပေးမှုအခြေအနေကရော ဘယ်လိုတွေလုပ်ဆောင်နေပါသလဲ။

ဖြေ။ ။ အဲဒီတရုတ်နည်းပြနဲ့ ပဏာမလက်ရွေးစင်တွေကို စခန်းသွင်းပေးဖို့အတွက်စီစဉ်လိုက်တော့ ပဏာမလက်ရွေးစင် ၁၁ ဦးကို အခုနေပြည်တော်ပို့လိုက်တယ်။ စုစုပေါင်း ၁၁ ဦးပါ။ ဇန်နဝါရီ ၉ ရက်ကစပြီး နေပြည်တော်မှာ ပြောင်းရွှေ့စခန်းသွင်း လေ့ကျင့်စေခဲ့ပါတယ်။ အဲဒီမှာ တရုတ်နည်းပြနဲ့ စတင်စခန်းသွင်းလေ့ကျင့်တာ ဖြစ်ပါတယ်။ ဒီမှာ(ရန်ကုန်)ကတော့ (B)အသင်း လောက်ပဲကျန်ခဲ့တယ်။ ဘူလ်ဂေးရီးယားနည်းပြကို ဆက်ထားဖို့၊ မထားဖို့ ဆိုတာကတော့ စဉ်းစားနေဆဲဖြစ်ပါတယ်။ အမှန်က ဆီးဂိမ်းပြီးတဲ့အထိ ကျွန်တော်တို့က ငှားဖို့ ရည်ရွယ်ထားတာ။ သို့သော် ကြားဖြတ်အစီအစဉ်အရ တရုတ်ပြည်ကလာပြီး အကူအညီပေးမယ်ဆိုတော့ အဲဒီနည်းပြထဲမှာ အလေးမအတွက် တစ်ဦးကပါလာတယ်။

မေး။ ။ အခုလိုအလေးမအားကစားမှာတိုးတက်မှုတွေရှိလာတယ်ဆိုတော့ လာမယ့်ဆီးဂိမ်းမှာရရှိမယ့်ရလဒ်ကို ခန့်မှန်းပေးပါဦး။

ဖြေ။ ။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက နည်းပြတစ်ဦးနဲ့တစ်ဦး အပြောင်းအလဲမှာ အားနည်းချက်ရှိတတ်တယ်။ နည်းပြတစ်ဦးနဲ့တစ်ဦး အယူအဆ၊ အတွေးအခေါ်၊ နည်းစနစ်ပိုင်းကတစ်ဦးနဲ့ တစ်ဦးမတူဘူး။ အခုက ဘူလ်ဂေးရီးယားနည်းပြနဲ့ပြခဲ့တယ်။ စံချိန်တက်နေတယ်။ အဲဒီအချိန်မှာပဲ တရုတ်နည်းပြကို လွှဲပေးခဲ့ရတယ်။ အဲတော့ တရုတ်နည်းပြကလည်း သူ့နည်းစနစ်နဲ့သူ ပြန်ပြင်နေတယ်။ နည်းစနစ်လည်း ပြင်မယ်။ Training Program လည်း ပြင်မယ်ဆိုတော့ ရရှိမယ့်ရလဒ်ကိုတော့ မခန့်မှန်းနိုင်သေးပါဘူး။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရဆိုရင် အဲဒီလိုပြောင်းလိုက်တဲ့အပြောင်းအလဲတစ်ခုမှာ စံချိန်ကဆင်းသွားတယ်။ ပြီးမှပြန်တက်မယ်။ အဲလို ပြန်တက်လာတဲ့ အချိန်မှာ အချိန်လုံလောက်ရဲ့လားဆိုတာ စောင့်ကြည့်ရမှာဖြစ်တယ်။ နည်းပြတစ်ဦးနဲ့ တစ်ဦး အချိန်းအပြောင်းမှာ ဖြစ်တတ်ပါတယ်။

မေး။ ။နည်းပြအပြောင်းအလဲမဖြစ်ခဲ့ဘူး။ လက်ရှိနည်းပြနဲ့သာ ဆက်သွားမယ်ဆိုရင် ဆုရရှိမှုရလဒ်ကိုရော အတွေ့အကြုံအရ ဘယ်လိုသုံးသပ်နိုင်ပါသလဲ။

ဖြေ။ ။ဘူလ်ဂေးရီးယားနည်းပြနဲ့သာ သူ့အရှိန်အဟုန်အတိုင်း ဆက်သွားမယ်ဆိုရင် အနည်းဆုံးရွှေနှစ်ခုလောက်ကတော့ ရရှိမယ်လို့ ပြောလို့ရတယ်။

မေး။ ။ဆီးဂိမ်းမတိုင်မီကြားကာလမှာ နိုင်ငံတကာပြိုင်ပွဲတွေရောရှိဦးမလား။

ဖြေ။ ။ရှိပါတယ်။ လာမယ့်ဧပြီ ၁၃ ရက်နေ့မှာ ကမ္ဘာ့လူငယ်ပြိုင်ပွဲရှိတယ်။ ပြင်ဆင်နေပါတယ်။ အဲဒါအသက် (၁၇) နှစ်အောက် လူငယ်ပြိုင်ပွဲဖြစ်တယ်။ လက်ရွေးစင်အဆင့်တော့ မဟုတ်ဘူး။

မေး။ ။အဲဒီပြိုင်ပွဲမှာ အခုရွေးထားတဲ့ ပဏာမလက်ရွေးစင်ထဲကရော ပါဝင်လာဦးမလား။

ဖြေ။ ။အသက် (၁၇) နှစ်အောက်ဆိုတော့ တချို့လည်းပါမယ်။ ကျော်သွားတဲ့သူတော့ မပါတော့ဘူးပေါ့။

မေး။ ။အဲဒါဆိုရင် ဒီပြိုင်ပွဲက နိုင်ငံတကာအတွေ့အကြုံယူတဲ့ပွဲလို့ ရောခေါ်နိုင်မလား။

ဖြေ။ ။ဟုတ်ကဲ့။ အတွေ့အကြုံယူတာလည်းဖြစ်သလို ဒီပြိုင်ပွဲကြီးက လာမယ့် ၂၀၁၄ ခုနှစ်မှာကျင်းပမယ့် ကမ္ဘာ့လူငယ်အိုလံပစ်ရဲ့ လက်ရည်စမ်းပြိုင်ပွဲလည်းဖြစ်တယ်။ ဒီမှာအောင်မြင်မှုရမှ၊ လက်ရည်မီမှ အိုလံပစ်မှာ သွားပြိုင်ခွင့်ရမှာဖြစ်တယ်။

မေး။ ။အလေးမအားကစားကို ကစားခြင်းဖြင့် ရရှိစေမယ့် အကျိုးရလဒ်ကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ။ဒီအားကစားကိုကစားခြင်းအားဖြင့် နံပါတ်တစ်ကတော့ ကိုယ်ခန္ဓာ ကြံ့ခိုင်ဖွံ့ဖြိုးလာတာပေါ့။ နောက်ပြီး အလေးမအားကစားဟာ တစ်ဦးချင်းအားကစားဖြစ်တဲ့အတွက်ကြောင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ပိုရစေတယ်။ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေတယ်။ အလေးမအားကစားသည် ခွန်အားကိုချွေတာပြီးသုံးရတဲ့အတွက် ခွန်အားကို ဆုံးရှုံးစေမယ့် ဆေးလိပ်သောက်တာတို့၊ ညဥ့်နက်သန်းခေါင်ထိ ရုပ်မြင်သံကြားကြည့်တာတို့ကတော့ တဖြည်းဖြည်းနဲ့ လျော့သွားတာပေါ့။ အဲဒီအကျိုးခံစားခွင့်တွေတော့ ရရှိမှာဖြစ်ပါတယ်။

မေး။ ။အလေးမအဖွဲ့ချုပ်က အလေးမအားကစားသမား မျိုးဆက်သစ်မွေးထုတ်ပေးမှုတွေနဲ့ ပတ်သက်ပြီးတော့လည်း သိလိုပါတယ်။

ဖြေ။ ။အရင်တုန်းက အလေးမအားကစားရဲ့ အမျိုးသားအလေးမအားကစားမှာဆိုရင် တပ်မတော်ကိုအခြေခံပြီးတော့ တည်ထောင်ထားတာဖြစ်တယ်။ မြန်မာ့လက်ရွေးစင် အလေးမအားကစားသမားရဲ့ ၈၀ ရာခိုင်နှုန်းလောက်က တပ်မတော်သားတွေများတယ်။ သို့သော် ဒီကနေ့မှာ ကြည်း၊ ရေ၊ လေအလေးမပြိုင်ပွဲက မရှိတော့ဘူးဆိုတော့ ကျွန်တော်တို့ကကုန်ကြမ်းရဖို့ တအားခက်သွားပြီ။ ဒါကနံပါတ်တစ်အချက်။ နံပါတ်နှစ်အချက်ကနယ်တွေမှာ ထူးချွန်အားကစားသမားတွေရှိတယ်။ သူတို့ကို ကျွန်တော်တို့ကရွေးလိုက်တယ်။ ရွေးပြီးတော့ သင့်တော်တဲ့ဝန်ကြီးဌာန ကလပ်အသင်းတွေမှာ ထည့်ပေးထားတယ်။ သင့်တော်တဲ့ အလုပ်ပေးထားတာပေါ့။ ထိန်းထားတာပေါ့။ အဲဒီမှာ လေ့ကျင့်။ ကောင်းရင် ကျွန်တော်တို့က လက်ရွေးစင်အဖြစ်ရွေး။ အဲလိုဆိုတော့ ကြားခံတစ်ခုရှိတယ်။ အရင်က ဝန်ကြီးဌာနတွေမှာ အလေးမအသင်း ကိုးခုရှိတယ်။ ဒီကနေ့မှာအလေးမအသင်းက နှစ်သင်းလောက်ပဲကျန်တော့တယ်။ အဲတော့ နယ်ကခေါ်လာတဲ့ကလေးတွေကို ကြားခံတစ်နေရာမှာစုထားလို့မရတော့ဘူး။ အဖွဲ့ချုပ်ကလည်း ဒီလူအများကြီးကို ထိန်းမထားနိုင်ဘူး။ မထိန်းထားနိုင်တဲ့အတွက် ကစားသမားတွေကရှိရဲ့သားနဲ့ ကျွန်တော်တို့မစုနိုင်တော့ဘူး။ အဲဒါတစ်ခု အားနည်းတယ်။ အဲဒါကြောင့် အခုဘာလုပ်နေရသလဲဆိုရင် အဖွဲ့ချုပ်က နယ်တွေမှာ ဒေသဆိုင်ရာ လေ့ကျင့်ရေးစခန်းတွေ လိုက်ဖွင့်ပေးနေတယ်။

ဦးမြင့်ဆွေ
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်

မေး။ ။ အခု ဖွင့်လှစ်ထားပြီးတဲ့ ဒေသဆိုင်ရာ လေ့ကျင့်ရေးစခန်းတွေကို သိလိုပါတယ်။ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားဖို့ရော ရှိပါသလား။

ဖြေ။ ။ မြောင်းမြ၊ လပွတ္တာ၊ ပျဉ်းမနား၊ ပုသိမ်၊ လယ်ဝေးတို့မှာဖွင့်ထားပြီး နောက်လည်း တိုးချဲ့ဖွင့်သွားဖို့ရှိပါတယ်။ သို့သော် ကျွန်တော်တို့ ပံ့ပိုးမှုကတော့ အရမ်းအားနည်းတယ်။ နောက်တစ်ခုက အဲဒီဒေသဆိုင်ရာမှာ ဦးဆောင်လုပ်ပေးသူ လိုတယ်။ အဲဒီလူကိုလည်း ကျွန်တော်တို့က မပံ့ပိုးပေးနိုင်ဘူး။ သူက သူ့ဝါသနာနဲ့သူ လုပ်ပေးနေတာ။ အဲလိုဝါသနာပါတဲ့ သူရှာဖို့ကခက်တယ်။ ရှိတဲ့နေရာမှာ လိုက်လုပ်ပေးလို့ရတယ်။ မရှိတဲ့နေရာမှာကတော့ လုပ်ပေးလို့မရဘူး။ တကယ်လို့များ ကျွန်တော်တို့ဘက်ကနေပြီးတော့ သူ့ကို ဒါလုပ်ဗျာဆိုပြီး တာဝန်တစ်ရပ်အနေနဲ့ လစာပေးနိုင်ရင်လည်း ပုံစံတစ်မျိုးဖြစ်မှာပေါ့။ ဒါကိုတော့ အဖွဲ့ချုပ်အနေနဲ့ကမလုပ်နိုင်ဘူး။ အခုက ကိုယ်နဲ့ရင်းနှီးတဲ့သူကို လိုအပ်တာလေးပံ့ပိုးပေးပြီး လုပ်နေရတယ်။

မေး။ ။ အလေးမအဖွဲ့ချုပ်က တာဝန်ရှိသူတစ်ဦးအနေနဲ့ ပြောလိုတာများရှိရင် ပြောကြားပေးပါဦး။

ဖြေ။ ။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ကိုယ့်ပြိုင်ဘက်တွေဖြစ်တဲ့ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့ဆိုရင်လည်း အခုကမ္ဘာ့အဆင့်ကို ရောက်နေပြီ။ လူငယ်တန်းပြိုင်ပွဲတွေမှာဆိုရင်လည်း အင်ဒိုနီးရှားဆိုရင် အမျိုးသား ၅၆ ကီလိုတန်းဆိုရင် ကမ္ဘာမှာပထမရတယ်။ ဗီယက်နမ်ဆိုရင်လည်း အိုလံပစ်မှာ ဒုတိယဆုရတယ်။ အဲဒီတော့ ကျွန်တော်တို့က အဲဒီသုံးနိုင်ငံကို တော်တော်လေးကို ပြိုင်ဆိုင်ယှဉ်ပြိုင်သွားရမယ့် အနေအထားရှိတယ်။ ပြိုင်ပွဲကျင်းပမှု အနေအထားကတော့ နိုင်ငံတကာအဆင့်မီတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလက ကျင်းပခဲ့တဲ့ အာရှအလေးမလူငယ်တံခွန်စိုက်ပြိုင်ပွဲမှာ ဒီမှာလက်ခံကျင်းပပေးတယ်။ အဲဒီပြိုင်ပွဲက မြန်မာ့အလေးမသမိုင်းမှာ ပထမဆုံးလက်ခံကျင်းပတဲ့ပြိုင်ပွဲ ဖြစ်တယ်။ ကမ္ဘာ့အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်တိုင်က ဒီပြိုင်ပွဲဟာ ကမ္ဘာ့အလေးမအဆင့်မီတဲ့ ပြိုင်ပွဲဖြစ်ပါတယ် ဆိုပြီးတော့ပြောတယ်။ အဲတော့ ပြိုင်ပွဲက နိုင်ငံတကာအဆင့်မီအောင် ကျင်းပနိုင်တယ်။ ဆုတံဆိပ်ရရှိရေးကတော့ ကြိုးစားနေဆဲဖြစ်ပါတယ်။

○ အင်ဒိုနီးရှားမှ

ရွှံ့မီးတောင်ပေါက်ကွဲမှုသည် ၂၃ နှစ်မှ နှစ် ၅၀ အထိ ကြာမြင့်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ကိုလိုရာဒိုဘူလ်ဒါ တက္ကသိုလ်မှ သုတေသီ မက်ဖွဲရှူးဒေါ့ဖ်က ပြောကြားရာတွင် ယင်းရွှံ့မီးတောင်သည် လာမည့် နှစ်အနည်းငယ်အတွင်း ယနေ့ကာလမှုတ်ထုတ်နေသော ရွှံ့ရည်၏ ၁၀ ရာခိုင်နှုန်းကိုသာ မှုတ်ထုတ်တော့မည်ဟု လေ့လာသိရှိရသည် ဆို၏။

သုတေသီ ရှူးဒေါ့ဖ်သည် ၂၀၀၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၁ ခုနှစ် ဧပြီလအထိ ရွှံ့မီးတောင်၏ ရွှံ့ရည်မှုတ်ထုတ်မှု အခြေအနေကို ဂြိုဟ်တုဓာတ်ပုံများ အသုံးပြုကာ လေ့လာခဲ့သည်။ **ရိုက်တာ။**

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း
ကမ္ဘောဒီးယားနိုင်ငံ ဘုရင်ဟောင်း သီဟာနု၏ ဈာပနအခမ်းအနားတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်ဟောင်း နိုရိုဒွမ်သီဟာနု၏ ဈာပနအခမ်းအနားသို့ တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ IBTC Group of Companies က အဓိက ကူညီပံ့ပိုးသည့် (Myanmar Golf Tour-2013) IBTC Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈) ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf& Country Club ၌ ကျင်းပသည်။

စတုတ္ထနေ့ (၁၈) ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာပီဂျီအေ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုလေးက နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု(Daily Best)ရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က စုစုပေါင်း ရိုက်ချက် ၂၈၇ ချက်ဖြင့် အပျော်တမ်းအဆင့်တွင် ပထမရရှိသော ဇင်မင်းသူ၊ စုစုပေါင်းရိုက်ချက် (၂၈၇) ချက်ဖြင့် ဒုတိယရရှိသော မျိုးဝင်းအောင်နှင့် စုစုပေါင်းရိုက်ချက် (၂၈၇)ချက်ဖြင့် တတိယရရှိသော ရဲထက်အောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက Professional Glofers အဆင့်ပြိုင်ပွဲတွင် လေးရက်ပေါင်း ကိုးချက်လျှော့ရိုက်ပြီး စုစုပေါင်း ၂၇၉ ချက်ဖြင့် ပထမရရှိသော ရန်မျိုးအေး (RMGCC)၊ လေးရက်ပေါင်း ခုနစ်ချက်လျှော့ရိုက်ပြီး စုစုပေါင်း ရိုက်ချက်(၂၈၁)ချက်ဖြင့် ဒုတိယရရှိသော နေဗလဝင်းမြင့် (Srixon) နှင့် လေးရက်ပေါင်း ခြောက်ချက်လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် (၂၈၂) ချက်ဖြင့် တတိယရရှိသော စိုးကျော်နိုင် (Srixon) တို့အား ဆုများကို ချီးမြှင့်သည်။

ထို့နောက် IBTC Group of Companies မှ Executive Director ဦးတင့်ဦးက Professional Glofers အဆင့်ပြိုင်ပွဲတွင် ပထမရရှိသော ရန်မျိုးအေး (RMGCC) အား ဆုကြေးငွေ သိန်း ၃၀ ချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ပြီး Royal Mingalardon Golf& Country Club အား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ရာ ဂေါက်ကွင်းမှ ဦးဆန်းထွန်း (Golf Director) က လက်ခံကြောင်း သိရသည်။

(မောင်မောင်)

လူငယ်လေးများ လမ်းမှားသို့ မရောက်စေချင်

ဇင်ဘို

ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော မြို့ကြီးပြကြီးများနှင့် မြို့နယ်ဒေသအသီးသီးတို့တွင် အရက်အပါအဝင် ယမကာအမျိုးမျိုးကို စီးပွားဖြစ်ရောင်းချနေသည့် ဘီယာဆိုင်များနှင့် အရက်ဆိုင်များသည် အလွန်တရာ များပြားလာလျက် ရှိနေခဲ့ပြီး အဆိုပါ ယမကာဆိုင်များတွင် အရက်သေစာသောက်စားသူများအား တွေ့မြင်နေရသည်မှာ ယနေ့လူငယ်များအတွက် ရင်လေးဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အရက်ရောင်းချသူများလိုက်နာကျင့်သုံးရမည့် ဥပဒေတချို့ ထုတ်ပြန်ထားပြီး အဆိုပါထုတ်ပြန်ချက်များမှာ အသက်ရှစ်နှစ်အောက် ကလေးသူငယ်များအရက်ဝယ်ယူခြင်း၊ သောက်သုံးခွင့်မရှိခြင်း၊ အမျိုးသမီးများအနေဖြင့် အရက်ရောင်းချခြင်း မပြုလုပ်ရန်နှင့် အရက်ရောင်းချသူများသည် သတ်မှတ်လိုင်စင်ရှိမှသာ အရက်ကိုရောင်းချခွင့်ရှိခြင်း စသည့် အချက်များကို ပြဋ္ဌာန်းထားကြောင်း သိရှိရသည်။

ထိုဥပဒေထုတ်ပြန်ချက်ကို အရက်ရောင်းချသူများ လိုက်နာကျင့်သုံးရမည်ကို မသိကြသလို၊ အသိပညာပေးဖြန့်ဝေမှုအားနည်းခြင်းကြောင့် အရက်ဆိုင်များ ပေါများလာခြင်း၊ တရားမဝင်ဖွင့်လှစ်ရောင်းချလာခြင်း၊ ဘီယာနှင့်အရက်ဆိုင်များတွင် အမျိုးသမီးများကို ၎င်းတို့၏ထုတ်ကုန်များ ရောင်းချစေခိုင်းမှုများ ဖြစ်ပေါ်စေခဲ့သည်။

အဆိုပါ ဘီယာ၊ အရက်အပါအဝင် ယမကာမျိုးစုံကို ရောင်းချနေသည့်ဆိုင်များ ပေါများလာခြင်းကြောင့် ယခုခေတ်လူငယ်အများစုအတွက် အရက်ကို အလွယ်တကူဝယ်ယူရရှိနိုင်ပြီး အရက်ဆိုင်အတွင်း အမျိုးသမီးများ စားပွဲထိုး ရောင်းချခိုင်းစေမှုများကြောင့် အရက်ဆိုင်သို့ လာရောက်သူများပြားလာပြီး အရက်ကို စမ်းသပ်သည့် သဘောဖြင့် သောက်သုံးရာမှ အရက်သောက်သုံးသူလူဦးရေမှာ ပိုမိုများပြားလာနိုင်ပါသည်။

ထို့အပြင် ဆိုင်အတွင်း သရုပ်ပျက် အဝတ်အစားများ ဝတ်ဆင်ထားသည့် မော်ဒယ်၏ ပိုစတာများကပ်ထားခြင်းသည်လည်း ဆယ်ကျော်သက်အရွယ် လူငယ်တို့၏ မျက်စိကိုဖမ်းစားစေနိုင်သည့်အပြင် မက်လုံးများကြောင့်အရက်အပေါ် စိတ်ဝင်စားမှုမြင့်တက်စေနိုင်သည်။

သို့အတွက်ကြောင့် နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ် လူငယ်လေးများ လမ်းမှားသို့မရောက်ရှိရေးအတွက် သက်ဆိုင်ရာ ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများက လူငယ်များအား ပညာပေးခြင်း၊ စည်းကမ်းပျက် ယမကာဆိုင်များအား စည်းကမ်းချက်များနှင့်ကိုက်ညီအောင် ထိန်းသိမ်းပြုပြင်စေခြင်းဖြင့် အနာဂတ်ကြယ်ပွင့်လေးများ၏ဘဝ ညှိုးနွမ်းမသွားစေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၃

မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့်တောင်သူတစ်ဦးချင်း ဦးပိုင်လုပ်ကွက်ဧရိယာစာရင်းမှန်ကန်ရေးလုပ်ငန်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေက ခရိုင်နှင့် မြို့နယ်မြေစာရင်း ဦးစီးဌာနမှူးများအား ဆွေးနွေးမှာကြားသည်။

လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်နှစ်ခု၊ မြို့နယ် ၁၇ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း (၁၃၃/၆၁၁) တွင် တောင်သူပေါင်း ၁၈၉၄၈၆ နှင့် လယ်ယာမြေဦးပိုင် လုပ်ကွက်ပေါင်း ၂၇၅၅၂၁ အား လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့က ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)

ကျိုက်ထီးရိုးစေတီ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ သုံးနှစ်တစ်ကြိမ်ကပ်လှူသည့်ပွဲဖြစ်၍ ဘုရားဖူးပြည်သူများ စည်ကား

သတင်းနှင့် ဓာတ်ပုံ
ချမ်းမြေ့မောင်

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား လှူဒါန်းပူဇော်နေကြဖြစ်သော သုံးနှစ်တစ်ကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲနှင့် ရောင်တော်ဖွင့်ပွဲကို ဇန်နဝါရီမှ ဖေဖော်ဝါရီ ၁၅ ရက်အထိ ကျင်းပလျက်ရှိရာ ဘုရားလုံးတော်မှ ထီးတော်အထိ ငြမ်းဆင်ထားသည်ကို တွေ့ခဲ့ရသည်။

ထိုသို့ ငြမ်းဆင်ပြီး ရွှေသင်္ကန်းကပ်နေစဉ် ဇန်နဝါရီ ၃၀ ရက် နံနက်က ရုတ်တရက်အချိန်အခါမဟုတ် နှင်းမုန်တိုင်းတစ်ခုကျလာပြီး မိုးသည်းထန်စွာ ရွာသွန်းရာ ဘုရားရင်ပြင်တော်ရှိ ရွှေသင်္ကန်းကပ်လှူရန် နှီးဆော်စိုက်ထူထားသော ဆိုင်းဘုတ်များပြိုလဲပြီး ဘုရားဈေးတန်းဘက်တွင် မိုးသီးများ ကြွေကျသည်။ သို့သော် မိုးမှာ ခဏသာရွာပြီး ချက်ချင်းတိတ်သွားသည်။ မိုးတိတ်သွားစဉ် ဘုရားရင်ပြင်တော်တံမြက်လှည်းအဖွဲ့က ချက်ချင်းတံမြက်စည်းများလှည်းကျင်းပြီး သန့်ရှင်းရေးဆောင်ရွက်ပေးမှုကြောင့် ဘုရားရင်ပြင်တော် တစ်ခုလုံးသန့်ရှင်းသွားသည်။

ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်ဖြစ်သော ကျိုက်ထီးရိုးစေတီတော်တည်ရှိရာ ကျိုက်ထီးရိုးတောင်သည် မုဆိုးတောင်၏အနီးတွင်ရှိပြီး ကျိုက်ထီးရိုးတောင်ဟု အမည်မတွင်မီက လုံးတင်တောင်ဟု ခေါ်သည်။ ကျောက်တုံးများ တစ်တုံးပေါ် တစ်တုံး ဆင့်ကာ ဆင့်ကာ တည်နေသည်ကို တွေ့ရခြင်းကြောင့် လုံးတင်တောင်ဟု ခေါ်ကြခြင်းဖြစ်သည်။ မွန်လူမျိုးတို့၏ ဘာသာစကားဖြင့် "ကျိုက်က္ကသိရိုး" တောင်ဟု ခေါ်သည်။ ကျိုက်က္ကသိရိုးကို "ရသေ့ကြီးရွက်ထားသောဘုရား"ဟု သမိုင်းကဆိုသည်။ နောင်ကြာသောအခါ မြန်မာအသံထွက်နှင့် ကျိုက်ထီးရိုးဘုရားဟု ဘွဲ့အမည်တွင်လာခဲ့သည်ဆို၏။

ရှေးနှစ်ပေါင်း ၁၂၅၆ ခုနှစ်ခန့်ကတည်းက တည်ထားတော်မူခဲ့သော ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးမှာ တောင်ပေါ်တွင် သပ္ပာယ်စွာ တည်ရှိလျက်ရှိသောကြောင့် မြန်မာပြည်သူပြည်သားများသာမက ကမ္ဘာလှည့်ခရီးသွားများ လာရောက်ဖူးမြော်ကြည်ညိုသဒ္ဓါပွားလျက်ရှိနေသောကြောင့် အလွန်စည်ကားလျက်ရှိသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ကြီးကြပ်၍ ဘုရားဖူးလာ ပြည်သူများ အန္တရာယ်ကင်းစွာ တောင်ပေါ်သို့ ဘုရားတက်ရောက်ဖူးမြော်နိုင်ကြစေရန် CANTER အမျိုးအစားကား အစီးပေါင်း ၁၄၀ ကျော်ဖြင့် ကင်ပွန်းစခန်းမှ ကျိုက်ထီးရိုးတောင်ပေါ်အထိ စနစ်တကျပို့ဆောင်ပေးလျက်ရှိသဖြင့် ဘုရားဖူးများ သွားရေးလာရေး အဆင်ပြေချောမွေ့လျက်ရှိနေသည်။

ထို့အပြင် ဘုရားရင်ပြင်တော်ခြေရင်းနှင့် ရင်ပြင်တော်ပေါ်တို့၌ ဟိုတယ်နှင့် မိုတယ်များ၊ တည်းခိုခန်းများ တည်ဆောက်ဖွင့်လှစ်ခွင့်ပေးထားခြင်းကြောင့် ဘုရားဖူးများအတွက် တည်းခိုမှု အဆင်ပြေလျက်ရှိသလို ကျိုက်ထီးရိုးတောင်နှင့် မုဆိုးတောင်အကြားတွင် စားသောက်ဆိုင်များရှိသဖြင့်လည်း စားသောက်ရေးအတွက် ပူပင်စရာမလိုသည့်အပြင် အဆိုပါစားသောက်ဆိုင်များ၌လည်း ညအိပ်အခမဲ့တည်းခိုခွင့်ပေးကြသဖြင့် အုပ်စုလိုက် ဘုရားဖူးများအတွက် တည်းခိုစရိတ်သက်သာလျက်ရှိကြောင်းလည်း သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်နှင့် ရောင်တော်ဖွင့်ပွဲပြုလုပ်ရန် ငြမ်းများဆင်ထားစဉ်။

အလှတွင်အယဉ်ဆင့်လာသော ပဲခူးမြို့ လိပ်ပြာကန်

ပဲခူးမြို့၏ ကျက်သရေဆောင်ဖြစ်သော လိပ်ပြာကန် သာယာလှပတင့်တယ်စေရေးအတွက် လိပ်ပြာကန်၏ မြောက်ဘက်ကန်ပေါင်သည် ကျောက်စီမြေထိန်းနံရံ ကာရံထားပြီး ကန်ပေါင်ပေါ်တွင် ကွန်ကရစ်လျှောက်လမ်းခင်းထားရာ နံနက်ခင်း၊ ညနေခင်းတို့တွင် ကျန်းမာရေးလေ့ကျင့်ခန်းလုပ်သူ၊ အပန်းဖြေနားနေသူများဖြင့် စည်ကားလျက်ရှိသည်။ ရောင်စုံပန်းများ ဖူးပွင့်ဝေဆာနေသော ပန်းခုံများ၊ ကာရံထားသော စတီးလက်ရန်းများ၊ နားနေရန် ကျောက်ထိုင်ခုံများ၊ ထိန်ဝေလျက်ရှိသော လျှပ်စစ်မီးရောင်စုံများဖြင့် လိပ်ပြာကန်သည် အလှကြီးလှနေသည်။

ယခုအခါတွင် အလှတွင်အယဉ်ဆင့်ပါတော့မည်။ လိပ်ပြာကန်၏ ကန်ပေါင်လေးဘက်အနက် မြောက်ဘက်ကန်ပေါင်တစ်ခုကိုသာ ပြုပြင်တည်ဆောက်ထားရာမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အနောက်ဘက်ခြမ်း ကန်ပေါင် (ကိုယ့်မင်းကိုယ့်ချင်းလမ်းဘက်ခြမ်း)ကို မြောက်ဘက်ကန်ပေါင်ကဲ့သို့ လှပတင့်တယ်စေရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ **(ဓာတ်ပုံ)**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးကျော်က အနောက်ဘက် ကန်ပေါင်ကို မြောက်ဘက်ကန်ပေါင်နည်းတူ အဆင့်မြှင့်တည်ဆောက်ခြင်းကို မတ်လကုန်တွင် အပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေနှင့် စေတနာရှင် ဦးမျိုးဆွေတို့ ပူးပေါင်းထည့်ဝင်ငွေဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ကျန်ရှိသည့် တောင်ဘက်ကန်ပေါင်နှင့် အရှေ့ဘက်ကန်ပေါင်တို့ကို အဆင့်မြှင့်ပြုပြင်တည်ဆောက်ရန်နှင့် ရှင်ဥပဂုတ္တရဟန္တာ အရှင်မြတ်ကြီး သီတင်းသုံးစံမြန်းသည့် စံကျောင်းတော်ကြီးတည်ရှိရာ ကန်တော်အတွင်း ရေပန်းများဖြင့် အလှဆင်ခြင်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့၏ ထင်ရှားကျော်ကြားသော တန်ခိုးကြီးဘုရားများ၊ ကမ္ဘောဇသာဒီနန်းတော်နှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအတွက် ဂုဏ်ယူရသကဲ့သို့ ကန်သာလိပ်ပြာသည်လည်း ပဲခူး၏နိမိတ်ပုံဖြစ်ပေရာ လိပ်ပြာကန်ကြီးအလှတွင် အယဉ်ဆင့်အောင် အချိုပေါ် သကာလောင်းနေသော တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများကို မြို့မိမြို့ဖများက ကျေနပ်ဝမ်းမြောက်လျက်ရှိကြသည်။

(စိန်လှိုင်ဗိုလ်)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၏ အထူးရွှေတံဆိပ်ဆုကို ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာပညာဘာသာရပ်မှ ကျောင်းသား မောင်ဇာနည်အား လည်းကောင်း၊ Wealth Ocean Myanmar ၏ Marine Engineer Student Prize ရွှေနာရီဆုအား ရေကြောင်းအင်ဂျင်နီယာပညာဘာသာရပ်မှ ကျောင်းသား မောင်မင်းထွဋ်ဝေအား လည်းကောင်း၊ Hutchison Port Holding (Hong Kong) ၏ ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ အား ဆိပ်ကမ်းအင်ဂျင်နီယာပညာ ဘာသာရပ်မှ ကျောင်းသား မောင်ဝေယံအောင်အား လည်းကောင်း၊ တော်ဝင်ရေယာဉ်ဗိသုကာအသင်း (အင်္ဂလန်) (RINA Myanmar Shipyard Award) ၏ ရွှေတံဆိပ်ဆုနှင့် ကျပ်တစ်သိန်းအား ရေယာဉ်တည်ဆောက်မှုနှင့် အဏ္ဏဝါအင်ဂျင်နီယာပညာ ဘာသာရပ်မှ ကျောင်းသား မောင်ဇာနည်တို့အား လည်းကောင်း ဘာသာရပ်အလိုက် ပညာရည်ချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူ ကိုးဦးတို့အား ပညာရည်ချွန်ဆုများကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ပေးအပ်ချီးမြှင့်ခဲ့ပြီး Marine Engineer Student Prize ရွှေနာရီဆုရရှိသူ ရေကြောင်းအင်ဂျင်နီယာပညာဘာသာရပ်မှ ကျောင်းသား မောင်မင်းထွဋ်ဝေအား ဂျပန်နိုင်ငံ Marixkk မှ Mr.Shozo Takeguchi မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက သင်္ဘောလုပ်ငန်း စီမံခန့်ခွဲမှုပညာဘာသာရပ် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ ဆိပ်ကမ်း စီမံခန့်ခွဲမှုပညာဘာသာရပ် ကျောင်းသား ကျောင်းသူ ၃၀ တို့အား ဘွဲ့လွန်ဒီပလိုမာဘွဲ့များကို ပေးအပ်ပြီး ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာ ဘွဲ့ ၉၀၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ ၁၁၄ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ ၄၂ ဦး၊ မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့ နှစ်ဦး၊ ရေကြောင်းလျှပ်စစ်နှင့် အင်ဂျင်နီယာဘွဲ့ ၄၀ ၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ ၈၆ ဦး စုစုပေါင်း ၄၁၄ ဦးတို့အား ဘွဲ့များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

(ရေကြောင်းတက္ကသိုလ်)

တော်ဝင်စင်တာ (၂)နှစ်ပြည့် စတုဒိသာအလှူ

TAW WIN FAMILY CO., Ltd
TAW WIN CENTRE

တော်ဝင်မိသားစုကုမ္ပဏီမှ ဖေဖော်ဝါရီ ၆ ရက်နေ့ နံနက် ၁၀ နာရီ အချိန်တွင် တော်ဝင်စင်တာ၌ မြန်မာမှုတေးဂီတ၊ မြန်မာသံစဉ် အဆိုတော်များနှင့် ဖျော်ဖြေ၍ စတုဒိသာ ထောပတ်ထမင်း၊ ကြက်သားဟင်း နှင့် အအေး ဖြင့် ကျွေးမွေးဧည့်ခံမည် ဖြစ်ပါသောကြောင့် မည်သူမဆို ကြွရောက် သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ၊ တော်ဝင်စင်တာမိသားစု

ကျူးလစ်(ပ်)ပန်းရဲ့ အနှိုင်းမဲ့မွှေးရနံ့နဲ့အတူ အသားအရေကို ဖြူဝင်းလှပစေပါသည်...

အရည်အသွေးကို ဦးစားပေးလို့ပဲဖြစ်ဖြစ်...
ဈေးနှုန်းချိုသာမှုကို အဓိကထားလို့ပဲဖြစ်ဖြစ်...
တစ်မိသားစုလုံး ဖြူဝင်းလှပဖို့ ရွေးချယ်မယ်ဆိုရင်တော့...
Anytime ပဲဖြစ်မှာပေါ့။

Anytime

အမြို့မြို့အနယ်နယ်ရှိဆိုင်တိုင်းတွင်ရရှိနိုင်ပါသည်။

Whitening Cream
Face & Body

ပြည်တွင်းရေးရာ

ကျိုက်ထီးရိုးစေတီ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ သုံးနှစ်တစ်ကြိမ်ကပ်လှူသည့်ပွဲဖြစ်၍ ဘုရားဖူးပြည်သူများ စည်ကား

သတင်းနှင့် ဓာတ်ပုံ ချမ်းမြေ့မောင်

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား လှူဒါန်းပူဇော်နေကြဖြစ်သော သုံးနှစ်တစ်ကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲနှင့် ရောင်တော်ဖွင့်ပွဲကို ဇန်နဝါရီမှ ဖေဖော်ဝါရီ ၁၅ ရက်အထိ ကျင်းပလျက်ရှိရာ ဘုရားလုံးတော်မှ ထီးတော်အထိ ငြမ်းဆင်ထားသည်ကို တွေ့ခဲ့ရသည်။

ထိုသို့ ငြမ်းဆင်ပြီး ရွှေသင်္ကန်းကပ်နေစဉ် ဇန်နဝါရီ ၃၀ ရက် နံနက်က ရုတ်တရက်အချိန်အခါမဟုတ် နှင်းမုန်တိုင်းတစ်ခုကျလာပြီး မိုးသည်းထန်စွာရွာသွန်းရာ ဘုရားရင်ပြင်တော်ရှိ ရွှေသင်္ကန်းကပ်လှူရန် နှိုးဆော်စိုက်ထူထားသော ဆိုင်းဘုတ်များပြိုလဲပြီး ဘုရားဈေးတန်းဘက်တွင် မိုးသီးများ ကြွေကျသည်။ သို့သော် မိုးမှာ ခဏသာရွာပြီး ချက်ချင်းတိတ်သွားသည်။ မိုးတိတ်သွားစဉ် ဘုရားရင်ပြင်တော်တံမြက်လှည်းအဖွဲ့က ချက်ချင်းတံမြက်စည်းများလှည်းကျင်းပြီး သန့်ရှင်းရေးဆောင်ရွက်ပေးမှုကြောင့် ဘုရားရင်ပြင်တော် တစ်ခုလုံးသန့်ရှင်းသွားသည်။

ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်ဖြစ်သော ကျိုက်ထီးရိုးစေတီတော်တည်ရှိရာ ကျိုက်ထီးရိုးတောင်သည် မုဆိုးတောင်၏အနီးတွင်ရှိပြီး ကျိုက်ထီးရိုးတောင်ဟု အမည်မတွင်မီက လုံးတင်တောင်ဟု ခေါ်သည်။ ကျောက်တုံးများ တစ်တုံးပေါ် တစ်တုံးဆင့်ကာ ဆင့်ကာ တည်နေသည်ကို တွေ့ရခြင်းကြောင့် လုံးတင်တောင်ဟု ခေါ်ကြခြင်းဖြစ်သည်။ မွန်လူမျိုးတို့၏ ဘာသာစကားဖြင့် "ကျိုက်က္လသိရိုး" တောင်ဟု ခေါ်သည်။ ကျိုက်က္လသိရိုးကို "ရသေ့ကြီးရွက်ထားသောဘုရား"ဟု သမိုင်းကဆိုသည်။ နောင်ကြာသောအခါ မြန်မာအသံထွက်နှင့် ကျိုက်ထီးရိုးဘုရားဟု ဘွဲ့အမည်တွင်လာခဲ့သည်ဆို၏။

ရှေးနှစ်ပေါင်း ၁၂၅၆ ခုနှစ်ခန့်ကတည်းက တည်ထားတော်မူခဲ့သော ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးမှာ တောင်ပေါ်တွင် သပ္ပာယ်စွာတည်ရှိလျက်ရှိသောကြောင့် မြန်မာပြည်သူပြည်သားများသာမက ကမ္ဘာလှည့်ခရီးသွားများ လာရောက်ဖူးမြော်ကြည်ညိုသဒ္ဒါပွားလျက်ရှိနေသောကြောင့် အလွန်စည်ကားလျက်ရှိသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ကြီးကြပ်၍ ဘုရားဖူးလာ ပြည်သူများ

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်နှင့် ရောင်တော်ဖွင့်ပွဲပြုလုပ်ရန် ငြမ်းများဆင်ထားစဉ်။

အန္တရာယ်ကင်းစွာ တောင်ပေါ်သို့ ဘုရားတက်ရောက်ဖူးမြော်နိုင်ကြစေရန် CANTER အမျိုးအစားကား အစီးပေါင်း ၁၄၀ ကျော်ဖြင့် ကင်ပွန်းစခန်းမှ ကျိုက်ထီးရိုးတောင်ပေါ်အထိ စနစ်တကျပို့ဆောင်ပေးလျက်ရှိသဖြင့် ဘုရားဖူးများ သွားရေးလာရေး အဆင်ပြေချောမွေ့လျက်ရှိနေသည်။

ထို့အပြင် ဘုရားရင်ပြင်တော်ခြေရင်းနှင့် ရင်ပြင်တော်ပေါ်တို့၌ ဟိုတယ်နှင့် မိုတယ်များ၊ တည်းခိုခန်းများ တည်ဆောက်ဖွင့်လှစ်ခွင့်ပေးထားခြင်းကြောင့် ဘုရားဖူးများအတွက် တည်းခိုမှု အဆင်ပြေလျက်ရှိသလို ကျိုက်ထီးရိုးတောင်နှင့် မုဆိုးတောင်အကြားတွင် စားသောက်ဆိုင်များရှိသဖြင့်လည်း စားသောက်ရေးအတွက် ပူပင်စရာမလိုသည့်အပြင် အဆိုပါစားသောက်ဆိုင်များ၌လည်း ညအိပ်အခမဲ့တည်းခိုခွင့်ပေးကြသဖြင့် အုပ်စုလိုက် ဘုရားဖူးများအတွက် တည်းခိုစရိတ်သက်သာလျက်ရှိကြောင်းလည်း သိရသည်။

အလှတွင်အယဉ်ဆင့်လာသော ပဲခူးမြို့ လိပ်ပြာကန်

ပဲခူးမြို့၏ ကျက်သရေဆောင်ဖြစ်သော လိပ်ပြာကန် သာယာလှပတင့်တယ်စေရေးအတွက် လိပ်ပြာကန်၏ မြောက်ဘက်ကန်ပေါင်သည် ကျောက်စီမြေထိန်းနံရံ ကာရံထားပြီး ကန်ပေါင်ပေါ်တွင် ကွန်ကရစ်လျှောက်လမ်းခင်းထားရာ နံနက်ခင်း၊ ညနေခင်းတို့တွင် ကျန်းမာရေးလေ့ကျင့်ခန်းလုပ်သူ၊ အပန်းဖြေနားနေသူများဖြင့် စည်ကားလျက်ရှိသည်။ ရောင်စုံပန်းများ ဖူးပွင့်ဝေဆာနေသော ပန်းခုံများ၊ ကာရံထားသော စတီးလက်ရန်းများ၊ နားနေရန် ကျောက်ထိုင်ခုံများ၊ ထိန်ဝေလျက်ရှိသော လျှပ်စစ်မီးရောင်စုံများဖြင့် လိပ်ပြာကန်သည် အလှကြီးလှနေသည်။

ယခုအခါတွင် အလှတွင်အယဉ်ဆင့်ပါတော့မည်။ လိပ်ပြာကန်၏ ကန်ပေါင်လေးဘက်အနက် မြောက်ဘက်ကန်ပေါင်တစ်ခုကိုသာ ပြုပြင်တည်ဆောက်ထားရာမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အနောက်ဘက်ခြမ်း ကန်ပေါင် (ကိုယ့်မင်းကိုယ့်ချင်းလမ်းဘက်ခြမ်း)ကို မြောက်ဘက်ကန်ပေါင်ကဲ့သို့ လှပတင့်တယ်စေရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ (ဓာတ်ပုံ)

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးကျော်က အနောက်ဘက် ကန်ပေါင်ကို မြောက်ဘက်ကန်ပေါင်နည်းတူ အဆင့်မြှင့်တည်ဆောက်ခြင်းကို မတ်လကုန်တွင် အပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေနှင့် စေတနာရှင် ဦးမျိုးဆွေတို့ ပူးပေါင်းထည့်ဝင်ငွေဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ကျန်ရှိသည့် တောင်ဘက်ကန်ပေါင်နှင့် အရှေ့ဘက်ကန်ပေါင်တို့ကို အဆင့်မြှင့်ပြုပြင်တည်ဆောက်ရန်နှင့် ရှင်ဥပဂုတ္တရဟန္တာ အရှင်မြတ်ကြီး သီတင်းသုံးစံမြန်းသည့် စံကျောင်းတော်ကြီးတည်ရှိရာ ကန်တော်အတွင်း ရေပန်းများဖြင့် အလှဆင်ခြင်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့၏ ထင်ရှားကျော်ကြားသော တန်ခိုးကြီးဘုရားများ၊ ကမ္ဘောဇသာဒီနန်းတော်နှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအတွက် ဂုဏ်ယူရသကဲ့သို့ ကန်သာလိပ်ပြာသည်လည်း ပဲခူး၏နိမိတ်ပုံဖြစ်ပေရာ လိပ်ပြာကန်ကြီးအလှတွင် အယဉ်ဆင့်အောင် အချိုပေါ် သကာလောင်းနေသော တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများကို မြို့မိမြို့ဖများက ကျေနပ်ဝမ်းမြောက်လျက်ရှိကြသည်။

(စိန်လှိုင်ဗိုလ်)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ အထူးရွှေတံဆိပ်ဆုကို ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာပညာဘာသာရပ်မှ ကျောင်းသား မောင်ဇာနည်အား လည်းကောင်း၊ Wealth Ocean Myanmar ၏ Marine Engineer Student Prize ရွှေနာရီဆုအား ရေကြောင်းအင်ဂျင်နီယာပညာဘာသာရပ်မှ ကျောင်းသား မောင်မင်းထွဋ်ဝေအား လည်းကောင်း၊ Hutchison Port Holding (Hong Kong) ၏ ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ အား ဆိပ်ကမ်းအင်ဂျင်နီယာပညာ ဘာသာရပ်မှ ကျောင်းသား မောင်ဝေယံအောင်အား လည်းကောင်း၊ တော်ဝင်ရေယာဉ်ဗိသုကာအသင်း (အင်္ဂလန်) (RINA Myanmar Shipyard Award) ၏ ရွှေတံဆိပ်ဆုနှင့် ကျပ်တစ်သိန်းအား ရေယာဉ်တည်ဆောက်မှုနှင့် အဏ္ဏဝါအင်ဂျင်နီယာပညာ ဘာသာရပ်မှ ကျောင်းသား မောင်ဇာနည်တို့အား လည်းကောင်း ဘာသာရပ်အလိုက် ပညာရည်ချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူ ကိုးဦးတို့အား ပညာရည်ချွန်ဆုများကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ပေးအပ်ချီးမြှင့်ခဲ့ပြီး Marine Engineer Student Prize ရွှေနာရီဆု ရရှိသူ ရေကြောင်းအင်ဂျင်နီယာပညာဘာသာရပ်မှ ကျောင်းသား မောင်မင်းထွဋ်ဝေအား ဂျပန်နိုင်ငံ Marixkk မှ Mr.Shozo Takeguchi မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက သင်္ဘောလုပ်ငန်း စီမံခန့်ခွဲမှုပညာဘာသာရပ် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ ဆိပ်ကမ်း စီမံခန့်ခွဲမှုပညာဘာသာရပ် ကျောင်းသား ကျောင်းသူ ၃၀ တို့အား ဘွဲ့လွန်ဒီပလိုမာဘွဲ့များကို ပေးအပ်ပြီး ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာ ဘွဲ့ ၉၀၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ ၁၁၄ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ ၄၂ ဦး၊ မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့ နှစ်ဦး၊ ရေကြောင်းလျှပ်စစ်နှင့် အင်ဂျင်နီယာဘွဲ့ ၄၀ ၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ ၈၆ ဦး စုစုပေါင်း ၄၁၄ ဦးတို့အား ဘွဲ့များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

(ရေကြောင်းတက္ကသိုလ်)

တော်ဝင်စင်တာ (၂)နှစ်ပြည့် စတုဒိသာအလှူ

တော်ဝင်မိသားစုကုမ္ပဏီမှ ဖေဖော်ဝါရီ ၆ ရက်နေ့ နံနက် ၁၀ နာရီ အချိန်တွင် တော်ဝင်စင်တာ၌ မြန်မာမှုတေးဂီတ၊ မြန်မာသံစဉ် အဆိုတော်များနှင့် ဖျော်ဖြေ၍ စတုဒိသာ ထောပတ်ထမင်း၊ ကြက်သားဟင်း နှင့် အအေး ဖြင့် ကျွေးမွေးဧည့်ခံမည် ဖြစ်ပါသောကြောင့် မည်သူမဆို ကြွရောက် သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ၊ တော်ဝင်စင်တာမိသားစု

TAW WIN FAMILY CO., Ltd

TAW WIN CENTRE

ကျူးလစ်(ပ်)ပန်းရဲ့ အနှိုင်းမဲ့မွှေးရနံ့နဲ့အတူ အသားအရေကို ဖြူဝင်းလှပစေပါသည်...

အရည်အသွေးကို ဦးစားပေးလို့ပဲဖြစ်ဖြစ်...
ဈေးနှုန်းချိုသာမှုကို အဓိကထားလို့ပဲဖြစ်ဖြစ်...
တစ်မိသားစုလုံး ဖြူဝင်းလှပဖို့ ရွေးချယ်မယ်ဆိုရင်တော့...
Anytime ပဲဖြစ်မှာပေါ့။

Anytime

အမြို့မြို့အနယ်နယ်ရှိဆိုင်တိုင်းတွင်ရရှိနိုင်ပါသည်။

Whitening Cream
Face & Body

ဘောလိဝုဒ် သရုပ်ဆောင် ပရီရန်ကာ ချိုပရာ။

ဘောလိဝုဒ်ရုပ်ရှင်လောကအကြောင်း ကမ္ဘာသိအောင် ချပြလိုတဲ့ ပရီရန်ကာချိုပရာ

နာမည်ကျော် ဘောလိဝုဒ်သရုပ်ဆောင် ပရီရန်ကာချိုပရာက မကြာခင်က ထွက်ရှိခဲ့သည့် သူမ၏ တစ်ကိုယ်တော်အယ်လ်ဘမ် In My City ၏ ဗီဒီယိုခွေသည် အိန္ဒိယလူမျိုးတို့၏ ရိုးရာအက၊ ဓလေ့စရိုက်များနှင့် ဘောလိဝုဒ်ရုပ်ရှင်လောကအကြောင်းများကို ကမ္ဘာကသိရှိအောင် ပြသလိုသည့် ဆန္ဒဖြင့် ထုတ်ဝေခဲ့ခြင်း ဖြစ်ကြောင်း ယင်းအခွေစတင်မိတ်ဆက်သည့် အခမ်းအနားတွင် ချိုပရာက ဆိုသည်။

"ဒီသီချင်းလေးတွေကို နားထောင်လိုက်တာနဲ့ အိန္ဒိယသီချင်းပဲလို့ သိလာတာလေးတွေကို လိုချင်တယ်။ နောက်ပြီး ဗီဒီယိုခွေကို ကြည့်လိုက်ရင် ဘောလိဝုဒ်ဆိုတာ ဒီလိုမျိုးလားဆိုပြီး အနောက်တိုင်းသားတွေကိုလည်း သိရှိနားလည်စေချင်ပါတယ်၊ တချို့သီချင်းတွေမှာ တေးသွားပေါင်းစပ်မှုတွေ လုပ်ထားပါတယ်" ဟု ချိုပရာက ရှင်းပြခဲ့သည်။

ထို့ပြင် ချိုပရာက "ကျွန်မဒီအခွေကို ကျွန်မရဲ့အဖေကို အရင်ဆုံးပြခဲ့ပါတယ်၊ အဖေက အားလုံးသဘောကျပါတယ်၊ အထူးသဖြင့် 'Namaste' ဆိုတဲ့ အိန္ဒိယရဲ့ယဉ်ကျေးမှုဖြစ်တဲ့ နှုတ်ခွန်းဆက်စကားလေး ထည့်ထားတာကိုပေါ့၊ အဖေကတော့ အခုကျန်းမာရေးမကောင်းလို့ ဆေးရုံမှာပါ"ဟု ပြောပြသည်။

ထို့ပြင် သူမကိုယ်တိုင် သရုပ်ဆောင်ထားသည့်ရုပ်ရှင်တွင် ဇာတ်ဝင်သီချင်းကို ကိုယ်တိုင်သီဆိုလိုသည့် ဆန္ဒရှိကြောင်း၊ ယခုအခွေသည် ၎င်းအတွက် နိဒါန်းဖြစ်ကြောင်း သူမ၏ဆန္ဒကို ထုတ်ဖော်ပြောကြားသွားခဲ့သည်။

(၃၆)နှစ်အတွင်း ပထမဆုံးအကြိမ် အော်စကာပွဲသို့ ပြန်လည်ရောက်ရှိလာသည့် ဘာဘရာ

၂၀၁၂ ခုနှစ်အတွက် အော်စကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်တွင် Hollywood & Highland စင်တာရှိ Dolby ပြဇာတ်ရုံတွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ အခမ်းအနားတွင် အော်စကာနှစ်ထပ်ကွမ်းဆုရှင် ဘာဘရာစထရိုက်စန်းက (ယာပုံ) သူမ၏ အော်စကာဖျော်ဖြေပွဲနှင့် ကင်းကွာခဲ့ရသည့် နှစ်ပေါင်း (၃၆)နှစ်အတွင်း ပထမဆုံးအကြိမ် လာရောက်ဖျော်ဖြေမည်ဖြစ်ပြီး ဖျော်ဖြေမည့်သီချင်း အမည်များကိုမူ မသိရသေးပေ။

ဘာဘရာသည် ၁၉၇၇ ခုနှစ် အကယ်ဒမီဆုပေးပွဲတွင် Evergreen ဇာတ်ဝင်သီချင်းဖြင့် The Best Original Song ဆုကိုရရှိခဲ့ပြီး ယင်းအခမ်းအနားတွင် A Star Is Born သီချင်းကို သီဆိုခဲ့ပြီး ယခုပွဲသည် သူမအတွက် ဒုတိယအကြိမ်ဖျော်ဖြေခြင်းလည်း ဖြစ်သည်။

ထို့အပြင် ဘာဘရာသည် ၁၉၆၈ ခုနှစ်တွင် Funny Girl ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင် အော်စကာဆုကို ရရှိခဲ့သည်။

အဆိုပါ (၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲအခမ်းအနားတွင် ဂျိမ်းစ်ဘွန်း၏ Skyfall ဇာတ်ကားမှ ဇာတ်ဝင်သီချင်းဖြင့် Best Original Song ဆုအတွက် ဆန်ခါတင်ရွေးချယ်ခံထားရသည့် ဗြိတိန်အဆိုတော် အဒဲလ်လည်းပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားကို ဆတ်မာ့ဖလိန်းက အခမ်းအနားမှူးအဖြစ် တာဝန်ယူတင်ဆက်မည်ဖြစ်ပြီး အေဘီစီ ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ပြုစုသူ - ဖြိုးစန္ဒာမြင့် စုစည်းသည်

ဂျက်စတင်တင်မ်ဘာလိတ် အပါအဝင် ဂရမ်မီဆန်ခါတင်ဆုရှင်များ ဂရမ်မီဆုပေးပွဲတွင် ဖျော်ဖြေတင်ဆက်မည်

ဖေဖော်ဝါရီ ၁၀ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ စတတ်ပယ်လ်စင်တာ၌ ကျင်းပမည့် (၅၅)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲအခမ်းအနားတွင် Album of the Year ဆုအတွက် ဆန်ခါတင်ရွေးချယ်ခံထားရသည့် တေးသံရှင် ငါးဦးစလုံး ပါဝင်ဖျော်ဖြေကြမည် ဖြစ်သည်။

The Recording Academy ၏ ကြာသပတေးနေ့က သတင်းထုတ်ပြန်ချက်များအရ R&B တေးသံရှင်များဖြစ်ကြသည့် ဖရန့်အိုရှန်၊ Mumford & Sons၊ The Black Keys၊ ဂျက်ဝှိုက်တို့အပြင် မကြာခင်ကမှ Suit & Tie အယ်လ်ဘမ်ဖြင့် ဂီတလောကသို့ ပြန်လည်ခြေချလာခဲ့သော ဂျက်စတင်တင်မ်ဘာလိတ်လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂရမ်မီဆုပေးပွဲအခမ်းအနားတွင် အာလီစီယာကီးစ်နှင့် မာရွန်းဖိုက်တို့က အထူးဖျော်ဖြေတင်ဆက်မှုများဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး စီဘီအက်စ် ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်မည့် အဆိုပါအခမ်းအနားသည် ဂျက်စတင်တင်မ်ဘာလိတ်အတွက် နှစ်အနည်းငယ်ကြာ ဝေးကွာနေခဲ့သော ပထမဆုံးဂီတဖျော်ဖြေပွဲဖြစ်ကြောင်း သိရသည်။

နဲ့.... ခရီးသွားရတာ အရမ်းအဆင်ပြေကောင်းဆိုတဲ့ (မိတ်ဟောင်း / မိတ်သစ်) များအတွက်
နှစ်သစ်အထူးစေတနာဖြင့်ခရီးစဉ်တိုင်းကို 50% Discount Hotel Package
(မှန်လုံအဆင့်မြင့်၊ Air-Con, hot & cold water, Toilet)ပါသောကား
ပုဂံ–ညောင်ဦး–ပုပ္ပါး(စွယ်တော်လေးဆူ)ပြည့်ငါးပြည့်–ပခုက္ကူဘုရားစုံ(အထူး)
ဟိုတယ်အိပ်/တဆင့်သွားကား၁/စက်လှေ၁(ငြိမ်း) 75000 (ယခင် 150000) Feb-8/22
(ညပိုင်း Dinner စားရင်း ဖျော်ဖြေမှုပါ။) ၃ည/၄ရက်
မန်းရွှေစက်တော်ဖွင့်ပွဲအထူး *တည်းကျောင်းလုံးချင်းသီးသန့်* Feb-14/28
ကျောင်းတော်ရာ၊ မကွေးမြသလွန်၊ နဂါးပွက်၊ စက္ကူနိတဲ၊ ပြည်ဘုရားစုံ(အထူး) ၃ည/၄ရက် 75000
အလောင်းတော်ကဿပ (ဖိုလ်ဝင်တောင်/ရွှေဘတောင်)အထူး 90000 Feb-22
မန္တလေး၊ စစ်ကိုင်း၊ မုံရွာ (ဘုရားစုံ) အထူး ဟိုတယ်အိပ်/စား/တဆင့်သွားကား၁(ငြိမ်း).....၄ည/၅ရက်
တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–မွေတော်ကျွှ–ထမ့်စမ်း ၄ည/၅ရက်
ကုံလုံဆရာတော်၏ထူးခြားဖြစ်စဉ်ဖူးမြော်ရန် (အထူး)ဟိုတယ်အိပ်/စား/စက်လှေ၁(ငြိမ်း) 90000 Feb-22
Ph: 09-73211079, 09-49250637, 09-420073607

ရွှေနဂါး
ကျိုက်ထီးရိုး-10000/-
ချောင်းသာ -13000/-
ကားစီးလုံးငှားသည်။
Ph.209077, 209388, 09-731 67000

ဖြည့်စွက်ဖတ်ရှုပါရန်
၃-၁-၂၀၁၂ ရက် ကြေးမုံသတင်းစာ စာ-၁၁ ပါ ချိုခရီးသွားလုပ်ငန်းကြော်ငြာတွင် Ph-0973211079, 0949250637, 09-420073607 ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

TOP STAR
ရွှေစက်တော်(ဖွင့်ပွဲ) FEB-13
ချောင်းသာ (စား+တည်း+ငြိမ်း) ကျိုက်ထီးရိုး
အလောင်းတော်ကဿပ
နေ့စဉ် ကားစီးလုံးငှား စီစဉ်ပေးသည်
09-43179331,448544658

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

နန်းအီအီဇာ တည်းဖြတ် ထုတ်ဝေသည့် အလှအပများနှင့် သရဖူ မဂ္ဂဇင်း
● သတို့သမီးလေးတွေ အလှကို စိတ်တိုင်းကျ ဖန်တီးပေးမယ့် လင်းလင်း(Make up Artist) ● အမျိုးသမီးတိုင်း လုပ်ငန်းခွင်မှာ လှပနေစေဖို့ ● အမျိုးသမီးများရဲ့ဆံကေသာ အမျိုးမျိုးအတွက် အကြံပြုချက်များ ● ၂၀၁၂ ခုနှစ် အကောင်းဆုံးဆုရ မိတ်ကပ်ပစ္စည်းများ ● ရေလှိုင်းပမာ ဆံကေသာအလှ ထုံးဖွဲ့နည်း ● ကိုယ်ခန္ဓာ ကျစ်လျစ်သွယ်လျစေဖို့ နည်းလမ်း ● L'oreal ၏ ပြန်လည် ခေတ်စားလာသော ဆံပင်ပုံစံနှင့် အရောင်ဆန်းများ ● Valentine Fashion ● Zarni's Fashion Room-25 ● Love Connection ● What is Love? ● ပိန်စေခြင်းရဲ့ လျှို့ဝှက်ချက် ● မြန်မာပြည်က ကောင်းဘွိုင် လားရှိုးသိန်းအောင် ● Mega Star ရိန်းနဲ့ ကင်ထယ်ဟီးရဲ့ ခြေရာကောက်ကြောင်း ● အိပ်မက်ထဲမှာ အကယ်ဒမီဆု ပိုက်ပြီး စင်ပေါ်မှာ ကျေးဇူးတင် စကားပြောခဲ့တဲ့မယ်လိုဒီ ● အောင်မြင်မှု မှတ်တိုင်ထူနိုင်ခဲ့တဲ့ မော့စ်
အမှတ် ၂၀၀၊ ပထမထပ်၊ ၃၆ လမ်း(အထက်)၊ ရန်ကုန်မြို့။ ဖုန်း– ၃၈၃၀၂၅၊ ၃၉၁၆၃၃

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၅၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)စီးယာဉ်နှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကားအလိုင်းမင်းစက်များ ရောင်းရန်ရှိသည်
3D-Computer အလိုင်းမင်း၊ 2DComputer အလိုင်းမင်း၊ လေဆာ အလိုင်းမင်း၊ 4 post, Lift, 2 Post Lift ဘောပြား၊ ဂျစ်များ ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၇၃၀၈၇၈၄၅

■ အငြိမ်းစားတက္ကသိုလ် ပါမောက္ခကြီးများကိုယ်တိုင် ရေးသားထားသည်။
■ စာသင်သားတိုင်းအတွက် အခန်းလိုက်ပို့ချချက်များ
■ လေ့ကျင့်ခန်းများနှင့်စံပြအဖြေများ ပါဝင်သည်။
အတွဲ ၇၊ ·အမှတ် ၁ မှ ၁၉
EXAM GUIDE SET(E)
HOT SPOT
နီးရာစာအုပ်ဆိုင်တွင်ပေးဝယ်ပါ။ ထွက်ပြီ
ဆက်သွယ်ရန်
Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂
Nyein လှည်းတန်း ■ ငြိမ်း အဝေးသင် သင်တန်း။ အမှတ် ၂၃၊ အခန်း B-4၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၇၃၀၀၉၆၂၇

ပြန်ကြားရေးဝန်ကြီးဌာန

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် မင်နှင့်ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ မင်နှင့်ပုံနှိပ်ရေးပစ္စည်းများကို ဝယ်ယူလိုပါသည်-

(1) Web Offset Ink(Black)	70000 Kgs
(2) Sheetfed Offset Ink(Black)	4650 Kgs
(3) Web Offset Ink(Cyan)	18600 Kgs
(4) Web Offset Ink(Maganta)	18600 Kgs
(5) Web Offset Ink (Yellow)	29600 Kgs
(6) Thermal CTP(889x609)mm(Kodak)	30000 Shts
(7) Thermal CTP(889x609)mm(Fuji)	33000 Shts
(8) Thermal(889x586)mm(Kodak)	8500 Shts
(9) Thermal(889x586)mm (Fuji)	4250 Shts
(10) ပုလိပ်ပြား (Sheetfed)(650x550)mm	7000 Shts
(11) CTP Developer(Kodak)	7500 Liters
(12) CTP Developer(Fuji)	5000 Liters
(13) Replenisher	4000 Liters
(14) Stencil Paper	180 Boxes
(15) Duplicating Ink Tube	180 Boxes
(16) Gum Arabic	500 Liters
(17) Fountain Solution	8000 Liters
(18) Plate Cleaner	100 Liters
(19) Sponge	600 Nmb
(20) Blanket Wash	1000 Liters

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို(၄-၂-၂၀၁၃)ရက်မှ(၁၄-၂-၂၀၁၃)ရက်နေ့အထိ နေ့စဉ်(၀၉း၃၀)နာရီမှ(၁၆း၃၀)နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို(၁၅-၂-၂၀၁၃)ရက်နေ့(၀၉း၃၀)နာရီမှ(၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိတင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း။ပြည်ပပစ္စည်းများဝယ်ယူရေး
ပြန်ကြားရေးဝန်ကြီးဌာန	နှင့် ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	ရုံးအမှတ်(၇)၊ နေပြည်တော်
	ဖုန်း-၀၆၇-၄၁၂၃၂၇

အသက် (၃၀)ကျော်ကစားသမားများအား စာချုပ်ခြင်းမူဝါဒကို ပြောင်းလဲလိုသည့် ဝင်းဂါး ပေါင် ၁၄ သန်းဖြင့် အာဆင်နယ်သို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည့် ဒေးဗစ်ဗီလာ

နိုင်လင်းကြည်

အသက်(၃၁)နှစ်အရွယ်ရှိပြီဖြစ်သော ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာသည် နူးကမ့်မှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီးနောက် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန်ဆန္ဒရှိနေကြောင်း ဘာစီလိုနာအသင်းအတွင်းလူများက ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းမန်နေဂျာ အာစင်ဝင်းဂါးအနေဖြင့်လည်း ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ဒေးဗစ်ဗီလာကိုခေါ်ယူရန် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သော်လည်း သဲထဲရေသွန်သကဲ့သို့ဖြစ်ခဲ့ရပြီး ကမ်းလှမ်းထားမှုနှင့်ပင် အဆုံးသတ်ခဲ့ရကာ အပြီးသတ်မခေါ်ယူနိုင်ခဲ့ပေ။

ယင်းမှာ စပိန်ကြယ်ပွင့်ဒေးဗစ်ဗီလာက လက်ရှိကလပ် ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေခြင်းနှင့် အာဆင်နယ်အသင်းက ဇန်နဝါရီ ဈေးကွက်အတွင်း ဒေးဗစ်ဗီလာကို ခေါ်ယူရေးနှင့်ပတ်သက်၍ ပြောင်းရွှေ့ကြေး ပေါင် ၁၆ သန်းထက်လျော့မှသာ ခေါ်ယူရန် ပြင်ဆင်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

လက်ရှိတွင်မူ စပိန်တိုက်စစ်မှူးဒေးဗစ်ဗီလာသည် သူ့အတွက် အဓိက ပွဲထွက်ကစားသမားတစ်ဦးအဖြစ် အသိအမှတ်ပြုကာ အသုံးပြုကစားခွင့်ရရှိမည့်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန်ဆန္ဒရှိနေပြီး ယင်းအသင်းမှာလည်း အာဆင်နယ်အသင်းပင်ဖြစ်ကြောင်းဆိုသည်။

ဒေးဗစ်ဗီလာသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ဒဏ်ရာကြောင့် ကာလကြာရှည်အနားယူခဲ့ပြီး ဒဏ်ရာမှသက်သာလာ၍ အသင်းတွင်ပါဝင်ကစားနိုင်ခဲ့သော်လည်း ဘာစီလိုနာပထမအသင်း၌ ပုံမှန်ပွဲထွက်ခွင့် လျော့ကျခဲ့ရသည်။ ထို့ကြောင့် ဒေးဗစ်ဗီလာအနေဖြင့် လက်ရှိနူးကမ့်၌ တစ်ပတ်လုပ်ခလစာပေါင် ၁၁၀၀၀၀ ရရှိနေသော်လည်း အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု ဆိုသည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကလည်း ဒေးဗစ်ဗီလာကို ခေါ်ယူရန် စိတ်အားထက်သန်နေသဖြင့် အသင်း၏ အသက် (၃၀) ကျော် ကစားသမားများကို တစ်နှစ်စာချုပ်သာချုပ်ဆိုသည့် မူဝါဒကို ပြောင်းလဲပစ်မည်ဟုလည်းဆိုသည်။

ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာသည် အာဆင်နယ်အသင်းက မိမိအားခေါ်ယူရန် လာမည့်နွေရာသီတွင် ကမ်းလှမ်းမှုများပြုလုပ်လာပါက သုံးနှစ် သို့မဟုတ် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ဒေးဗစ်ဗီလာက ဆိုသည်။

အာဆင်နယ်အသင်းသည် ခုနစ်နှစ်ကြာ ဖလားလက်မဲ့ဖြစ်ခဲ့ရသည့်အပြင် ဖာဘရီဂတ်စ်၊ ကလစ်ချီ၊ ကိုလိုတိုရေး၊ နာဆရီ၊ ဗန်ပါစီ၊ အဲလက်စ်ဆောင်းစသည့် ကစားသမားကောင်းများလည်း အသင်းမှထွက်ခွာသွားခဲ့၍ အာဆင်နယ် ပရိသတ်များ၏ ဝေဖန်မှုကိုခံခဲ့ရခြင်းကြောင့် အသင်းအောင်မြင်မှုအတွက် ဒေးဗစ်ဗီလာကို ခေါ်ယူရန်ရှိကြောင်း အာဆင်နယ်အသင်းနည်းပြ အာဆင်ဝင်းဂါးက ဆိုသည်။

ပရိသတ်မရှိဘဲ ပြန်လည်စတင်ခဲ့ရသည့် အီဂျစ်ဘောလုံးရာသီ

အီဂျစ်ဘောလုံးအဖွဲ့ချုပ် (အီးအက်ဖ်အေ)သည် အီဂျစ်နိုင်ငံ၌ လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလ အစောပိုင်းကဖြစ်ပွားခဲ့သည့် ဘောလုံးပွဲစဉ်တစ်ခုအတွင်း အဓိကရုဏ်းဖြစ်ပွားခဲ့ရာတွင် လူအများအပြားသေဆုံးခဲ့ရမှုကြောင့် တစ်နှစ်ကြာ ရပ်ဆိုင်းထားခဲ့ရသည့် အီဂျစ်ပရီမီယာလိဂ်ဘောလုံးရာသီကို ပရိသတ်မရှိဘဲ စနေနေ့က ပြန်လည်စတင် ယှဉ်ပြိုင်ခဲ့ပြီဖြစ်သည်။

အဖွင့်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ကိုင်ရိုမြို့ အခြေစိုက် အယ်လ်အာလီအသင်းနှင့် ဂါဇယ်အယ်လ်မာဟာလာ အသင်းတို့သည် ကိုင်ရိုမြို့ရှိ စစ်တပ်ပိုင် အားကစားကွင်းတစ်ခု၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ အယ်လ်အာလီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အီဂျစ်ပရီမီယာလိဂ်ဘောလုံးပွဲစဉ်ကို လွန်ခဲ့သည့်နှစ်က ပေါ့တ်ဆိုဒ် အားကစားကွင်း၌ အယ်လ်မာဆရီအသင်းနှင့် အယ်လ်အာလီအသင်းတို့၏ ပွဲစဉ်တွင် အဓိကရုဏ်းဖြစ်မှုကြောင့် ဆိုင်းငံ့ထားခဲ့ရသည်။ ယခင်နှစ်က နှစ်ဖက်အသင်း ပရိသတ်များအကြားဖြစ်ပွားခဲ့သည့် အဓိကရုဏ်းအတွင်း လူ ၇၄ ဦး သေဆုံးခဲ့ပြီး လူရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။

ရှုံးနိမ့်ခြင်းနှင့်အတူ ဒမ်ဘာဘာဒဏ်ရာရမှုကြောင့် မပျော်မရွှင်ဖြစ်ခဲ့ရသည့် ချယ်လ်ဆီးနည်းပြ

ဖေဖော်ဝါရီ ၂ ရက် ညပိုင်းက နယူးကာဆယ်အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် နယူးကာဆယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ်တွင် တိုက်စစ်မှူးဒမ်ဘာဘာ ဒဏ်ရာရရှိခဲ့ခြင်းနှင့်အတူ သရေရလဒ်မှ အရှုံးရလဒ်သို့ ပြောင်းလဲသွားခဲ့ခြင်းကြောင့် ချယ်လ်ဆီးယာယီနည်းပြ ရာဖေးလ်ဘင်နီတက်ဇ် မပျော်မရွှင်ဖြစ်ခဲ့ရသည်ဟု ဖေဖော်ဝါရီ ၃ ရက် အင်တာနက်အားကစားသတင်းတစ်ရပ်က ဖော်ပြသည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးတိုက်စစ်မှူး ဒမ်ဘာဘာသည် ပွဲကစားချိန် ၄၃ မိနစ်တွင် နယူးကာဆယ်ကစားသမား ဖာဘရီစီယိုကိုလိုစီနီ၏ ဖိနပ်ဖြင့်မျက်နှာကန်ခြင်းကိုခံခဲ့ရပြီးနောက် လူစားလဲကစားခြင်းခံခဲ့ရသည်။

ချယ်လ်ဆီးအသင်းသည် ဖရန့်လမ်းပတ်နှင့် မာတာတို့၏သွင်းဂိုးများဖြင့် အိမ်ရှင်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် ဦးဆောင်ကစားလာနိုင်ချိန်တွင် ကစားအားလျော့ကျခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်း၏ ဇန်နဝါရီအပြောင်းအရွှေ့မပိတ်မီ လောလောလတ်လတ်ခေါ်ယူထားခဲ့သော တိုက်စစ်မှူးဆစ်ဆိုကို၏ နောက်ကျဂိုး နှစ်ဂိုး သွင်းယူခြင်းခံခဲ့ရသောကြောင့် ပွဲကစားချိန် မိနစ် ၉၀ ပြည့်ချိန်တွင် သုံးဂိုး - နှစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ချယ်လ်ဆီးအသင်းအဝေးကွင်းမှ အမှတ်ဗလာဖြင့် ပြန်ခဲ့ရသည်။

ဒမ်ဘာဘာနှာခေါင်းကို အကန်ခံရစဉ်တွင် ချယ်လ်ဆီးအသင်း ဂိုးရရှိသင့်သည့်အနေအထားဖြစ်ကြောင်းနှင့် ကွင်းလယ်ဒိုင်အနေဖြင့်လည်း နယူးကာဆယ်ကစားသမား ကိုလိုစီနီကို အနီကတ်ပြထုတ်ပယ်သင့်ကြောင်း၊ ယင်းသို့ မလုပ်ဆောင်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်း ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြဘင်နီတက်ဇ်၏ ပြောကြားချက်ကို သတင်းဖော်ပြထားသည်။

ခရီးစဉ်အားလုံး " Nice " ဖြစ်ရမည် ဈေးနှုန်းလည်း " Fair " ဖြစ်ရမည်။
ပျော်ရွှင်မှု နှင့် အတွေ့အကြုံ သစ်များရရှိခံစားစေဖို့ Nice Fare Travel နှင့်ခရီးသွားကြစို့ ... IATA 05-30 1063
၄ ညအိပ် ၈ ရက်ခရီးစဉ်များ(စင်ကာပူ⇄ မလေး/ ကိုရီးယား/ ဂျပန်/ ဟောင်ကောင်)
၆ ညအိပ် ၇ ရက်ခရီးစဉ် (ဗီယက်နမ်)/ ၅ ညအိပ် ၆ ရက် ခရီးစဉ် (ဗန်ကောက်၊ပတ္တရား)
ခရီးစဉ်အားလုံး 4 Star Hotel နှင့်စီစဉ်ထားပြီး April 12 ,13 ထွက်ပါမည်။ Visa အတွက် ကြိုတင်စာရင်းပေးသွင်းပါရန် နှင့် Feb 15 ရက်မတိုင်မီစာရင်းပေးသွင်းပါက Discount ပေးပါမည်။
ခရီးစဉ် အသေးစိတ် သိရှိလိုပါက - ရုံးချုပ် - ၂၁၁၆၉၉ ၊ ၀၉-၆၅၀၀၂၆၀၇၉
ရုံးခွဲ (၁) - ၀၉-၆၃၀၂၀၈၉၀ ရုံးခွဲ (၂) - ၀၉-၇၃၂၁၃၅၀၀ ရုံးခွဲ(၃) - ၀၉-၆၂၀၀၀၉၀၅၅
မန္တလေး ရုံးခွဲ - ၀၂-၃၀၈၆၆ ၊ ၀၂ - ၃၀၈၃၃

H.A.L ထက်အောင်လင်း TRAVELS
09-49215713
ချောင်းသာ (နေ့စဉ်)
ကျိုက်ထီးရိုး (နေ့စဉ်) – ငွေဆောင် (သောကြာ)
09-420183444, 09-73040151

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး (နေ့စဉ်)
* မန်းရွှေစက်တော်ခြေတော်ရာပွဲ (Feb 13, 14, 15) ထွက်မည်။
*အလောင်းတော်ကဿပ (ဖိုလ်ဝင်တောင် ၊ ရွှေဘတောင်)။
*ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး ၊ နေပြည်တော် ၊ ပခုက္ကူ။
* တောင်ကြီး (မွေတော်ကက္ကူ) (ထမ့်ဆန်းလိုဏ်ဂူ)၊ အင်းလေး၊ ပင်းတယ
*မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ။ [မူဆယ်(ရွှေလီ ၊ ဝမ်တိန်)]
*မြတ်မော်တင်စွန်း ဘုရားပွဲတော် (Mar 11, 12, 15, 18, 22, 25)
(ထမင်းကျွေး၊ ကားခ၊ တစ်ဆင့်သွားကားခ/စက်လှေခ၊ တည်းခိုခန်းခ စရိတ်ငြိမ်း)
*မော်လမြိုင်၊ နွားလဘို့တောင်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ။ *ချောင်းသာ
အမှတ်(၃၁၇)၊ပန်းဆိုးတန်းလမ်း(ဂုံးကျော်တံတားဘေး) 371317,095124678,09401589907

Asia Top ဘုရားဖူးလုပ်ငန်း 09 43164118, 09 8635520
▲ မန်းရွှေစက်တော်ဖွင့်ပွဲ နှင့်မကွေး၊ပြည်ဘုရားစုံ Feb - 1, 8, Feb- 14, 22
▲ အလောင်းတော်ကဿပ ၊ မုံရွာ ၊ စစ်ကိုင်း ၊ မန္တလေး
▲ ပုဂံ (စွယ်တော်လေးဆူ) ၊ ညောင်ဦး ၊ ပုပ္ပါး ၊ ပခုက္ကူ
▲ တောင်ကြီး၊အင်းလေး၊ပင်းတယ၊ထမ့်စမ်း၊မွေတော်ကက္ကူ
▲ ကျိုက်ထီးရိုး(နေ့စဉ်) ◈ ချောင်းသာ(နေ့စဉ်) Package 30000
စား တည်း ငြိမ်း 35000 50000 60000 70000
ကားစီးလုံးငှားသည်။

သာသနာ့ဂုဏ်ဆောင် ဗုဒ္ဓ ဓမ္မ သံဃ
အလင်းရောင် ကျိုက်ထီးရိုး (နေ့စဉ်) ၊ချောင်းသာ (နေ့စဉ်)
အတွားနှုန်း စား+တည်း+ငြိမ်း (20000/-)
အလောင်းတော်ကဿပမုံရွာစစ်ကိုင်း Feb 9/15/22 စား+တည်း+တဆင့်ကားငြိမ်း (55000/-)
ရွှေစက်တော်ဖွင့်ပွဲ(သီးသန့်) Feb 13/14 စား+တည်း+ငြိမ်း (35000/-)
ရွှေစက်တော်၊ပုပ္ပါး၊ပုဂံ၊ညောင်ဦး(စွယ်တော်လေးဆူ)၊ပခုက္ကူ 09421061860
ရွှေစက်တော်၊ အလောင်းတော်ကဿပ၊မန္တလေး မေမြို့၊ မုံရွာ 09421099405 09421129597
ကားစီးလုံးငှား အထူးနှုန်းဖြင့် စီစဉ်ပေးသည်။

FOREVER
SPORTS JOURNAL
ပရိသတ်ကြီးထံ
အင်္ဂါနေ့တိုင်း အရောက်ပို့ပေးနေပါပြီ
'ဟကုန်ပြန်အပ်' စနစ်ဖြင့် ဖြန့်ချိပေးနေပါသည်

မဟာမန္တလေး ရွှေမြို့တော်ကြီး၏ ဒိုင်းမွန်းပလာဇာ (၅)လွှာတွင် Mingalar Diamond Cineplex

နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ရုပ်ရှင်ရုံကြီးကို ဖွင့်လှစ်ပြသလိုက်ပါသည်။
Film / HD / 2D / 3D စက်သစ်ကြီးများတပ်ဆင်ပြီး အသစ်ဖွင့်လှစ်လိုက်သော
Mingalar Diamond Cineplex အဆင့်မြင့်ရုပ်ရှင်ရုံကြီးတွင်
Cinema - 1, Cinema- 2, Cinema- 3 ပါဝင်ပြီး
မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ်များကို ကြည်လင်ပြတ်သားသောပိတ်ကားပြင်၊
အရုပ်အသံကောင်းမွန်သော DIGITAL 3D CINEMA စက်သစ်ကြီးဖြင့်
ထူးခြားပြည့်စုံသောဝန်ဆောင်မှုများဖြင့် ရုပ်ရှင်ကြည့်ချစ်ပရိသတ်များ အပန်းဖြေကြည့်ရှုအနားယူနိုင်ရန် စီစဉ်တင်ဆက်ပြသလိုက်ပါသည်။

Mingalar Diamond Cineplex
Ph: 09402765641 09402765642 09402765643

၂၀၁၃ မှာ မြန်မာအသင်း၏ ခြေစွမ်းကို ပထမဆုံးအကဲဖြတ်ခွင့်ရမည့် ဖိလစ်ပိုင်နှင့် ခြေစမ်းပွဲ

AFC Challenge Cup ၂၀၁၄ ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်၍ စခန်းဝင် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဖိလစ်ပိုင်လက်ရွေးစင်အသင်းတို့ ဖေဖော်ဝါရီ ၆ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုခြေစမ်းပွဲမှာ ဆူဇူကီးဖလားပြိုင်ပွဲပြီးနောက် မြန်မာအသင်းအနေဖြင့် နိုင်ငံတကာခြေစမ်းပွဲအဖြစ် ပထမဆုံးခြေစမ်းခွင့်ရသည့်ပွဲဖြစ်သည်။ ၂၀၁၃ မှာ မြန်မာ့လက်ရွေးစင်အသင်း၏ ခြေစွမ်းကို ပထမဆုံး အကဲဖြတ်ခွင့်ရမည့်ပွဲဟုလည်း ဆိုနိုင်သည်။ ခြေစမ်းပွဲကစားမည့် မြန်မာလက်ရွေးစင်အသင်းသည် လက်ရှိအချိန်တွင် ပဏာမကစားသမား ၂၅ ဦးကို ရွေးချယ်ပြီး စခန်းသွင်း လေ့ကျင့်မှုများပြုလုပ်လျက်ရှိနေပြီ ဖြစ်သည်။ နည်းပြကြီး ပတ်ဆောင်ဟွာကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်ခဲ့သည့် ပဏာမလက်ရွေးစင်အသင်းလူစာရင်းကို ကြည့်ရလျှင် ဆူဇူကီးဖလားပြိုင်ပွဲဝင်အသင်းကိုသာ အခြေခံထားသည်ကို တွေ့ရသည်။ ဆူဇူကီးဖလား ပြိုင်ပွဲဝင်ကစားသမား အများအပြား ပြန်လည်ပါဝင်နေသလို ဆူဇူကီးဖလားပြိုင်ပွဲကို ဒဏ်ရာပြဿနာကြောင့် လွဲချော်ခဲ့ရသည့် အဓိက ကစားသမားများ ပြန်ရွေးချယ်ခြင်းခံခဲ့ရသည်။ အဓိက ကစားသမား အစုံအလင်နီးပါးဖြင့် ယခုခြေစမ်းပွဲကို ကစားရတော့မည်ဖြစ်၍ ယခင်အကြိမ်ကလို အခက်အခဲရှိနိုင်သည်ဟု မဆိုနိုင်တော့ပါ။

နည်းပြကြီး ရွေးချယ်ထားသည့် အသင်းတွင် ထူးခြားမှုရှိနေသည်မှာ တိုက်စစ်ပိုင်းဖြစ်နေသည်။ ၂၀၁၂ ဆူဇူကီးပြိုင်ပွဲဝင်ရန် ရွေးချယ်ခဲ့သည့် ရှေ့တန်း တိုက်စစ်မှူးများထဲမှ ကောင်းစည်သူ တစ်ဦးသာပြန်ပါဝင်ခဲ့ပြီး ယခင်က ဒဏ်ရာအနာတရကြောင့် မပါဝင်ခဲ့ရသည့် တိုက်စစ်မှူး သုံးဦးကို ယခုပြန်လည်ရွေးချယ်ခြင်း ပြုထားသည်။ ကျော်ကိုကို၊ ကျော်ဇေယျာဝင်း၊ စိုးမင်းဦးတို့ ပြန်လည် ပါဝင်လာ၍ တိုက်စစ်ပိုင်း လူစုံအားပြည့်ဖြင့် ကစားနိုင်တော့မည့် အနေအထား ဖြစ်နေသည်။ခံစစ်ပိုင်းတွင်လည်း ရန်အောင်ဝင်း၊ ရဲဇော်ထက်အောင်တို့ ပါဝင်လာ၍ ဇော်မင်းထွန်း၊ အောင်ဟိန်းကျော်၊ ဇော်ဇော်ဦး၊ သိန်းသန်းဝင်းတို့ အုပ်စုနှင့် ပေါင်းလျှင် ဆူဇူကီးဖလားပွဲကထက် ပိုတောင့်တင်းခိုင်မာသည့် ခံစစ်ဇုန်ကို တည်ဆောက်နိုင်မည့် အခြေအနေဖြစ်နေသည်။ ကွင်းလယ်ပိုင်းတွင် ရာဇာဝင်းသိန်း ပြန်ပါဝင်လာခဲ့သော်လည်း ခင်မောင်လွင်၊ ကြည်လင်းတို့ မပါဝင်၍ အနည်းငယ် လိုအပ်ချက်ရှိလာနိုင်သည်ကို တွေ့နေရသည်။ စိတ်ကြိုက်ကစားသမား အစုံအလင်ဖြင့် ကစားခွင့်ရမည့် ယခုခြေစမ်းပွဲမှာ နည်းပြပတ်ဆောင်ဟွာ မည်သည့်နည်းစနစ်နည်းဗျူဟာကို အသုံးပြုပြီး ယှဉ်ပြိုင်မည်ဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေပြီဖြစ်သည်။

ခြေစမ်းပွဲကစားရမည့် ဖိလစ်ပိုင်အသင်းသည် နိုဝင်ဘာလအတွင်း ဆုံတွေ့စဉ်က အနေအထားအတိုင်း ရှိနေဆဲဖြစ်သည်။ ဂျာမနီသား မိုက်ကယ်ဝစ်ဘ်၏ ဦးဆောင်မှုအောက်တွင် အောင်မြင်မှုရနေဆဲအသင်း ဖြစ်သည်။ နည်းပြကစားသမားများ ဆူဇူကီးဖလားပွဲက အတိုင်းသာရှိနေသည်။ အပြောင်းအလဲ သိပ်မရှိသည့်အတွက် မြန်မာအသင်းအနေဖြင့် ညှိသည်အသင်း၏ခြေစွမ်းကို ကြိုတင်တွက်ဆပြင်ဆင်၍ ရနိုင်သည်ဟု ပြောနိုင်သည်။ မည်သို့ပင်ဖြစ်ပါစေ ယခုခြေစမ်းပွဲတွင် နည်းပြ ပတ်ဆောင်ဟွာ၏ အကောင်းဆုံးနည်းစနစ်နှင့် လူထုတ်ပုံအခင်းအကျင်း၊ ပဏာမကစားသမားများ၏ အစွမ်းကုန်ကြိုးစားအားထုတ်မှုကိုတော့ သေချာပေါက်ကို မြင်တွေ့ရမှာပါ။ ဆူဇူကီးဖလားပြိုင်ပွဲမှာ ကစားခဲ့သည့် မြန်မာအသင်း၏ပုံစံနှင့် လုံးဝကွဲပြားသည့်ကစားဟန်ကို မြင်တွေ့ရဖွယ်ရှိသည်ဟု ထင်မိသည်။ ယခင်က ခံစစ်ကို ဦးစားပေးပြီး တန်ပြန်တိုက်စစ်ဆင်သည့် စနစ်အစား တိုက်စစ်အသားပေး ဖွင့်ကစားသည့်ပုံစံများဖြစ်လေမလား. . . စိတ်ဝင်တစားစောင့်ကြည့်ရတော့မည်ဟု ဆိုလိုက်ချင်ပါသည်။

တောင်ထန်းသား

တစ်ရွာတည်းသားချင်း ရန်ငြိုးရန်စကြောင့် ဓားထိုးမှုဖြစ်ပွား

လပွတ္တာ ဖေဖော်ဝါရီ ၃

လပွတ္တာမြို့နယ် ကြိမ်နီကျေးရွာနေ ဝင်းနိုင်ထွန်း(၃၀) နှစ်သည် ဇန်နဝါရီ ၂၇ ရက် ည ၇ နာရီတွင် ရွာထဲရှိ မျိုးမင်း၏ ကုန်စုံဆိုင်သို့ ဈေးဝယ်ရန်အသွား ယခင်က ရန်ငြိုးရန်စဖြစ်ခဲ့ဖူးသူ တစ်ရွာတည်းနေ လှအေး (၅၅)နှစ် လိုက်လာပြီး ဓားဖြင့်ထိုး၍ ထွက်ပြေးသွားသည်။ ဝင်းနိုင်ထွန်း၏ ကျောကုန်းယာဘက်ခြမ်း ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် ဇန်နဝါရီ ၂၈ ရက် ၁၁ နာရီတွင် ဝင်းနိုင်ထွန်း၏ တိုင်တန်းချက်အရ ကန်ဘက် ရဲစခန်းမှ (ပ)၁၃/၂၀၁၃၊ ပုဒ်မ-၃၂၄ ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

(၅၅၂)

သစ်လုံးတင်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တိုက်မှု ညောင်လေးပင်မြို့၌ ဖြစ်ပွား

ပဲခူး ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့ မြို့မ (၃) ရပ်ကွက် ဗိုလ်ချုပ်လမ်းဆုံတွင် ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း မောင်စိုးသီဟ အသက်(၂၈) နှစ် ဗောဓိကုန်းရပ်ကွက် အုတ်တွင်းမြို့နေသူ မောင်းနှင်လာသော သစ်လုံးတင်ယာဉ် တီအီး ခြောက်ဘီး အစိမ်းရောင် ယာဉ်အမှတ် လ/--- နှင့် မမိုးမိုးအေး အသက် (၂၆) နှစ် ညောင်လေးပင်မြို့နေသူ မောင်းနှင်လာသော လော့ဂျာအစိမ်းရောင် ၂၂ယ/-- ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ မမိုးမိုးအေးတွင် ယာခြေသလုံးပွန်းပဲ့ဒဏ်ရာနှင့် ယာလက်ကောက်ဝတ်ဒဏ်ရာများရရှိခဲ့ပြီး ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ ဒေါ်ချိုချိုသန်း အသက် (၅၀)နှစ် ညောင်လေးပင်မြို့ မြို့မ (၄)ရပ်ကွက်နေသူမှာ မော်တော်ယာဉ်ဖြတ်ကြိတ်မှုကြောင့် ဦးခေါင်းကြေမွဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့သည်။ အဆိုပါအမှုအား ညောင်လေးပင်ရဲစခန်းမှ ပ-၂၉၂/၂၀၁၃၊ ပုဒ်မ ၃၀၄ (က)/၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၅၆၈)

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်

ဂုဏ်ထူးဦးအောင်ခိုင်

Grammar & Essay နွေ သင်တန်း လက်ခံပြီ

၂၇၂–ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 430 85263

ဦးအောင်ဟိန်းကျော်

အင်္ဂလိပ်စာရေးနည်း (နွေသင်တန်းလက်ခံပြီ)

နွေသုံးလ အတွင်း Essay, Letter ရေးနိုင်ရမည်

အင်္ဂလိပ်စကားပြော သင်တန်း

■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

အလွတ်ကျက်စရာမလို

■ 3924684 ■ 095171841

● အင်္ဂလိပ်စကားပြော(Vol:1,2,3) ● ရေးနည်း(Pre.,Vol:1,2,3)စာအုပ်ထွက်ပြီ

၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်

LATEST TV PROGRAM ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Presenter (TV & FM) ကျား/မ ၁၀ (ဦး)

အသက်(၁၈ မှ ၃၅) နှစ်အတွင်း၊ဘွဲ့ရပြီးသူ ကွန်ပျူတာကျွမ်းကျင်၍ အင်္ဂလိပ်စကားပြောပီသရမည်။

Marketing Executive ကျား/မ ၄ (ဦး)

အသက် (၂၀ မှ ၄၅) နှစ်အတွင်း၊ ဘွဲ့ရပြီးသူ၊ လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ရှိရမည်။

Accountant ကျား/မ ၂ (ဦး)

အသက်(၂၅ မှ ၄၀) နှစ်အတွင်း၊စာရင်းကိုင်ဘွဲ့ရပြီးသူ ကွန်ပျူတာကျွမ်းကျင်ရမည်။

EDITOR (Vicual&AUDIO) ကျား/မ ၉ (ဦး)

အသက် (၂၀ မှ ၄၅) နှစ်အတွင်း၊ ကွန်ပျူတာကျွမ်းကျင်၍ဘွဲ့ရပြီးသူဖြစ်ရမည်။

PRODUCTION SUPERVISOR ကျား/မ ၆ (ဦး)

အသက်(၂၀ မှ ၅၀) နှစ်အတွင်း၊ ဘွဲ့ရပြီးသူထုတ်လုပ်မှုလုပ်ငန်းအတွေ့အကြုံရှိပြီးကျွမ်းကျင်ရမည်။

DRIVER & STAFF ကျား/မ ၁၀(ဦး)

အသက်(၂၀ မှ ၄၅) နှစ်အတွင်း၊ ဘွဲ့ရပြီးသူ ယာဉ်မောင်းအတွက်လိုင်စင်ရှိပြီးကျွမ်းကျင်ရမည်။

အထက်ဖော်ပြပါ အရည်အချင်းပြည့်မီသူများသည်အောက်ဖော်ပြပါ လိပ်စာအတိုင်း အလုပ်သမားမှတ်ပုံတင်နှင့်အတူ (၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

(ယခင်ဝန်ထမ်းဟောင်းများလုံးဝ(လုံးဝ)လက်မခံပါ)

LASER WORLD GROUP OF CO.,LTD.

အမှတ် (၁၆၆)၊ ပထမထပ် (ယာ)၊ ၃၄လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ

ဦးသောင်းထွန်း-ဒေါ်ခင်မြမြဝင်းတို့၏ သားကြီး

မောင်လမင်းသောင်းထွန်း

နှင့်

ရန်ကုန်မြို့နေ

ဦးလှဝင်း(ခ)ဦးတီးတိုး-ဒေါ်ခင်နှင်းအိတို့၏ တတိယသမီး

မခင်သန့်ဇင်

တို့သည် ၁-၂-၂၀၁၃ ရက်တွင် နှစ်ဖက်သော မိဘများရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်းနှင့် ၃-၂-၂၀၁၃ ရက်တွင် ရန်ကုန်မြို့၊ ရွှေဂုံတိုင်၊ တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအတွက် ဝိုင်းဝန်းကူညီပေးသော မိတ်ဆွေသူငယ်ချင်းများအားလုံး၊ ကြွရောက်ချီးမြှင့်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

မောင်လမင်းသောင်းထွန်း-မခင်သန့်ဇင်

သရာအာသာ SUCCESS Language Academy 202046 256954 0949249463

Y.W.C.A ခန်းမ၊ အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်

အလုပ်ကောင်းရလိုသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် ကျောင်းသားများအတွက်

၁တန်းမှ ၉တန်း အတွက် နွေရာသီအင်္ဂလိပ်စာ

Morning Section -10 to 12:00 } Mon to Thurs

Evening Section - 3 to 5:00 } (တစ်ပါတ် ၄ ရက်)

March 11 စမည် (ဖယ်ရီရှိသည်)

Basic English Speaking			
2-5:00	Sat+Sun	9	Feb
7:30-9	Mon~Thurs	18,25	Feb
1-2:30	Mon~Thurs	18	Feb
Four Skills English (Basic)			
1-2:30	Mon~Thurs	4,25	Feb
2-5:00	Sat+Sun	9,23	Feb
7:30-9	Mon~Thurs	11,18	Feb
Pre-Intermediate (4-Skill English)			
10-11:30	Mon~Thurs	4	Feb
3:30-5	Mon~Thurs	18	Feb
Intermediate (Academic English)			
1-2:30	Mon~Thurs	11	Feb
2-5:00	Sat+Sun	16	Feb

Vocab Enrichment	Feb 11, 16
Basic Grammar	Feb 4,11, 16, 25
Intermediate Grammar	Feb 25 Mar 23
Basic Writing	Feb 11, 23
Intermediate Writing	Feb 18
IELTS သင်တန်းများ	
IELTS Four Skills	Feb 25 Mar 11
IELTS Speaking+Vocab	Jan 21 Feb 18
IELTS Reading+Vocab	Jan 21 Feb 25
IELTS Writing+Grammar	Jan 26 Feb 16

၇၊ ၈၊ ၉၊ ၁၀ တန်း ကျောင်းသား/သူများအတွက် Essay, Letter + Grammar နွေအထူးသင်တန်း Sat + Sun (10-12:00) မတ် 9 စမည်

သင်္ဘောသားလူသစ်များအတွက် "သင်္ဘောဆိုင်ရာဝေါဟာရ" နှင့် Marlins English သင်တန်း 4:30-7:30 (Sat+Sun) 9 Feb

BLT Air-Con Express အဆင့်မြင့် ကားနှင့်မိုမည်

အထူးနှုန်း ကျိုက်ထီးရိုး 9000 (နေ့စဉ်) ချောင်းသာ 10000 (နေ့စဉ်)

လူဦးရေကန့်သတ်ထားပါသည်။ 09-73163534, 09425033245

မျိုး 380164 09 5017088 09 8626524

ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ရန်ကုန်မြို့တွင်း တိုက်ပျက်အုတ်ကျိုး တောင်မြေကြီး လိုသလောက်ရမည်။ စက်ယန္တရားများဖြင့် မြေတူးသည်။

ဖုန်း-၀၉-၅၀၀၃၁၂၅

ကိုဝင်းနိုင် ဦးစီးသော ရွှေဥဒေါင်းမင်း 09421152677, 09421122687

❖ အမှတ်-၁၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်ညဈေးအနီး ❖ ပန်းဆိုးတန်းလမ်း(ခုံးတံတားအဆင်း) ❖ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

❖ မန်းရွှေစက်တော် ခြေတော်ရာဖွင့်ပွဲ Feb 14 နေ့ စထွက်မည်။ (စား၊ တည်း ငြိမ်း)

❖ အလောင်းတော်ကဿပ (၃)ရက်။ ဆက်၍- စစ်ကိုင်း၊ မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် (၅)ရက်။

❖ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်ဆမ်း၊ မွေတော်ကက္ကူ (၅)ရက်

❖ ပုပ္ပါး၊ ပုဂံ-စွယ်တော်(၄)ဆူ၊ ပခုက္ကူ(၃)ရက် 55000 (Hoetl တည်း၊ စား ငြိမ်း) အပတ်စဉ် သောကြာ

PROMISE



အနုပညာ၊ သုတ၊ ရသ မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၁)၊ ဖေဖော်ဝါရီ ၂၀၁၃ ကို ဖက်ရှင်၊ အနုပညာ၊ ကျန်းမာရေးဝတ္ထုတို၊ ဝတ္ထုရှည် ဖတ်စရာ၊ မှတ်စရာကဏ္ဍ စုံလင်စွာ အပြင် ချစ်သူများနေ့အမှတ်တရ အစီအစဉ်များဖြင့် စတင်ထုတ်ဝေလိုက်ပါပြီ။ အမှတ်-၁၆၇ (ပထမထပ်-ယာ)၊ ၃၅ လမ်း (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၆၆၆၆၊ ၀၉ ၇၃၀၁၉၉၄၀

BUSINESSPLUS Business & Leisure Travel

အမှတ်(၁၄၁) အခန်း(၉၀၃) ဗားဂရာကွန်ဒို၊ ဗားဂရာလမ်း၊ စမ်းချောင်း၊ ရန်ကုန်။

ဖုန်း။ ၀၁-၅၁၈ ၁၄၇၊ ၀၉-၇၃၁ ၉၄၃၀၀၊ ၀၉-၇၃၀၀ ၃၅၂၇

E-mail: info@bplustours.com

အမေရိကန်ပြည်ထောင်စုခရီး

New York, Washington D.C, Boston, Philadelphia, Niagara Falls, Rhode Island နှင့်နာမည်ကြီးမြို့ကြီးများ၊ ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်-Harvard, MIT, Yale နှင့် West Point စစ်တက္ကသိုလ်၊ ကမ္ဘာ့အကြီးဆုံး Shopping Center နှင့် နာမည်ကြီးနေရာပေါင်းများစွာသို့-ဧပြီလ(၉)ရက်နေ့မှ(၁၉)ရက်အတွင်း Private Luxuryခရီး။ (လေယာဉ်လက်မှတ်၊ အပျော်စီးသင်္ဘော၊ မာစီးဒီးကား၊ အဆင့်မြင့်ဟိုတယ်၊ Guide နှင့် အမေရိကန်ဒေသအစားအသောက်များပါဝင်သည်။) ဖေဖော်ဝါရီ (၁၅)ရက်နေ့မတိုင်မီ စာရင်းအမြန်ပေးသွင်းနိုင်ပြီ။

တစ်ဦးလျှင်- (၄၉) သိန်းကျပ်တိတိ (စားစရိတ်ငြိမ်း)

မန္တလေးကြော်ငြာနှင့်သတင်း

ပိတောက်ပင်ဒေသ ရေနံများ စံချိန်တင်ထွက်ရှိသော်လည်း မီးဘေးအန္တရာယ် စိုးရိမ်နေရ

သရက် ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ပိတောက်ပင်ဒေသ ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခွင့်ရ ရွှေရာသီကုမ္ပဏီ ၁၁၇၃ ကေအတွင်းရှိ pc လုပ်ကွက် ရေနံတွင်း ၄၅ တွင်းအနက် တွင်းအမှတ် pc.39 သည် ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီက တစ်နာရီလျှင် ရေနံ ၅၀ ပီပါခန့်ကို စံချိန်တင် ထွက်ရှိခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါ pc လုပ်ကွက်အတွင်း ပေ (၇၀×၇၀) အကွက်ပေါင်း ၄၅ ကွက်ကို ဇန်နဝါရီလ တတိယပတ်က လုပ်ကွက်အသစ်များအဖြစ် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခွင့်ရ ကုမ္ပဏီက (စလစ်)ခွင့်ပြုမိန့်ကြေး သုံးသိန်း၊ မီးသတ်ဆေးဘူး နှစ်သိန်းငါးသောင်း၊ စီမံခန့်ခွဲမှု ငါးသောင်းအပါအဝင် ငွေကျပ်ခြောက်သိန်းနှင့် ယာမြေပိုင်ရှင်အား ပေ (၇၀×၇၀) ရေနံတွင်း တစ်ပေါက် ငါးသိန်းနှင့် ထွက်ရှိရေနံ ခုနစ်ပုံ တစ်ပုံကို ပေး၍ ရေနံတူးဖော်ခဲ့ကြရာ မြေအောက်ပေ ၂၀၀ ခန့်မှ ပေ ၁၂၀၀ အထိ တူးဖော်ခဲ့ရသော pc လုပ်ကွက် ရေနံတွင်း ၄၅ တွင်းအနက် ရေနံတွင်း ၂၀ ကျော်မှ ရေနံ ပီပါ ၈၀၀ ကျော်ကို နေ့စဉ်ထုတ်လုပ်ထွက်ရှိနေစဉ် တွင်းအမှတ် pc.39 က တစ်နာရီလျှင် ရေနံ ၅၀ ပီပါခန့်ကို စံချိန်တင်ထွက်ရှိခဲ့သည်။

ပိတောက်ပင်ဒေသ ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော် ထုတ်လုပ်ခွင့်ရကုမ္ပဏီသည် နေ့စဉ်ထွက်ရှိသော ရေနံများကို နိုင်နင်းအောင် သိမ်းယူနိုင်ခြင်းမရှိသဖြင့် ယာယီမိုးကာလှောင်ကန်များအတွင်း ရေနံများကို သိုလှောင်နေရရာ မီးဘေးအန္တရာယ်ကို စိုးရိမ်နေရသလို ရေနံတွင်း တစ်တွင်းနှင့် တစ်တွင်းကြား မီးသတ်ယာဉ်များ အလွယ်တကူ အရေးပေါ် ဝင်၊ ထွက်သွားလာနိုင်မည့် လမ်းမရှိခြင်း၊ ရေနံတွင်း တစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ မထားရှိခြင်းတို့ကြောင့် မီးဘေးအန္တရာယ် အချိန်မရွေး ကျရောက်နိုင်ပြီး ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ကိုကိုအောင်(သရက်)

ရှေးရိုးရာမပျက် နွားရောင်းပွဲတော် မလှိုင်မြို့နယ်၌ ငါးရက်တစ်ကြိမ်ပြုလုပ်

မလှိုင် ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်မှ ရှေးရိုးရာမပျက် နွားရောင်းပွဲတော် ဒေသအခေါ် နွားပွဲဈေးကို ငါးရက်တစ်ကြိမ်ပြုလုပ်သည့် ဈေးနေ့များ၌ မလှိုင်မြို့နှင့် တစ်မိုင်ခန့်ဝေးသော ဖိုးစွန်ကုန်းကွင်း၌ ခင်းကျင်းရောင်းချလျက်ရှိသည်။

နွားရောင်းပွဲတော်ဆိုသည်မှာ မလှိုင်မြို့နယ်နေ ကျေးရွာသူ ကျေးရွာသားများနှင့် အမြို့မြို့အနယ်နယ်မှ နွားဝယ်ယူလိုသူများ၊ နွားရောင်းလိုသူများက လာရောက်ရောင်းဝယ်ကြခြင်းဖြစ်သည်။ နွားဝယ်ရောင်းလိုသူများက ဒေသအခေါ် စနေဒိုင်ကို တစ်ဖက် ၃၀၀၀ နှုန်းပေးဆောင်၍ ဝယ်ရောင်းရခြင်းဖြစ်သည်။ ယခုလ နွားတစ်ကောင်၏ တန်ဖိုးမှာ နွားလှ (ခိုင်း) ရှစ်သိန်းဝန်းကျင်ခန့်၊ နွားမ သုံးသိန်းဝန်းကျင်ခန့်၊ နွားကြမ်း လေးသိန်းဝန်းကျင်ခန့်နှင့် နွားပေါက် ခြံလွတ် နှစ်သိန်းခွဲခန့် ပေး၍ ဝယ်ရောင်းကြသည်။

ယနေ့ အချိန်အခါသည် တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးသည့် ရာသီဥတုဖြစ်၍ နွားပွဲဈေးသည် ငါးရက်တစ်ကြိမ် ဈေးနေ့တိုင်းစည်ကားလျက်ရှိသည်။ နှစ်ပေါင်း ၆၀ ကျော် ရှေးရိုးရာမပျက် နွားရောင်းပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ လာရောက်လေ့လာနိုင်ရန် တင်ပြလိုက်ရပါသည်။

ကျော်ကျော်(မလှိုင်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ် မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစားငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော် ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်။

1. Computer	30 Nos
2. Fax	6 Nos
3. i Pad	1 No
4. UPS	15 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များကို ၄-၂-၂၀၁၃ ရက်မှ ၈-၂-၂၀၁၃ ရက်ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၀၀ နာရီအထိ ရုံးဖွင့်ရက်အတွင်း လေ့ကျင့်ရေး (ကွန်ပျူတာဌာန) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်(၁၂)၊ နေပြည်တော်တွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၂-၂၀၁၃ ရက် ၁၀း၀၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရုံးအမှတ်(၁၂)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပစ္စည်းဝယ်ယူရေးအိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
ရုံးအမှတ်(၁၂)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၂၁၈

ပြင်ဆင်ဖတ်ရှုပါရန်

၁-၁-၂၀၁၃ ရက် ကြေးမုံသတင်းစာ စာ-၁၅ ပါ ရှုရီသနန္တနဓမ္မ(စနာတန်) ဟိန္ဒူဘုရားရှိခိုးကျောင်းကြော်ငြာတွင် "သနန္တနဓမ္မ ဟိန္ဒူဘုရားရှိခိုးကျောင်း ဂေါပကအဖွဲ့"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးတင်မောင်တက္ကသိုလ်ပညာသင်ဆုလျှောက်ထားနိုင်သည်

၁။ မန္တလေးဦးတင်မောင်တက္ကသိုလ်ပညာသင်ဆုကို ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ ဆေးတက္ကသိုလ်(၆၄၂)ဦး၊ နည်းပညာတက္ကသိုလ် (၇၀၂)ဦး၊ ကွန်ပျူတာတက္ကသိုလ်(၄၂၅)ဦး၊ စိုက်ပျိုးရေးတက္ကသိုလ်(၁၉၅)ဦး၊ တိုင်းရင်းဆေးတက္ကသိုလ်(၈၆)ဦး၊ အခြားတက္ကသိုလ်(၄၀၁)ဦး၊ စုစုပေါင်း(၂၄၅၁)ဦးကို လူမျိုးဘာသာမရွေး ထောက်ပံ့ချီးမြှင့်ခဲ့ပါသည်။ အဆိုပါတက္ကသိုလ်များမှ (၇၃၁)ဦး ဘွဲ့ရရှိခဲ့ကြပြီး ဖြစ်ပါသည်။

၂။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အောက်ပါတက္ကသိုလ်များမှ ပညာထူးချွန်ပြီး ငွေကြေးချို့တဲ့သော ကျောင်းသူ၊ ကျောင်းသားများအား ဦးတင်မောင်တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ရေးကော်မတီမှ စိစစ်ရွေးချယ်ပြီး လစဉ်ပညာသင်ထောက်ပံ့ကြေးကို ဘွဲ့ရသည်အထိ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ လျှောက်ထားလိုကြသော ကျောင်းသူ၊ ကျောင်းသားများသည် လျှောက်လွှာကို ၃၁-၃-၂၀၁၃ ရက်နေ့ထက် နောက်မကျဘဲ ဦးတင်မောင်တက္ကသိုလ်ပညာသင် ဆုချီးမြှင့်ရေးကော်မတီသို့ လျှောက်ထားနိုင်ပါသည်-

(၁)	ဆေးတက္ကသိုလ်(ပထမနှစ်)	ဘွဲ့ရသည်ထိချီးမြှင့်ငွေကျပ်	(၂၄၀၀၀၀ဝိ/)
(၂)	ရန်ကုန်နည်းပညာတက္ကသိုလ်(ပထမနှစ်)	ဘွဲ့ရသည်ထိချီးမြှင့်ငွေကျပ်	(၁၂၀၀၀၀ဝိ/)
(၃)	မန္တလေးနည်းပညာတက္ကသိုလ်(ပထမနှစ်)	ဘွဲ့ရသည်ထိချီးမြှင့်ငွေကျပ်	(၁၂၀၀၀၀ဝိ/)
(၄)	ကွန်ပျူတာတက္ကသိုလ်(ပထမနှစ်)	ဘွဲ့ရသည်ထိချီးမြှင့်ငွေကျပ်	(၁၀၀၀၀၀ဝိ/)
(၅)	ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(ပထမနှစ်)	ဘွဲ့ရသည်ထိချီးမြှင့်ငွေကျပ်	(၁၀၀၀၀၀ဝိ/)
(၆)	တိုင်းရင်းဆေးတက္ကသိုလ်(ပထမနှစ်)	ဘွဲ့ရသည်ထိချီးမြှင့်ငွေကျပ်	(၁၀၀၀၀၀ဝိ/)

လျှောက်လွှာပုံစံများကို မိမိတို့၏သက်ဆိုင်ရာတက္ကသိုလ် ကျောင်းရုံးများတွင် စုံစမ်းရယူနိုင်ပါသည်။

ပညာသင်ဆုလျှောက်ထားသူများအနက် အောက်ပါအချက်များပေါ် အခြေခံ၍ဦးစားပေးရွေးချယ်သွားပါမည်။

(က) စီးပွားရေးချို့တဲ့ပြီး မိဘနှစ်ပါးမရှိသူ ဖြစ်ရပါမည်။
(ခ) စီးပွားရေးချို့တဲ့ပြီး မိဘတစ်ပါးပါးမရှိသူ ဖြစ်ရပါမည်။
(ဂ) မိဘနှစ်ပါးရှိသော်လည်း စီးပွားရေးချို့တဲ့သူ ဖြစ်ရပါမည်။
(ဃ) ဝန်ထမ်းသား/သမီးဖြစ်ပါက လစာနည်းဝန်ထမ်း ဖြစ်ရပါမည်။
(င) အထက်ပါ(က)မှ (ဃ)ထိ အချက်အလက်များတူညီနေပါက တက္ကသိုလ်ဝင်တန်းအောင်ရမှတ်များသူကို ဦးစားပေးရွေးချယ်သွားမည်။

လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိရမည့်အချက်အလက်များ

(၁) ဦးတင်မောင်တက္ကသိုလ်ပညာသင်ဆုလျှောက်လွှာ(သတ်မှတ်ပုံစံ)။
(၂) လျှောက်ထားသူ၏ကာလာလိုင်စင်ဓာတ်ပုံ(၃)ပုံ။
(၃) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးလက်မှတ်မိတ္တူ။
(၄) တက္ကသိုလ်ဝင်တန်းအောင်အမှတ်စာရင်းမိတ္တူ။
(၅) သက်ဆိုင်ရာတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားနေကြောင်း မော်ကွန်းထိန်း၏ ထောက်ခံချက်မူရင်း။
(၆) အိမ်ထောင်စုဇယားမိတ္တူ။
(၇) တက္ကသိုလ်ပညာသင်ကြားရန် အမှန်တကယ်စီးပွားရေးအရ အခက်အခဲရှိကြောင်း တက်ရောက်အောင်မြင်ခဲ့သည့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး၏ထောက်ခံချက်မူရင်း။
(၈) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မိမိနေထိုင်ရာရပ်ကွက်နှင့်သက်ဆိုင်ရာရဲစခန်းထောက်ခံချက်မူရင်း။
(၉) မိသားစုစီးပွားရေးအခြေအနေကို ဖော်ပြသည့် မိမိနေထိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း။

လျှောက်လွှာပေးပို့ရမည့်လိပ်စာ

ဦးတင်မောင်တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ရေးကော်မတီ
၃၁ လမ်း၊ ၇၇ × ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်
မန္တလေးမြို့။ ဖုန်း-၀၂-၆၁၆၅၁

မှတ်ချက်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများသို့ ပညာသင်ဆုများချီးမြှင့်နိုင်ရန် ငွေပဒေသာပင်စိုက်ထူလှူဒါန်းထားပါသည်။ ဖော်ပြပါ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပညာသင်ဆုလျှောက်ထားလိုသော ကျောင်းသူ၊ ကျောင်းသားများသည် မိမိတို့နှင့်သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် စုံစမ်းလျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃
နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

စီးပွားရေးလုပ်ငန်းအမျိုးအစားများသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၂)ပါ သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအနက် လုပ်ကိုင်ခွင့်ပြုရန် ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများ စာရင်း၊ နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်းနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေ တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများ စာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်းထုတ်ပြန်လိုက်သည်-

ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း

အမှတ်စဉ်	စီးပွားရေးလုပ်ငန်းအမျိုးအစား
၁	ကာကွယ်ရေးဆိုင်ရာ လက်နက်ခဲယမ်းမီးကျောက်များ ပစ္စည်းများထုတ်လုပ်ခြင်းနှင့် ယင်းနှင့် ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ
၂	ရေထိန်းတောများ၊ ဘာသာရေးအရ အထွတ်အမြတ် ထိန်းသိမ်းထားသည့် နေရာများနှင့် ရိုးရာပူဇော်ပသမှုပြုလုပ်သည့်နေရာများ၊ စားကျက်မြေများ၊ တောင်ယာစိုက်ခင်းနှင့်လယ်ယာမြေများ၊ ရေအရင်းအမြစ်များကို ထိခိုက် ပျက်စီးစေနိုင်သည့် လုပ်ငန်းများ
၃	ဓာတ်မြေသြဇာဥပဒေအရလည်းကောင်း၊ မျိုးစေ့ဥပဒေအရလည်းကောင်း၊ အခါအားလျော်စွာ ထုတ်ပြန်သည့် စိုက်ပျိုးရေးဆိုင်ရာဥပဒေအရသော်လည်းကောင်း ကိုက်ညီမှုမရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံ ထုတ်လုပ်မှုလုပ်ငန်းများ
၄	ပြည်ပမှစွန့်ပစ်ပစ္စည်းများတင်သွင်းပြီး ပြည်တွင်း၌ စက်ရုံတည်ထောင်ထုတ်လုပ်သည့်လုပ်ငန်း
၅	အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီရာယ်နောက်ဆက်တွဲစာချုပ်များအရ ပိတ်ပင်တားမြစ်ထားသည့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများဖြစ်သောHydrobromo fluoro-carbon (HBFC) ၃၄ မျိုး၊ Bromo-chloromethane ၁ မျိုး၊ cholorofluorocarbon ၅ မျိုး၊ Halogenated (CFC) ၁၀ မျိုး၊ Halon ၃ မျိုး၊ Halogenated CFC ၁၀ မျိုး၊ carbon tetrachloride ၁ မျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ
၆	ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး တာရှည်တည်မြဲနေနိုင်သည့် အော်ဂဲနစ်ပစ္စည်းများ ကာကွယ်ရေးဆိုင်ရာ စတော့ဟုမ်းကွန်ဗင်းရှင်းအရ တားမြစ်ထားသည့် အော်ဂဲနစ်ပစ္စည်း ၂၁ မျိုးထုတ်လုပ်ခြင်းလုပ်ငန်း
၇	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် ပတ်ဝန်းကျင်ကို လက်ငင်း၊ ရေတိုရေရှည်တွင် သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ပြည်တွင်းတွင် သုံးစွဲရန် မသင့်သည့် ပြည်ပ၌အသုံးပြုပြီး စက်ရုံ သို့မဟုတ် စက်ပစ္စည်းများ သို့မဟုတ် လုပ်ငန်းများနှင့် ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုး အစားများ ထုတ်လုပ်သည့်စက်ရုံ (သို့မဟုတ်) အသုံးပြုသည့်လုပ်ငန်းများ
၈	သဘာဝသစ်တောများကို စီမံခန့်ခွဲထိန်းသိမ်းမှုလုပ်ငန်း
၉	ကျောက်စိမ်း/ ကျောက်မျက်ရတနာရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့်ထုတ်လုပ်ခြင်းလုပ်ငန်း
၁၀	ဓာတ်သတ္တုအလတ်စားနှင့် အသေးစားထုတ်လုပ်ခြင်းလုပ်ငန်း
၁၁	မီးခံကျောက်ဂွမ်း (Asbestos) ဖြင့်လုပ်သည့် ဆောက်လုပ်ရေးပစ္စည်း အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၂	လျှပ်စစ်ဓာတ်အားစနစ်ကွပ်ကဲခြင်းလုပ်ငန်း
၁၃	လျှပ်စစ်ဓာတ်အားကုန်သွယ်ခြင်းလုပ်ငန်း
၁၄	လျှပ်စစ်ဆိုင်ရာ စစ်ဆေးရေးလုပ်ငန်း
၁၅	သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို ထိခိုက်ပျက်စီးစေနိုင်သော ဓာတုဗေဒပစ္စည်းများဖြစ်သည့် MTBE (Methyl Tertiary Butyl Ether)၊ TEL (Tetra Ethyl Lead) တို့ကို ရေနံချက် စက်ရုံများတွင် ထုတ်လုပ် သုံးစွဲမှုနှင့် တင်သွင်းသုံးစွဲသည့်လုပ်ငန်း
၁၆	ပြည်သူတို့၏ ကျန်းမာရေးထိခိုက်စေနိုင်သော၊ လူတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော မြေထု၊ ရေထု၊ လေထုတွင် ညစ်ညမ်းစေသည့်အခိုးအငွေ့၊ အနံ့အသက်၊ အမှုန်အမွှား၊ အသံဗလံ၊ ဓာတုပစ္စည်းများ၊ ဓာတ်သတ္တုများနှင့် ဓာတ်ရောင်ခြည်များ ထွက်ပေါ်နိုင်သည့် စက်ရုံ အလုပ်ရုံလုပ်ငန်းများ
၁၇	မြစ်ကြောင်းရေလမ်းနယ်မြေအတွင်း ရွှေအပါအဝင် သတ္တုသယံဇာတ တူးဖော်ခြင်းလုပ်ငန်း
၁၈	လေကြောင်းထိန်းသိမ်းကွပ်ကဲလမ်းညွှန်ဝန်ဆောင်မှုလုပ်ငန်း
၁၉	ရေကြောင်းပြလုပ်ငန်း
၂၀	ပုံနှိပ်နှင့်အသံလွှင့်မီဒီယာလုပ်ငန်းကို ပူးတွဲလုပ်ကိုင်ခြင်း
၂၁	မြန်မာအပါအဝင် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသောအချိန်မှန်ထုတ်စာနယ်ဇင်းပုံနှိပ်ဖြန့်ချိခြင်းများ

နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း

အမှတ်စဉ်	စီးပွားရေးလုပ်ငန်းအမျိုးအစား
၁	စပ်မျိုးစေ့များထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများ
၂	အထွက်တိုးမျိုးများနှင့် နိုင်ငံတွင်း ဒေသမျိုးများ သန့်စင်ထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းများ
၃	ဘီစကွတ်၊ ဝေဖာ၊ ခေါက်ဆွဲ၊ မာကရိုနီ၊ ကြာဆံ၊ မြူစွမ်စသည့် အခြားနှံစားသီးနှံထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၄	သကြားလုံး၊ ကိုကိုး၊ ချောကလက်အပါအဝင် မုန့်အချိုအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၅	နို့နှင့် နို့ထွက်ပစ္စည်းမှအပ အခြားစားသောက်ကုန်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွတ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၆	မုယောဖောက်လုပ်ခြင်း၊ မုယောဖောက်လုပ်ခြင်းဖြင့် ထုတ်လုပ်မည့်ယမကာပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၇	အရက်၊ အရက်ပြန်စသည့် ယမကာနှင့် ယမကာမဟုတ်သော ပစ္စည်းထုတ်လုပ်ခြင်း၊ ရောစပ်ခြင်း၊ သန့်စင်ခြင်း၊ ပုလင်းသွင်းခြင်း စသည့်လုပ်ငန်းများနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ
၈	ရေခဲအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၉	သောက်ရေသန့် လုပ်ငန်းများ
၁၀	ချည်ကြိုးအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၁	ကြွေရည်သုတ်ပစ္စည်းများ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်း၊ ဓား၊ ခက်ရင်း စသည့် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၂	ပလတ်စတစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်း
၁၃	ရော်ဘာနှင့် ပလတ်စတစ် ထုတ်လုပ်ခြင်းလုပ်ငန်း
၁၄	ထုပ်ပိုးခြင်းလုပ်ငန်း
၁၅	သားရေတုမှအပ သားရေစိမ်း၊ သားရေအမျိုးမျိုးနှင့် သားရေဖြင့်ပြုလုပ်သော ဖိနပ်၊ လက်ကိုင်အိတ် စသည်များအပါအဝင် သားရေပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း
၁၆	စက္ကူအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၇	မှိုင်းခံစက္ကူ၊ ဖယောင်းစက္ကူ၊ ရေအိမ်သုံးစက္ကူစသည်များအပါအဝင် စက္ကူနှင့် ကတ်ထူစက္ကူများဖြင့် ပြုလုပ်သည့် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၈	ပြည်တွင်းသဘာဝသယံဇာတများအပေါ် မူတည်၍ ထုတ်လုပ်သော ဓာတုပစ္စည်းများထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၉	မီးလောင်လွယ်သော အခဲ၊ အရည်၊ အငွေ့နှင့် အေရိုဆော် (Acetylene, Gasoline, Propane, Hair Sprays, Perfume, Deodorant, Insect Spray)ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချဖြင်းလုပ်ငန်း
၂၀	ဓာတ်တိုးစေသည့် ဓာတုပစ္စည်းများ (Oxygen, Hydrogen Peroxide)၊ ဖိသိပ်ထားသော ဓာတ်ငွေ့ (Acetone, Argon, Hydrogen, Nitrogen, Acetylene)ထုတ်လွှတ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၂၁	လောင်စားတတ်သည့် ဓာတုပစ္စည်း (Sulfuric Acid, Nitric Acid) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၂၂	စက်မှုသုံးဓာတုဓာတ်ငွေ့အမျိုးမျိုး (အငွေ့၊ အရည်၊ အခဲ)ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၂၃	ဆေးဝါးကုန်ကြမ်းထုတ်လုပ်သည့်လုပ်ငန်း
၂၄	အဆင့်မြင့်နည်းပညာသုံး ထုတ်လုပ်သော ကာကွယ်ဆေးများ ထုတ်လုပ်ခြင်းလုပ်ငန်း
၂၅	စက်မှုတွင်းထွက်ကုန်ကြမ်းနှင့် သတ္တုကဏ္ဍဆိုင်ရာလုပ်ငန်းများ စမ်းသပ်ရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း
၂၆	ဓာတ်သတ္တုအကြီးစား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း
၂၇	အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ တံတားတည်ဆောက်ရေးတွင်အသုံးပြုမည့် တံတားသံပေါင်၊ ကွန်ကရစ်ပစ္စည်းများ ကြိုတင်ထုတ်လုပ်/သွန်းလောင်းပစ္စည်းစက်ရုံ၊ အလုပ်ရုံများထူထောင်သည့်လုပ်ငန်း
၂၈	တံတားကြီးများ၊ အဝေးပြေးလမ်းမကြီးများ၊ ခုံးကျော်တံတားကြီးများ၊ မြေအောက်ရထားလမ်းများစသည့် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်း
၂၉	နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်း/အပန်းဖြေနေရာများဖော်ထုတ်တည်ထောင်ခြင်းလုပ်ငန်း
၃၀	လူနေအိမ်ခန်းအဆောက်အအုံ/စုပေါင်းပိုင် အဆောက်အအုံတည်ထောင်ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း
၃၁	ရုံးခန်း/စီးပွားရေးအဆောက်အအုံ တည်ထောင်ရောင်းချခြင်းလုပ်ငန်း
၃၂	စက်မှုဇုန်များနှင့်ဆက်စပ်သော လူနေဧရိယာများ၌ လူနေအိမ်ခန်းအဆောက်အအုံများ တည်ထောင်ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း
၃၃	ပြည်သူအများ ဝယ်ယူနိုင်စွမ်းရှိသော အိမ်ရာဆောက်လုပ်တည်ထောင်ခြင်းလုပ်ငန်း
၃၄	မြို့သစ်ဖော်ထုတ်တည်ထောင်ခြင်းလုပ်ငန်း
၃၅	ပြည်တွင်းလေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း
၃၆	နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း
၃၇	ရေယာဉ်များဖြင့်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့်လုပ်ငန်းများဆောင်ရွက်ခြင်း
၃၈	သင်္ဘောကျင်းများတွင် ရေယာဉ်သစ်များတည်ဆောက်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း
၃၉	ကုန်းတွင်းကုန်သေတ္တာစခန်းဆောက်လုပ်ခြင်းနှင့် ကုန်သိုလှောင်ရုံများဆောက်လုပ်၍ မြစ်တွင်း ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း
၄၀	ရထားတွဲသစ်များနှင့် စက်ခေါင်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း
၄၁	ပုဂ္ဂလိကအထူးကုဆေးရုံ/ပုဂ္ဂလိကအထူးကုတိုင်းရင်းဆေးရုံများလုပ်ငန်း
၄၂	ခရီးသွားလုပ်ငန်း

သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများ စာရင်း

၁။ သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း

အမှတ်စဉ်		စီးပွားရေးလုပ်ငန်းအမျိုးအစား	ကန့်သတ်ချက်
(၁)		(၂)	(၃)
၁		**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**	
	၁	မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၂	ဓာတ်မြေသြဇာစက်ရုံတည်ဆောက်ထုတ်လုပ်ခြင်းလုပ်ငန်းများ	ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ရမည်။
	၃	ပိုးသတ်ဆေးထုတ်လုပ်ခြင်းနှင့် ပြန်လည်ထုပ်ပိုးခြင်းလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ရမည်။
	၄	လယ်ယာစိုက်ပျိုးရေးသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၅	လယ်ယာလုပ်ငန်းသုံးစက်နှင့် စက်ကိရိယာထုတ်လုပ်ခြင်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၆	သီးနှံစိုက်ပျိုး ထုတ်လုပ်ရေးနှင့် ယင်းနှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ရမည်။
	၇	ခေတ်မီမြေယာဖော်ထုတ်ရေးလုပ်ငန်းများ	ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
၂		**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**	
	၁	ပျားနှင့် ပျားထွက်ပစ္စည်းလုပ်ငန်း	GMP နည်းစနစ်ဖြင့် ထုတ်လုပ်ရမည်။ နိုင်ငံတော်မှ ထုတ်ပြန်ထားသော အစားအသောက်အတွက် ထုတ်လုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။ နိုင်ငံခြားများမှ နည်းပညာနှင့် ဈေးကွက်များ ရရှိရမည်။
	၂	ငါးဖမ်းပိုက်ထုတ်လုပ်သည့် စက်ရုံလုပ်ငန်း	ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေလုပ်ထုံးလုပ်နည်းအမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်။ ငါးဖမ်းလုပ်ငန်းဖွံ့ဖြိုးသည့် ဒေသများတွင် စက်ရုံများတည်ဆောက်ရမည်။ သတ်မှတ်ပိုက်ကွက် အရွယ်အစားကိုသာ ထုတ်လုပ်ရမည်။
	၃	ငါးချဆိပ်ကမ်း၊ ငါးလေလံဈေး တည်ဆောက်ရေးလုပ်ငန်း	ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေလုပ်ထုံးလုပ်နည်းအမိန့်ညွှန်ကြားချက်၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်။ ငါးချဆိပ်ကမ်းနှင့် ငါးလေလံဈေးကို တွဲလျက်တည်ဆောက်ရန်နှင့် သန့်ရှင်းမှုလုံခြုံမှုစနစ်များကို အဆင့်မြှင့်ပြီး ခေတ်မီစွာ တည်ဆောက်ရမည်။

အချပ်ပို က သို့ ❖

အခန်းဆက်ဝတ္ထု

ငွေကန္တာဦး

တက္ကသိုလ် ဘုန်းနိုင်

(ယမန်နေ့မှအဆက်)

"မသောင်းနု ကိုယ်ရယ်လေ၊ မြတ်မင်းရယ်"

မသောင်းနုဟု အခေါ်ခံရသော အချုပ်ခန်းတွင်းမှ မိန်းမကမူ တုံ့ပြန်ခြင်းမရှိဘဲ ငြိမ်နေ၏။

ဦးမြတ်မင်းကသာ ဆက်ပြော၏။

"မသောင်းနု ထမင်းဆာနေပြီလား၊ တော်တော်ကြာ ဥမ္မာ့ကို ကိုယ်လွှတ်လိုက်မယ်"

အချုပ်ခန်းတွင်းမှ မသောင်းနုသည် ဘာမျှမဖြေ။ မျက်နှာကိုမော့ပြီး မျက်နှာကြက်ကိုကြည့်သည်။ ထို့နောက် ကျောခိုင်းလိုက်ပြီး သူ့အလုပ်ကိုသူ ဆက်လုပ်၏။

"ငါ့ကို လွှယ်၊ အမယ်ကြီးနှင့် ဘကြီးဖျက်လို့"

မသောင်းနုသည် ဘေး၌ လူတွေရှိသည်ကို အမှတ်ပြုဟန်မတူ၊ သူ့တေးကိုသူဆိုကာ သူ့အကနှင့် သူဆက်ကြည်နူးနေ၏။

ဦးမြတ်မင်းကအခန်းတွင်းမှ ထွက်သောကြောင့် နှင်းငွေလည်း လိုက်ထွက်၏။

ဦးမြတ်မင်းသာ တံခါးကိုသော့ပိတ်ပြီးမှ နှင်းငွေသည် လှုပ်ရှားလာ၍ မေး၏။

"အဲဒါ ဘယ်သူလဲ ဦး"

ဦးမြတ်မင်းက သက်ပြင်းရှိုက်ပြီး ဖြေ၏။

"အဲဒါ မသောင်းနု၊ ဦးရဲ့ ဇနီး၊ နုနုငယ်ရဲ့ အမေ"

နှင်းငွေ၏နှလုံးမှာ ရပ်သွားသည်ဟု ထင်ရသည်။ ဘာစကားမျှ ပြန်မပြောမိဘဲ ဦးမြတ်မင်းအား ကြောင်လျက် ငေးကြည့်နေမိသည်။ သူ့နားထဲတွင်မူဦးမြတ်မင်း၏ စကားသည် ပဲ့တင်ထပ်နေ၏။

"အဲဒါ မသောင်းနု၊ ဦးရဲ့ ဇနီး၊ နုနုငယ်ရဲ့ အမေ"

နုနုငယ်ရဲ့ အမေ၊ နုနုငယ်ရဲ့ အမေ။

ဦးမြတ်မင်းက စားပွဲကြီး၌ ပြန်ထိုင်၏။ နှင်းငွေကလည်း သူ့ကုလားထိုင်၌ ပြန်ထိုင်သည်။

ဦးမြတ်မင်းက ဖန်ခွက်တွင်းသို့ အရက်ငှဲ့ထည့်သည်။ အခန်းတွင်းမှာ တိတ်ဆိတ်လွန်းသောကြောင့် အရက်ကျသံသည် ကျယ်လောင်စွာ ပေါ်ထွက်လာ၏။

"မောင်နှင်းငွေ ထိတ်လန့်တုန်လှုပ်သွားသလား"

နှင်းငွေက ခေါင်းညိတ်ပြသည်။

"ဦးဆိုလိုတာကိုကော နားလည်ပြီလား"

ဤမေးခွန်းကိုမူ နှင်းငွေသည် အဖြေမပေးဘဲ ငြိမ်နေ၏။

"ကောင်းပြီ၊ ဦး ပြောပြမယ်၊ ပုံလေးတစ်ပုံလိုနားထောင်"

ဦးမြတ်မင်းသည် အရက်ကိုကျိုက်လိုက်ပြီး အတိတ်ကာလကို စဉ်းစားသည့်အလား မျက်လုံးကို မျက်နှာကြက်ဆီလှန်လျက် တစ်လုံးချင်း စပြော၏။

"လွန်ခဲ့တဲ့ အနှစ်အစိတ်ကျော်ကျော်ကပေ့ါကွယ်၊ သဲတောဇာတိသား ရန်ကုန်ကောလိပ်ကျောင်းသား မောင်မြတ်မင်းဆိုတာဟာ ဟောဒီရွာမွန်သာကို လာလည်ခဲ့တယ်၊ ဦးလုံးသိမ်းစ အင်မတန်လှတဲ့ မသောင်းနုဆိုတဲ့ ကလေးမလေး တစ်ဦးနဲ့တွေ့ပြီး ရည်ငံမိကြတယ်၊ မသောင်းနုရဲ့ အဖေဟာ သိတဲ့အချိန်မှာ အစွမ်းကုန်ဖျက်ခဲ့တယ်၊ ဘာဖြစ်လို့လဲ သိလား"

"ဂုဏ်ရည်မတူလို့လား ဦးရယ်"

ဦးမြတ်မင်းက ခေါင်းခါပြ၏။

'ဂုဏ်ရည်တူကြပါတယ်၊ ပြီးတော့ မောင်မြတ်မင်းဟာ အဲဒီအချိန်က အလွန်ရှားပါးတဲ့ မြို့အုပ်လောင်းလို့ခေါ်တဲ့ ကောလိပ်ကျောင်းသားပါ"

"ဒါဖြင့် ဘာဖြစ်လို့ သဘောမတူရတာလဲ ဦး"

"အဲဒါကို မောင်ရင် သိစေချင်တယ်၊ မသောင်းနုတို့ အမျိုးဟာ သက်ဆိုးမရှည်ကြဘူး၊ ရိုးရိုးမရှည်တာ မဟုတ်ဘူး၊ အင်း . . . ရူးရူးပြီး သေသွားကြရတယ်၊ မသောင်းနုတို့ရဲ့ အိမ်ကြီးကို ကျိန်စာသင့်နေတဲ့အိမ်ကြီးလို့ လူတွေက သမုတ်ပြီး ရှောင်ကွင်းကြတယ်၊ ငမိုက်သားမြတ်မင်းကသာ ဒီအိမ်ထဲ ဇွတ်ဝင်လာခဲ့တယ်"

ဦးမြတ်မင်းသည် အရက်ကိုမော့ပြန်၏။

"ဆက်ပါဦး . . . ဦး"

"ဆက်ပါ့မယ်၊ တိုတိုပါပဲကွယ်၊ ဦးတို့ခေတ်တုန်းက သီချင်းတစ်ပုဒ် ရှိတယ်၊ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ၊ ရွှေဘုံပေါ်မှာ စံရ၊ ချစ်တာချစ်တာ ပဓာနတဲ့၊ အင်း. . . ဒီလိုပဲ ချစ်တာကို ပဓာနထားပြီး တားမြစ်ချက်တွေကြားထဲက မြတ်မင်းဟာ မသောင်းနုကို ပေါင်းသင်းခဲ့တယ်၊ ခဲရာခဲဆစ် ခိုးယူပြီး ပေါင်းသင်းခဲ့တယ်၊ ဒါပေမယ့် နုနုငယ်ဆိုတဲ့ သမီးလေးမွေးပြီး ငါးနှစ်လောက်အကြာမှာ. . ."

ဦးမြတ်မင်း၏ အသံမှာ ဆို့ဝင်သွားပြီး စကားမဆက်နိုင်တော့၊ ဆက်ရန်လည်း မလိုပါ။

ဦးမြတ်မင်းနှင့်အတူ လိုက်ငိုင်နေမိရာမှ နှင်းငွေသည် ရုတ်တရက် မေး၏။

"ဦးရဲ့ ဇနီးကို ဆေးကုလို့ မရဘူးလား"

ဦးမြတ်မင်းက ခေါင်းခါပြ၏။

"ဦးလဲ ဘီအေ နောက်ဆုံးနှစ်အထိ နေခဲ့ဖူးတဲ့ ခေတ်ပညာတတ်တစ်ဦးပါ၊ ကုလို့ရတဲ့ စိတ်ရောဂါတွေ အများကြီးရှိပါတယ်၊အင်း . . . စိတ်ကျန်းမာရေးဆေးရုံကိုသာ အချိန်မီရောက်ရင်ပေါ့လေ၊ ဒါပေမယ့် ဦးဇနီးနဲ့ ဆွေစဉ်မျိုးဆက်ရဲ့ရောဂါက စိတ်ကစဉ့်ကလျားရောဂါ (Schizophrenia) လို့ခေါ်တဲ့ စိတ်ရောဂါ၊ ကမ္ဘာမှာ ဒီရောဂါရှင်တစ်ရာမှာ လွန်စွက်၍စွ ဆယ်ယောက်လောက်ပဲ ပျောက်ကင်းတယ်လို့ ဆိုကြတယ်၊ ပျောက်ကင်းတယ် ဆိုတာတောင်မှ ရှင်းရှင်းကြီးပျောက်တာ မဟုတ်ဘူး၊ သက်သာရုံ သက်သာကြတာ"

"ဘာကြောင့် ဒီရောဂါဖြစ်တာလဲ"

"အခုအထိ ဒီရောဂါဟာ ဘာကြောင့်ဖြစ်တယ်လို့ ဘယ်သူမှ မပြောနိုင်ကြသေးဘူး၊ မပြောနိုင်ကြသေးလို့ပဲ ဆေးမတွေ့ကြသေးတာပဲ၊ တစ်ခုတော့ သေချာတယ်၊ ဒီရောဂါဟာ သားစဉ်မြေးဆက်လိုက်တတ်တယ် မောင်နှင်းငွေ၊ သားစဉ် မြေးဆက်လိုက်တတ်တယ်"

နှင်းငွေသည် အထူးတုန်လှုပ်သွား၏။

"ဦးဆိုလိုတာက နုနုငယ်. . . နုနုငယ်"

နှင်းငွေသည် သူမေးလိုရာကို ဆုံးအောင် မမေးရဲ၊ သူ့ပါးစပ်က မထွက်ရဲ။

"မမေးပါနဲ့ မောင်နှင်းငွေ၊ ဦးလဲ မဖြေပါရစေနဲ့၊ ဦးကြောက်လန့်တာတွေလဲ ဆက်ဖြစ်မလာပါစေနဲ့၊ ဦးကတော့ ဆုသာတောင်းနေရတဲ့ ဘဝပါ၊ မောင်နှင်းငွေကတော့ ရှောင်ရှားနိုင်တဲ့အခြေမှာ ရှိပါသေးတယ်၊ ဦးစကားကို နားထောင်ပါ မောင်နှင်းငွေ၊ ဒီရွာကအမြန်ဆုံးပြန်သွားပါ၊ နုနုငယ်ကို မေ့ပစ်လိုက်ပါ၊ အမြန်ဆုံးမေ့ပစ်လိုက်ပါ"

"ကျွန်တော့်ကို ဘာလို့ ဒီလိုတိုက်တွန်းရတာလဲ ဦး"

"ဘာလို့တိုက်တွန်းရသလဲ ဟုတ်လား၊ မောင်နှင်းငွေ အခုထိ နားမလည်သေးပါလား၊ နားထောင်"

ဦးမြတ်မင်းသည် အရက်ကို မော့မည်ပြုပြီးမှ မမော့ဘဲ ခွက်ကို ပြန်ချ၏။ အရက်ခွက်ကို စိုက်ကြည့်ပြီးရယ်သည်။

ဦးမြတ်မင်း ရယ်နေဟန်ကား ငိုနေသည်နှင့် ပိုတူသည်။

> "အင်း...ဒီလိုပဲ ချစ်တာကို ပဓာနထားပြီး တားမြစ်ချက်တွေကြားထဲက မြတ်မင်းဟာ မသောင်းနုကို ပေါင်းသင်းခဲ့တယ်၊ ခဲရာခဲဆစ်ခိုးယူပြီး ပေါင်းသင်းခဲ့တယ်၊ ဒါပေမယ့် နုနုငယ်ဆိုတဲ့ သမီးလေးမွေးပြီး ငါးနှစ်လောက်အကြာမှာ..."

နှင်းငွေသည် ဦးမြတ်မင်းကို စိုက်ကြည့်မိသည်။

တစ်ချိန်တုန်းက ဤလူကြီးကို သူသည် ကြောက်စရာ၊ မုန်းစရာ၊ ရွံစရာ ယစ်ထုတ်ကြီးဟု မြင်ခဲ့သည်။ ယခု သူ့ရှေ့မှ လူကြီးကား ယစ်ထုတ်ကြီးပင် ဖြစ်၏။ သို့ရာတွင် သနားဖွယ် ယစ်ထုတ်ကြီး ဖြစ်နေ၏။

ဦးမြတ်မင်း၏ ဆံပင်တို့မှာ အဖြူနှင့် အနက်ရောနေသည်။ အနက်ထက် အဖြူက များနေ၏။ အိုမင်းသော မျက်နှာ၌ ပါးရေတွန့်တို့ ထင်ရှားစွာ ပေါ်နေသည်။

ဦးမြတ်မင်းသည် အရက်ခွက်ကို စိုက်ကြည့်ရင်း သူ့ကိုသူပြောဟန် ဆို၏။

"ဟောဒီ အရက်ဆိုတာ တစ်ချိန်က မစင်အညစ်အကြေးလို မြတ်မင်း ရွံရှာမုန်းတီးခဲ့တယ်၊ အခုတော့ မြတ်မင်း ရွံရှာမုန်းတီးတဲ့ အရက်ဟာ မြတ်မင်းရဲ့ တစ်ဦးတည်းသောမိတ်ဆွေ၊ တစ်ဦးတည်းသော အဖော်ဖြစ်နေရပြီ၊ ဘဝဆိုတာဟာ ဘာလဲ၊ အမှန်အတိုင်း ဝန်ခံရရင် ပျော်ရွှင်ချင်တာပဲ၊ ချစ်သူနဲ့ ပျော်ရွှင်ချင်တယ်၊ ချစ်ဇနီးနဲ့ ပျော်ရွှင်ချင်တယ်၊ ဇနီးမယား သမီးသားတွေနဲ့ ဘုရားသွားအတူတူ၊ ကျောင်းသွားအတူ၊ လူ့ဘောင်မှာ တင့်တင့်တယ်တယ် ပျော်ရွှင်ချင်တယ်၊ အဲဒါတွေဟာ မျှော်လင့်ခြင်းတွေ၊ မျှော်လင့်ခြင်းတွေ ပျက်ကုန်တဲ့ဘဝမှာ ဘာလုပ်ရမလဲ၊ သေကွဲကွဲရရင်တော့ အနိစ္စသဘောကို ဆင်ခြင်ပြီးဖြေလို့ရမလား မသိဘူး၊ အခုတော့ သေကွဲမဟုတ်ဘူး၊ ရှင်ကွဲလည်းမဟုတ်ဘူး၊ ရှင်လျက် မကွဲဘဲနဲ့ မပေါင်းနိုင်လို့လဲ ဒုက္ခသည်ကို ဘယ်လိုစွန့်ပစ်ရမလဲ၊ ချစ်တာဟာ ပဓာနတဲ့ မောင်နှင်းငွေ၊ ဟဲ ဟဲ. . . ပဓာနတဲ့၊ အစတုန်းကတော့ ချစ်တာ ပဓာနဆိုတဲ့စကားကို ပျော်ဖို့အတွက်ပဲ နားလည်ထားတယ်၊ အခုတော့ စိတ်ဆင်းရဲခြင်းကို တင်းခံနိုင်အောင် ချစ်တာ ပဓာနလို့ပဲ ရွတ်နေရပြန်တယ် လူကလေး မောင်နှင်းငွေ၊ ရွတ်နေရပြန်တယ်"

ဦးမြတ်မင်းသည် ဆက်ရယ်၏။ ရယ်ရင်းက သူ့အသံသည် တိမ်ဝင်သွား၏။ ထို့နောက် မျက်ရည်ပေါက်ကြီးများ သီးနေသော မျက်လုံးများနှင့် နှင်းငွေကို လှည့်ကြည့်သည်။

"ဦးကိုကြည့်စမ်း မောင်နှင်းငွေ၊ ဦးအသက် ဘယ်လောက်ရှိပြီလဲ၊ မဖြေပါနဲ့လေ၊ ခြောက်ဆယ်လို့ ထင်တယ် မဟုတ်လား၊ အမှန်က ဦးအသက်ဟာ လေးဆယ့်ငါးနှစ်ပဲ ရှိသေးတယ်၊ ဦးကို သခင်ကြီးလို့ခေါ်နေတဲ့ ကံရာဇာနဲ့ သူ့မယား ဥမ္မာထက် ဦး နှစ်နှစ်ထဲပဲ ကြီးပါတယ်"

ဦးမြတ်မင်းသည် အရက်ဖန်ခွက် ပြောင်သွားအောင် မော့ချလိုက်၏။ ထို့နောက် အရက်ထပ်ငှဲ့ပြီး မော့ပြန်၏။

သူ့မျက်နှာကြီးသည် ရဲလာ၏။ ပြန်လည်တည် ငြိမ်ရုံမက အနည်းငယ်ပင် ခက်ထရော်လာ၏။

"ဦးစကားကုန်ပြောပြီးပြီ၊ ပူမှန်းမသိတဲ့ မီးထဲလက်နှိုက်ဆော့ကစားမယ့် ကလေးတစ်ယောက်ကို ဦးလုံးဝခွင့်မပြုနိုင်ဘူး၊ ပြီးတော့ ဒီကျိန်စာသင့်တဲ့ မိသားစုဇာတ်လမ်းဟာ ရပ်တန်းက ရပ်ရမယ်၊ နောက်ထပ်မြတ်မင်းနဲ့ မသောင်းနုထပ်မပေါ်စေရဘူး၊ နောက်ထပ် နုနုငယ်တစ်ယောက်လဲ ထပ်မမွေးရဘူး၊ နားလည်ပြီလား လူကလေး၊ ဦးကိုနားလည်ပြီလို့ ဖြေလိုက်စမ်းပါ၊ ကျေးဇူးပြုပြီး ဖြေလိုက်စမ်းပါ"

နောက်ဆုံးဝါကျကိုမူ ဦးမြတ်မင်းသည် အံကြိတ်ရင်း ပြောသည်။

နှင်းငွေက မဖြေ၊ သက်ပြင်းကို အောင့်ပြီးစဉ်းစားသည်။

သူ့ရင်မှာ ဆို့နေ၏။ သူ့နှလုံးသားမှာ နာကျင်နေ၏။ သူ့ဦးနှောက်မှာ ရှုပ်နေ၏။ အတန်ကြာကြိုးစားပြီးမှ ပြောချင်သော စကားကို ပြောနိုင်သည်။

"ဦးရဲ့ စေတနာကို ကျွန်တော် နားလည်ပါပြီ၊ ဦး တောင်းတဲ့ ကတိကဝတ်ကိုလဲ ကျွန်တော် ပေးပါတယ်၊ ကျွန်တော် ဒီရွာက မနက်ဖြန်ကို ထွက်သွားပါ့မယ်၊ နောက်ထပ်လည်း ကျွန်တော် တော်တော်နဲ့ ပြန်မလာပါဘူး၊ ဒါပေမယ့် တစ်နေ့မှာတော့ ပြန်လာခဲ့ပါရစေ၊ အဲဒီအခါမှာ နုနုငယ်နဲ့ မတွေ့ရတောင် ဦးနဲ့တော့ တွေ့ပါရစေ"

"မောင်နှင်းငွေက ဘယ်တော့ ပြန်လာချင်လို့လဲ"

"ကျွန်တော် ဆရာဝန်ဖြစ်တဲ့အခါမှာ ပြန်လာခဲ့ပါမယ်"

"အဲဒီအခါကျမှ ဘာလို့ ပြန်လာရဦးမှာလဲ လူကလေးရယ်"

"အဲဒီအခါကျလို့ ကျွန်တော် ပြန်မလာရင် ကျွန်တော်ဟာ နုနုငယ်ကို မေ့သွားပြီလို့ မှတ်လိုက်ပါ ဦး၊ တကယ်လို့ ပြန်လာသေးရင်တော့ . . ."

(ဆက်လက်ဖော်ပြပါမည်)

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA)
တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် Feb 9 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
SPEAKING သီးသန့် ❖ WRITING သီးသန့် ၄၊လ အတတ် လက်ခံပြီ။
အလယ်တန်း / အထက်တန်း ၆ နှ ENGLISH 4 SKILLS Basic Level ကြိုတင် ကျောင်းအပ်နိုင်ပြီ။ Grammar,Letter,Essay ရေးတတ်ပြီး ဂုဏ်ထူးရှင် ဖြစ်ချင်သူတိုင်း တတ်ထားသင့်သည်။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အမှတ် ၁၈၊ ၅-လွှာ၊
အင်း၀ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ပိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 295798, 398118

ပုသိမ်တက္ကသိုလ်၊ အဏ္ဏဝါသိပ္ပံဌာန
(၁၀)နှစ်ပြည့်အထိမ်းအမှတ်
မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံညစာစားပွဲဖိတ်ကြားလွှာ
ပုသိမ်တက္ကသိုလ်၊ အဏ္ဏဝါသိပ္ပံဌာန၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ် အဖြစ် **၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက် (ပြည်ထောင်စုနေ့)** နံနက် (၈) နာရီတွင် ကျောင်းသားကျောင်းသူဟောင်းများမှ မြတ်ဆရာ ပူဇော်ခြင်းနှင့် ညနေ (၅) နာရီတွင် အဏ္ဏဝါမိသားစုမိတ်ဆုံညစာစားပွဲ အခမ်းအနားကို အမိတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသဖြင့် ဝေးကွာ၊ကွဲကွာနေကြပါသော သူငယ်ချင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေတက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။
အခမ်းအနားတက်ရောက်သူများအတွက်နေထိုင်ရန်နေရာစီစဉ်ထားပါသည်။
အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့

ရူပ
သံပန်း ၊ သံတံခါး ၊ စတီး၊
လိတ်တံခါး၊ အလူမီနီယံလုပ်ငန်း
Ph: 09 73082421, 09 5008411
09 5031107

ရောင်းမည် / ငှားမည်
ပြင်ဆင်ပြီး
(Air con၊phone၊ရေမီးအပြည့်စုံ)
နေပြည်တော်၊ ရာဇဌာနီလမ်းမကြီးဘေး၊
(ထောင့်ကွက်)၊ (ပေ ၆၀× ၈၀)၊
တစ်ထပ်လုံးချင်းတိုက် ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
Ph-09-448539040
09-73030885
01-560881

WE CARE YOUR IMAGING
IDEA Design House
DIGITAL INKJET PRINTING &
Bill Board, Box Car, Back Drop, Pamphlet, Brochure & Commercial Design များကို သင့်တင့်မျှတသော အဖိုးနှုန်းဖြင့် မိတ်ဆွေတို့ စိတ်တိုင်းကျ အမြန်ဆုံး ဆောင်ရွက်ပေးနေပါသည်၊ လိုအပ်ပါက Design ဆွဲခြင်း၊ ဓာတ်ပုံရိုက်ခြင်းတို့ကို ချက်ချင်း ဆောင်ရွက်ပေးပါသည်၊

Foam Board, Acrylic Board ပေါ်တွင် တိုက်ရိုက်ပုံနှိပ်ပေးနိုင်ပါသည်။
Urgent Vinyl အမြန်ထုတ်သည်
Indoor Quality ဖြင့် Outdoor တွင် အသုံးပြုလိုသူများအတွက် Indoor Quality နီးပါးရှိသော ECO စက်ဖြင့် ရိုက်နှိပ်ပေးနေပါသည်

ကြော်ငြာပစ္စည်းအမျိုးမျိုး
Stand
design မျိုးစုံ လက်လီ / လက်ကား ရနိုင်ပါသည်
ပုံနှိပ်ပြီးမှ ပုံအတိုင်းဖြတ်လိုသူများအတွက် **Print & Cut** လုပ်ပေးပါသည်

- ဘာသာရေး၊ အလှူဖိတ်လာဆောင်ပုံများ
- ပြခန်းများ၊ မှတ်တမ်း တတ်ပုံများ ပြပွဲများ
- စီးပွားရေးလုပ်ငန်း ကြော်ငြာပုံများ
- Backlit Light Box များ
- ရုပ်ရှင်၊ ဗီဒီယို၊ ဒီဗီဒီ ဘုတ်များ
- စီးရီးဘုတ်များ
- ဝတ္ထုရှိုးနောက်ခံပုံများ
- ကားများတွင်စတေကာကပ်ခြင်း

Acrylic ကော်ပြား **Laser Engraving**
ပလတ်စတစ်ကော်ပြားမျိုးစုံအား လေဆာစက်ဖြင့်ဖြတ်ပေးပါသည်
ဓာတ်ပုံ **Frame** မျိုးစုံ **လုပ်ပေးပါသည်**

No.220/222, Botahtaung Pagoda Road (Middle), Pazaundaung Township, Yangon, Myanmar. Tel : 202 224, 297 793, 90 100 48~54, 09 858 6213.

ပုလဲရတုဆုမွန်လွှာ

ဖေဖေ **ဦးမြင့်ဆွေ**-မေမေ **ဒေါ်မော်မော်ဦး**တို့၏ ၄-၂-၂၀၁၃ ရက်တွင် ကျရောက်သော (၃၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် အောင်မြင်မှုများစွာဖြင့် နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ချစ်သောမိသားစုနှင့်အတူ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---

ချစ်သမီး - အိဖြိုးချယ်ရီ(ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်)
ချစ်သား - သီဟထွန်း

NEW DAY. Relax & Health Center

ရောင်းရန် / ငှားရန်ရှိသည် ။

လက်ရှိအသုံးပြုနေသော**KabelCo 20 Ton Mobile Crane(Used)** အားရောင်းရန်နှင့်ယာဉ် ၊ယန္တရားအစရှိသော လုပ်ငန်းပိုင်းဆိုင်ရာ အသုံးပြုနိုင်သောဘုရင့်နောင်လမ်းမကြီးရှိဘူတာရုံလမ်းထောင့်နှင့် ကပ်လျှက်ကားကြီးများဝင်/ထွက်နိုင်သောမြေကေ(၂)ကေအကျယ် ရှိမြေနေရာအား ငှားရမ်းလိုပါသဖြင့်စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်းနံပါတ် (၀၁-၃၉၈၃၀၄ ၊ ၀၉-၅၁၉၃၆၄၉ ၊ ၄၉၂၇၃၆၇၀) အားစုံစမ်းမေးမြန်းနိုင်ပါသည် ။

အများသိစေရန် ကြေညာခြင်း

Harvest EnterpriseCo.,Ltd.၏ မန်နေဂျာ ဦးရဲထွန်းစိုး(၁၂/လမန(နိုင်)၀၀၂၀၀၆)၏ လွှဲအပ်ညွှန်ကြားချက်အရအသိပေးကြေညာလိုက်ပါသည်။
ကုမ္ပဏီမှဝန်ထမ်းများဖြစ်ကြသော–
(၁)**ဦးကျော်မင်းဦး**(၁၂/ရကန(နိုင်)၀၇၀၃၇၂)(အဖ) ဦးပေါက်စီလုံး
(၂)**ဦးမျိုးလှိုင်ဦး**(၇/ပခန(နိုင်)၂၃၆၇၀၁)(အဖ)ဦးစိန်မြင့်
(၃)**ဦးထွန်းနိုင်စိုး**(၈/ပဖန(နိုင်)၁၁၇၀၈၃)(အဖ)ဦးမောင်စိန်
(၄)**ဦးရဲဟိန်း**(၁၂/ဗဟန(နိုင်)၀၉၈၄၄၂)(အဖ)ဦးမြင့်ဆွေ
(၅)**မအေးမြတ်သူ**(၅/မလန(နိုင်)၀၃၈၁၈၂)(အဖ)ဦးဝင်းနိုင်
(၆)**ဦးပြည့်ဖြိုးကျော်**(၁၂/အစန(နိုင်)၂၃၂၅၅၈)(အဖ)ဦးဇော်ခင်
(၇)**ဦးသိန်းနိုင်ထွန်း**(၁၄/ဝခမ(နိုင်)၁၃၆၄၉၅)(အဖ)ဦးတင်ရွှေ
(၈)**ဦးနေလင်းအောင်**(၁၄/မမက(နိုင်)၁၉၆၄၄၈)(အဖ)ဦးမြသိန်း
(၉)**ဦးစိုးထက်**(၈/အလန(နိုင်)၁၃၆၇၆၆)(အဖ)ဦးသန်းထွန်း
(၁၀)**ဦးသီဟထွန်း**(၁၀/သဖရ(နိုင်)၁၁၆၄၃၈)(အဖ)ဦးဘရွှေ
တို့သည် တရားဝင်နှုတ်ထွက်ခွင့်တစ်စုံတစ်ရာတင်ပြခြင်းမပြုဘဲ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေသည့်အပြင်စာရင်းများ ရှင်းလင်းရန်လိုအပ်နေပါ၍(၁၁.၂.၂၀၁၃)ရက်နေ့နောက်ဆုံးထားပြီး ကုမ္ပဏီရုံးသို့ဖြစ်စေ၊ကျွန်ုပ်၏ရုံးသို့ဖြစ်စေ၊ရုံးချိန်အတွင်း မပျက်မကွက် လာရောက်တွေ့ဆုံဖြေရှင်းပေးပါရန် သိစေလိုပါသည်။ ပျက်ကွက်ပါကဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Harvest EnterpriseCo.,Ltd. ၏
လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်နေဦးခင်ဇော်(မရမ်းကုန်း)
ဖုန်း–၀၉–၇၃၀၇၀၄၃၃

CNG Taxi ရောင်းမည်။
Tagota Corolla G ၊၂ဃ/...
ကျပ်သိန်း (၁၉၀)
ဖုန်း–09 4211 081 79

Virgin Land Travels & Tours
၏ အထူးခရီးစဉ်များ

ရန်ကုန်-သန်လျင် sight seeing	(နေ့ချင်းပြန်)
ပဲခူး / ဇလွန်-ဟသ်ာတ	(နေ့ချင်းပြန်)
တွံတေး-ကော့မှူး / ဖိုးကျားဆင်စခန်း	(နေ့ချင်းပြန်)
စိမ်းလဲ့တင် / ကျိုက်ထီးရိုး / နေပြည်တော်	(2D/1N)
ပြည် / တောင်ငူ / ကျိုက္ကမီ-စက်စဲ	(2D/1N)
ဘားအံ-မော်လမြိုင်	(3D/2N)
ချောင်းသာ / ငွေဆောင်	(3D/2N)
ပေလီ ✈	(3D/2N)
ပုဂံ-ပုပ္ပါး-ပခုက္ကူ	(4D/3N)
မန္တလေး-စစ်ကိုင်း-ပြင်ဦးလွင်	(4D/3N)
တောင်ကြီး-အင်းလေး-ကလော-ပင်းတယ	(4D/3N)

706, ရွှေကမ္ဘာတာဝါ(၂)၊ ဗိုလ်မြတ်ထွန်းလမ်း၊ပုဇွန်တောင်မြို့နယ်။
01-8610252, 09-5202643, 09-5123793

ဦးကိုရင်ဦးဆောင်သော **ဆောင်း နွေ မိုး .. ရွှေစက်တော်ဖွင့်ပွဲသို့**
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်(၄)ဆူ၊ ပခုက္ကူသီဟိုဠ်ရှင်၊ နေပြည်တော် (၄)ရက်၊
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ထန်စမ်းဂူ၊မွေတော်ကက္ကူ (၅)ရက်၊
အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ (၄)ရက်၊
ထမင်းကျွေး၊ ကားခ၊ တဆင့်သွားကားခ (ငြိမ်း) [ဇလွန်၊ နေပြည်တော် (တနင်္ဂနွေ/ရုံးပိတ်ရက်)]
အာသောကမှတ်တိုင်အနီး၊ သမိန်ဗရမ်းလမ်းမကြီး၊ 09 448004288 , 09 448004289

ကိုးဘွဲ့ရဆရာတော်အရှင်အာစာရာလင်္ကာရ ဖေဖော်ဝါရီလတရားပွဲများဟောကြားတော်မူမည်

လှည်းတန်းကမာရွတ်ရှောက်ပင်ခြံ၊ တာမွေ မေတ္တာညွန့်၊ လှိုင်သာယာစက်မှုဇုန် အပိုင်း(၂)၊ မန္တလေးမွေတော်မွောရုံ၊ ကျောက်တန်းရွှေပြည်သာယာ၊ လှိုင်(၁၆) မာလာမြိုင်(၈)လမ်း၊ တောင်ဥက္ကလာ (၉)ရပ်ကွက်၊ ဇာနည်(၁၁)လမ်း၊ မြောက်ဥက္ကလာ (ဇ)ရပ်ကွက်၊ သုနန္ဒာ(၁)၊ အင်းစိန်မြို့သစ် က/၅လမ်း၊ တောင်ဒဂုံ(၁၀၅)၊ ပဲခူး၊ ပျဉ်ပုံကြီး ရွာ၊ ရွှေပြည်သာ(၂၂)ရပ်ကွက်၊ ညောင်တုန်းတာကွေ့ရွာ၊ ရွှေပြည်သာ ၃၄/၁၀ ရပ်ကွက်၊ တာမွေ၊ ကျောက်မြောင်း၊ မလွှကုန်း၊ သနပ်ပင်မြို့ ဈေးကြီးရှေ့၊ ပခုက္ကူ (၁၅)ဆင်ပေါက်လှ(၁)၊ ရေစကြို မြစ်ဆုံရွာ၊ အမရပူရ စာတော်ရွာ၊ မရမ်းကုန်း ရေကူး ဘူတာရုံလမ်း၊ ဒေါပုံ ထေရဝါဒအဖွဲ့၊ မန္တလေး ကန်သာယာမြို့သစ်၊ ၅၇X၅၈ကြား၊ (ဗ)၆၊ သန်လျင် တံတားရွာ၊ သုဝဏ္ဏ(၂၉)မင်းဒင်လမ်း၊ လှိုင်သာယာ(၆)ကျန်စစ်သား အိမ်ရာ၊ မြောက်ဒဂုံ(၃၀) ရပ်ကွက်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲပင့်လျှောက်လိုပါက ဖုန်း-၀၁-၇၀၈၄၀၃၊ ၀၉၂၁၁၀၃၀၅၊ ၀၉၄၄၀၀၀၁၄၁၄ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာအမှတ်(၁/၂၀၁၃)
လေယာဉ်မောင်/လေယာဉ်မယ် လျှောက်လွှာခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ လူပျို/အပျို ဖြစ်ရမည်။ အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။
(ခ) ၃၁-၃-၂၀၁၃ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၂)နှစ်ထက်ကျော်လွန်သူ မဖြစ်စေရ။
(ဂ) လေယာဉ်မောင် အရပ် ၅ ပေ ၆ လက်မ၊ လေယာဉ်မယ် အရပ် ၅ ပေ ၄ လက်မနှင့် အထက် ရှိသူဖြစ်ရမည်။
(ဃ) အရပ်နှင့်ကိုက်ညီသော ကိုယ်အလေးချိန်ရှိရမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ မျက်မှန်နှင့် မျက်ကပ်မှန်တပ်ဆင်သူမဖြစ်ရပါ။ (စစ်ဆေးမှုရှိမည်။)
(စ) အင်္ဂလိပ်စာအရေး/အပြော သင့်တင့်စွာ တတ်ကျွမ်းနားလည်ရမည်။ (စစ်ဆေးမှုရှိမည်။)
(ဆ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)ပူးတွဲတင်ပြရမည်။
(ဇ) မြန်မာနိုင်ငံအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပထမနှစ်အောင်မြင်ပြီးသူဖြစ်ရမည်။ သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်၏ ပထမနှစ်အောင်မြင်ပြီးကြောင်းထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။
(ဈ) အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံရေးကင်းရှင်းရမည်။ (သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။)
(ည) နိုင်ငံသားစစ်ဆေးရေးကတ်နှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။
(ဋ) ရေကူးတတ်ကျွမ်းသူဖြစ်ရမည်။ (စစ်ဆေးမှုရှိမည်။)
(ဌ) မြန်မာ့လေကြောင်း၌ အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်။
၂။ လျှောက်ထားလိုသူများသည် မိမိလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲ၍ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်မှ မတ်လ ၂၈ ရက်အထိ မြန်မာ့လေကြောင်း(ရုံးချုပ်) အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့နှင့် နယ်မြန်မာ့လေကြောင်း ဌာနခွဲရုံးများသို့ လူကိုယ်တိုင် လာရောက်ပေးပို့ရမည်။
(က) ရှေ့တည့်တည့်နှင့် ညာဘက်ဘေးမှ ရိုက်ကူးထားသည့် တစ်ကိုယ်လုံးပုံ ပို့စ်စကတ်ဆိုဒ် အရွယ် (၅" ၇")(၁)ပုံစီ (၂)ပုံ
(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း
(ဃ) (၁၀)တန်းအောင်လက်မှတ်မူရင်း
၃။ အရည်အချင်းပြည့်မီသူများအား ၁၁-၃-၂၀၁၃ ရက်မှစတင်၍ ရန်ကုန် မြန်မာ့လေကြောင်း (ရုံးချုပ်)နှင့် မန္တလေး မြန်မာ့လေကြောင်း ဌာနခွဲတို့တွင် လူတွေ့စစ်ဆေးမည်ဖြစ်၍ မိမိတို့၏ လျှောက်လွှာများတွင် ဖြေဆိုလိုသည့် ဒေသကိုပါ ဖြည့်စွက်ပေးရမည်။

မြန်မာ့လေကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

ပြည်တွင်း၊ ပြည်ပမှ သင်္ဘောတည်ဆောက်လိုသူများအား (Ship Model Testing) **စမ်းသပ်ရန်အတွက် လုပ်ငန်းအပ်နိုင်ပါကြောင်း ဖိတ်ခေါ်ခြင်း**

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ရှိ Marine Hydrodynamics Center ၌ Ship Model Towing Tank တစ်ခုအား တည်ဆောက်ပြီးဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပရှိ သင်္ဘောတည်ဆောက်မည့်သူများ အနေဖြင့် မိမိတို့ တည်ဆောက်မည့် သင်္ဘောအတွက် ပုံစံငယ်ပြုလုပ်၍ Towing Carriage တွင် တပ်ဆင်ပြီး အမြန်နှုန်းအမျိုးမျိုးဖြင့် ချိတ်ဆွဲ စမ်းသပ်ပေးနိုင်ပါသည်။
၂။ တည်ဆောက်လိုသည့် သင်္ဘော၏ Model ဖြင့် အမြန်နှုန်း အမျိုးမျိုးအတွက် Resistance အား ITTC စံချိန်စံညွှန်းနှင့်အညီ တိုင်းတာခြင်း၊ အဆိုပါ သင်္ဘော၏ Design Speed တွင် တပ်ဆင်ရန်လိုသည့် Engine Power အား တွက်ချက်ပေးခြင်း၊ Propeller အရွယ်အစားအား တွက်ချက်ပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ပါသည်။
၃။ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက အလုပ်ရုံမှူး၊ Marine Hydrodynamics Center မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဖုန်း-၀၉၇၃၂၃၂၆၈၃ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

email: myanmarivarsity@mmu.gov.mm, office.mmu@gmail.com

တရုတ်

Sayar.Yang
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Great Wall
စကားပြော ၊ စကားပြန်

ENGLISH
Conversation Practice
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
TAMWE - 540714, 09 5183636
09 49 285182

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ စက်ရုံလမ်း၊ လမင်းသာယာကွန်ဒို၊ တိုက်အမှတ်(၁၃၃)၊ အခန်းအမှတ်(I - 109)၊ (ပထမထပ်)၊ (၉၈၈)စတုရန်းပေအကျယ်အဝန်းရှိကွန်ဒိုတိုက်ခန်း အပါအဝင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်အေးသီတာဝင်း(၁၂/အစန(နိုင်)၀၆၇၅၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောစာရွက် စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးလှမြင့်(မင်းတုန်း)(စဉ် – ၁၃၁၅/၁၉၇၂)	ဦးမျိုးညွန့် (စဉ် – ၅၁၄၂)
BA(Law),LL.B	LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
ဦးယဉ်မင်းထက်(စဉ် – ၂၉၈၃၂)	ဒေါ်ဆွေဇင်သော် (စဉ် – ၂၆၀၃၈)
LL.B,C.B.L,B.A.Business(Law)	LL.B,LL.M, M.Res,Ph.D(Thesis)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

" စိုင်းခွန်နောင် " (အိမ်၊ ခြံ၊ မြေ)နှင့် ဥပဒေအကြံပေးလုပ်ငန်း
အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၅၄၁၅၀၁၊ ၅၅၁၁၉၇၊ ၄၀၀၇၈၁၊ ၀၉ – ၅၁၇၇၉၅၃၊ ၀၉ – ၇၃၀၂၉၆၉၆၊ ၀၉ – ၇၃၁၀၄၂၀၀၊

ဖခင်အမည်မှန်

မွန်ပြည်နယ် အထက(၁) ကျိုက်ထိုမြို့ နဝမတန်း I A မှ မမိုးသီတာ၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး [၁၀/ကထန(နိုင်)၀၂၆၁၉၅]ဖြစ်ပါသည်။

ဦးအောင်နိုင်ဦး

မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။
☎ - ၀၉-၄၄၈၀၂၅၇၄၂
၀၉-၇၃၂၃၄၆၅၆
၀၉-၇၃၂၂၉၉၆၅

ဂုဏ်ပြုမှတ်တမ်းတင်ခြင်းနှင့် ကျေးဇူးတင်လွှာ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံသားအားလုံးတို့မှ နိုင်ငံသားတစ်ဦးချင်း အနိမ့်ဆုံးတာဝန်ထမ်းဆောင်ကြရမည့် တည်ဆဲအခွန်ဥပဒေများအရ ကျသင့်အခွန်ငွေများကို ကျေပွန်စွာပေးဆောင်လာစေရန်ရည်ရွယ်၍ အခွန်ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေကြသည့် ကျောင်းသား/သူ မျိုးဆက်သစ်လူငယ်များအား အခွန်ပညာပေးခြင်းလုပ်ငန်းများကို ဦးစားပေးအဆင့်အနေဖြင့် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ အခွန်ပညာပေးလုပ်ငန်းများအနေဖြင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား/သူများအား အခွန်ပညာပေးဟောပြောပွဲများပို့ချခဲ့ခြင်း၊ ကျောင်းသား/သူ လူငယ်များစိတ်ဝင်စားစေရန် "မြိုင်ရာဇာတွတ်ပီ"အခွန်ပညာပေးကာတွန်းဇာတ်လမ်းများရေးဆွဲ၍ အခြေခံပညာကျောင်းများသို့ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် အခွန်ပညာပေးစာစီစာကုံး/ကာတွန်း ပြိုင်ပွဲများကို နိုင်ငံအတွင်းဒေသအလိုက် ပြိုင်ပွဲများကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပပြုလုပ်ခဲ့သော ခရိုင်နှင့်တိုင်းဒေသကြီး/ပြည်နယ်အဆင့် အခြေခံပညာအလယ်တန်းအခွန်ပညာပေး စာစီစာကုံးနှင့်ကာတွန်းပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းလုံး၌ ဒေသအလိုက်အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ယင်းတိုင်းဒေသကြီး/ပြည်နယ်အဆင့် အခွန်ပညာပေး စာစီစာကုံး/ကာတွန်းပြိုင်ပွဲများ၌ ဆုရရှိသူ ကျောင်းသား/သူများ၏ အမည်စာရင်းများကို အောက်ပါအတိုင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။ ထို့အပြင် ပြိုင်ပွဲဝင်ဆုရ စာစီစာကုံးနှင့် ကာတွန်းစာမူများကို ဂုဏ်ပြုမှတ်တမ်းတင်ရန် ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ဝေသည့် Revenue ဂျာနယ်တွင်လည်း စာမူဆုများချီးမြှင့်၍ အလှည့်ကျဖော်ပြပေးမည်ဖြစ်ပါသည်။ ယင်းပြိုင်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေး အဘက်ဘက်မှ အကူအညီပေးခဲ့ကြသည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပခဲ့ရာ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ခံများ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပညာရေးဝန်ထမ်း ဆရာ/ဆရာမအားလုံး ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား/သူများအားလုံးတို့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနရှိ ဝန်ထမ်းများအားလုံးတို့မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

တိုင်းဒေသကြီး/ပြည်နယ်အဆင့် အခွန်ပညာပေးစာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲဆုရရှိသည့် ကျောင်းသား/သူများ၏ အမည်စာရင်း

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ဆုရရှိသူကျောင်းသား/ သူ အမည်	အတန်းနှင့် ကျောင်းအမည်	ပြိုင်ပွဲဝင်သည့် အမျိုးအစား	ရရှိသည့်ဆု
၁	ကချင်ပြည်နယ်	မမေမြတ်မိုး	သတ္တမတန်း၊ လေ့ကျင့်ရေးကျောင်း မြစ်ကြီးနား	စာစီစာကုံးပြိုင်ပွဲ	ပထမ
၂	ကချင်ပြည်နယ်	မနဒီညွန့်ဝင်း	ပဉ္စမတန်း၊ အထက(၃)၊ မြစ်ကြီးနား	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၃	ကချင်ပြည်နယ်	မဖြူစင်သန့်	ဆဋ္ဌမတန်း၊ အလက(၆)၊ မြစ်ကြီးနား	စာစီစာကုံးပြိုင်ပွဲ	တတိယ
၄	ကချင်ပြည်နယ်	မောင်ဆွတ်ကျိန်ထွယ်ခေါင်	ဆဋ္ဌမတန်း၊ အလက(၄)မြစ်ကြီးနား	ကာတွန်းပြိုင်ပွဲ	ပထမ
၅	ကချင်ပြည်နယ်	မောင်ခေါ်ဆာ	သတ္တမတန်း၊ အထက(၁)၊ ဝိုင်းမော်	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၆	ကချင်ပြည်နယ်	မောင်ခွန်းလတ်အောင်	ပဉ္စမတန်း၊ အလက(၄)၊ မြစ်ကြီးနား	ကာတွန်းပြိုင်ပွဲ	တတိယ
၇	ကယားပြည်နယ်	မချိုဇင်သင်း	သတ္တမတန်း၊ အထက(၁)၊လွိုင်ကော်	စာစီစာကုံးပြိုင်ပွဲ	ပထမ
၈	ကယားပြည်နယ်	မနှင်းနှင်းအေး	အဋ္ဌမတန်း၊ အထက၊ ဘော်လခဲ	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၉	ကယားပြည်နယ်	မပေါ်လင်း	သတ္တမတန်း၊ အထက(ခွဲ)၊ဒေါင်ခါး	စာစီစာကုံးပြိုင်ပွဲ	တတိယ
၁၀	ကယားပြည်နယ်	မောင်စိုးထက်လျှံ	သတ္တမတန်း၊ အထက(၁)၊လွိုင်ကော်	ကာတွန်းပြိုင်ပွဲ	ပထမ
၁၁	ကယားပြည်နယ်	မောင်ခွန်ဟိန်းထက်သောင်း	သတ္တမတန်း၊ အထက(၁)၊လွိုင်ကော်	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၁၂	ကယားပြည်နယ်	မောင်လင်းခန့်	သတ္တမတန်း၊ အလက(ခွဲ)၊ငွေတောင်	ကာတွန်းပြိုင်ပွဲ	တတိယ
၁၃	ကရင်ပြည်နယ်	မဆုဘရဏီ	ပဉ္စမတန်း၊ အထက၊ လှိုင်းဘွဲ့	စာစီစာကုံးပြိုင်ပွဲ	ပထမ
၁၄	ကရင်ပြည်နယ်	မောင်မင်းခန့်သူ	သတ္တမတန်း၊ အထက(၁)၊ မြဝတီ	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၁၅	ကရင်ပြည်နယ်	မနန်းဖြိုးဖြိုးမူ	အဋ္ဌမတန်း၊ အထက(၄)၊ ဘားအံ	စာစီစာကုံးပြိုင်ပွဲ	တတိယ
၁၆	ကရင်ပြည်နယ်	မောင်မင်းသန့်ဝဏ္ဏ	သတ္တမတန်း၊ အထက၊လှိုင်းဘွဲ့	ကာတွန်းပြိုင်ပွဲ	ပထမ
၁၇	ကရင်ပြည်နယ်	မနန်းကြည်ဖြူခင်	သတ္တမတန်း၊ အထက (ခွဲ) ချောင်းတောင်၊ ကော့ကရိတ်	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၁၈	ကရင်ပြည်နယ်	မောင်ဇွဲမာန်ထွန်း	သတ္တမတန်း၊ အထက(၁)၊မြဝတီ	ကာတွန်းပြိုင်ပွဲ	တတိယ
၁၉	ချင်းပြည်နယ်	မအောင်လီလီ	အဋ္ဌမတန်း၊ အထက(၁)၊မင်းတပ်	စာစီစာကုံးပြိုင်ပွဲ	ပထမ
၂၀	ချင်းပြည်နယ်	မလောရင့်စီခင်မိုးအေး	အဋ္ဌမတန်း၊ အထက(၁)၊ဟားခါး	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၂၁	ချင်းပြည်နယ်	မဗန်အီယာန်ပါရ်	အဋ္ဌမတန်း၊ အထက(၃)၊ဟားခါး	စာစီစာကုံးပြိုင်ပွဲ	တတိယ
၂၂	ချင်းပြည်နယ်	မဇင်မာအေး	အဋ္ဌမတန်း၊ အထက(၂)၊ဟားခါး	ကာတွန်းပြိုင်ပွဲ	ပထမ
၂၃	ချင်းပြည်နယ်	မကျိန်ဟွဲလွန်း	အဋ္ဌမတန်း၊ အထက(၁)၊တီးတိန်	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၂၄	ချင်းပြည်နယ်	မောင်အောင်ပိုင်ခန့်	အဋ္ဌမတန်း၊ အလက(၃)၊ဖလမ်း	ကာတွန်းပြိုင်ပွဲ	တတိယ
၂၅	စစ်ကိုင်းတိုင်းဒေသကြီး	မပဲန်တီနန်းခန်းဇော်	အဋ္ဌမတန်း၊ အလက(၃)၊ကလေး	စာစီစာကုံးပြိုင်ပွဲ	ပထမ
၂၆	စစ်ကိုင်းတိုင်းဒေသကြီး	မသက်လုံးပုံ	အဋ္ဌမတန်း၊ အမက(၇) မူလွန်ကလေးမြို့	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၂၇	စစ်ကိုင်းတိုင်းဒေသကြီး	မအိမွန်ဖြိုးအောင်	သတ္တမတန်း၊ အထက(၄)၊မုံရွာ	စာစီစာကုံးပြိုင်ပွဲ	တတိယ
၂၈	စစ်ကိုင်းတိုင်းဒေသကြီး	မောင်သီဟ	အဋ္ဌမတန်း၊ အထက(၁)၊ကလေး	ကာတွန်းပြိုင်ပွဲ	ပထမ
၂၉	စစ်ကိုင်းတိုင်းဒေသကြီး	မောင်ဆန်းထွန်းအောင်	ဆဋ္ဌမတန်း၊ အထက(၂) မုံရွာ	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၃၀	စစ်ကိုင်းတိုင်းဒေသကြီး	မောင်ကောင်းခန့်စိုး	စတုတ္ထတန်း၊ အလက(၂) ကလေး	ကာတွန်းပြိုင်ပွဲ	တတိယ
၃၁	တနင်္သာရီတိုင်းဒေသကြီး	မသီရိကျော်မိုး	သတ္တမတန်း၊ လေ့ကျင့်ရေး အလက၊ ထားဝယ်	စာစီစာကုံးပြိုင်ပွဲ	ပထမ
၃၂	တနင်္သာရီတိုင်းဒေသကြီး	မထက်ဝတီအောင်	အဋ္ဌမတန်း၊ အလက(၁)၊မြိတ်	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၃၃	တနင်္သာရီတိုင်းဒေသကြီး	မောင်ဝေယံထွန်း	အဋ္ဌမတန်း၊ အထက(၁)၊ ကော့သောင်း	စာစီစာကုံးပြိုင်ပွဲ	တတိယ
၃၄	တနင်္သာရီတိုင်းဒေသကြီး	မသင်းထက်ထက်ဇော်	အဋ္ဌမတန်း၊ လေ့ကျင့်ရေး အလက၊ ထားဝယ်	ကာတွန်းပြိုင်ပွဲ	ပထမ
၃၅	တနင်္သာရီတိုင်းဒေသကြီး	မဇင်မာအေး	သတ္တမတန်း၊ အလက(၂)၊ထားဝယ်	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၃၆	တနင်္သာရီတိုင်းဒေသကြီး	မစုမြတ်နဒီ	အဋ္ဌမတန်း၊ အလက၊ပုလော	ကာတွန်းပြိုင်ပွဲ	တတိယ
၃၇	ပဲခူးတိုင်းဒေသကြီး	မအိသန္တာအောင်	အဋ္ဌမတန်း၊ အလက၊ပဲခူး	စာစီစာကုံးပြိုင်ပွဲ	ပထမ
၃၈	ပဲခူးတိုင်းဒေသကြီး	မမေနှိုင်းတု	သတ္တမတန်း၊ ပန်းတောင်း	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၃၉	ပဲခူးတိုင်းဒေသကြီး	မဆုမြတ်နိုး	သတ္တမတန်း၊ အထက(၅)၊ပြည်	စာစီစာကုံးပြိုင်ပွဲ	တတိယ
၄၀	ပဲခူးတိုင်းဒေသကြီး	မဆွေဝတီနွယ်	ပဉ္စမတန်း၊ အထက(၁)၊ပဲခူး	ကာတွန်းပြိုင်ပွဲ	ပထမ
၄၁	ပဲခူးတိုင်းဒေသကြီး	မောင်မင်းသီဟစိုး	ဒသမတန်း၊ အထက ပေါင်းတည်	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၄၂	ပဲခူးတိုင်းဒေသကြီး	မနန္ဒာခိုင်မင်း	အဋ္ဌမတန်း၊ လေ့ကျင့်ရေး အလက၊ တောင်ငူ	ကာတွန်းပြိုင်ပွဲ	တတိယ
၄၃	မကွေးတိုင်းဒေသကြီး	မသိမ့်မဒီ	အဋ္ဌမတန်း၊ အထက(၁)၊ တောင်တွင်းကြီး	စာစီစာကုံးပြိုင်ပွဲ	ပထမ
၄၄	မကွေးတိုင်းဒေသကြီး	မမေဖြူခိုင်	သတ္တမတန်း၊ အလက(၁)၊ မကွေး	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၄၅	မကွေးတိုင်းဒေသကြီး	မချိုချိုလှိုင်	အဋ္ဌမတန်း၊ အထက စလင်း	စာစီစာကုံးပြိုင်ပွဲ	တတိယ
၄၆	မကွေးတိုင်းဒေသကြီး	မောင်သာပြည့်အောင်	အလက(၃)၊ ချောက်	ကာတွန်းပြိုင်ပွဲ	ပထမ
၄၇	မကွေးတိုင်းဒေသကြီး	မဆုလှဲ့ဝင်း	ဆဋ္ဌမတန်း၊ အလက(၃)၊ ချောက်	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၄၈	မကွေးတိုင်းဒေသကြီး	မောင်ဇိမ်လင်းထွန်း	ဆဋ္ဌမတန်း၊ အထက စလင်း	ကာတွန်းပြိုင်ပွဲ	တတိယ
၄၉	မန္တလေးတိုင်းဒေသကြီး	မောင်ရဲထက်ကျော်	အဋ္ဌမတန်း၊ အထက(၂) ပန်းစုံ၊ ပျော်ဘွယ်	စာစီစာကုံးပြိုင်ပွဲ	ပထမ
၅၀	မန္တလေးတိုင်းဒေသကြီး	မောင်ထက်ဘုန်းနိုင်	အဋ္ဌမတန်း၊ အထက(၁၄)၊ ချမ်းအေးသာစံ	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၅၁	မန္တလေးတိုင်းဒေသကြီး	မအေးဆုအောင်	အဋ္ဌမတန်း၊ အလက(၁)၊ မိတ္ထီလာ	စာစီစာကုံးပြိုင်ပွဲ	တတိယ
၅၂	မန္တလေးတိုင်းဒေသကြီး	မောင်ဟိန်းထက်ဇော်	အဋ္ဌမတန်း၊ အထက(၁)၊ မြင်းခြံ	ကာတွန်းပြိုင်ပွဲ	ပထမ
၅၃	မန္တလေးတိုင်းဒေသကြီး	မောင်ရွှေမောင်မောင်သိုက်	အဋ္ဌမတန်း၊ အထက(၄)၊ မိတ္ထီလာ	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၅၄	မန္တလေးတိုင်းဒေသကြီး	မောင်ဝဏ္ဏအောင်	အဋ္ဌမတန်း၊ အထက၊ တံတားဦး	ကာတွန်းပြိုင်ပွဲ	တတိယ
၅၅	မွန်ပြည်နယ်	မပန်းစုစုဖြိုး	အဋ္ဌမတန်း၊ အထက၊ ချောင်းဆုံ	စာစီစာကုံးပြိုင်ပွဲ	ပထမ
၅၆	မွန်ပြည်နယ်	မောင်အောင်ကျော်ခန့်	သတ္တမတန်း၊ အထက(၂)၊ ကျိုက်ထို	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၅၇	မွန်ပြည်နယ်	မချောအိစံ	သတ္တမတန်း၊ အထက(၂)၊ သထုံ	စာစီစာကုံးပြိုင်ပွဲ	တတိယ
၅၈	မွန်ပြည်နယ်	မောင်ဥက္ကာကျော်	သတ္တမတန်း၊ အထက(၆)၊ မော်လမြိုင်	ကာတွန်းပြိုင်ပွဲ	ပထမ
၅၉	မွန်ပြည်နယ်	မောင်အောင်မျိုးထွဋ်	ဆဋ္ဌမတန်း၊ အထက(၂)၊ သထုံ	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၆၀	မွန်ပြည်နယ်	မခိုင်သန့်ဇင်	ဆဋ္ဌမတန်း၊ အထက(၂)၊ သထုံ	ကာတွန်းပြိုင်ပွဲ	တတိယ
၆၁	ရခိုင်ပြည်နယ်	မဆုလာဘ်နိုင်	သတ္တမတန်း၊ အထက(၂)၊ စစ်တွေ	စာစီစာကုံးပြိုင်ပွဲ	ပထမ
၆၂	ရခိုင်ပြည်နယ်	မဇင်မာဖြိုး	အဋ္ဌမတန်း၊ အထက(၂)၊ စစ်တွေ	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၆၃	ရခိုင်ပြည်နယ်	မောင်မြင့်မြတ်အောင်	အဋ္ဌမတန်း၊ အထကခွဲ၊ (မင်းဂံ) စစ်တွေ	စာစီစာကုံးပြိုင်ပွဲ	တတိယ
၆၄	ရခိုင်ပြည်နယ်	မောင်ကောင်းထက်စိုး	သတ္တမတန်း၊ အထက(၂)၊ စစ်တွေ	ကာတွန်းပြိုင်ပွဲ	ပထမ
၆၅	ရခိုင်ပြည်နယ်	မသန္တာလွင်	သတ္တမတန်း၊ အလက၊ (မြို့မ) စစ်တွေ	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၆၆	ရခိုင်ပြည်နယ်	မောင်အောင်ဘိုဘိုကျော်	သတ္တမတန်း၊ အထက(၂)၊စစ်တွေ	ကာတွန်းပြိုင်ပွဲ	တတိယ
၆၇	ရန်ကုန်တိုင်းဒေသကြီး	မဇွန်ပွင့်	အဋ္ဌမတန်း၊ ထခွဲ၊ လ-၂၊ ဒဂုံမြောက်	စာစီစာကုံးပြိုင်ပွဲ	ပထမ
၆၈	ရန်ကုန်တိုင်းဒေသကြီး	မခိုင်ဇာဝင်းပြည့်	အဋ္ဌမတန်း၊ အထက(၂)၊လသာ	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၆၉	ရန်ကုန်တိုင်းဒေသကြီး	မဆုသဇင်ဝင်း	အဋ္ဌမတန်း၊ အထက(၂)၊ လသာ	စာစီစာကုံးပြိုင်ပွဲ	တတိယ
၇၀	ရန်ကုန်တိုင်းဒေသကြီး	မောင်နေအောင်ဝင်း	ဆဋ္ဌမတန်း၊ ထ(ခွဲ)၊ တပ်ကြီးကုန်း မှော်ဘီ	ကာတွန်းပြိုင်ပွဲ	ပထမ
၇၁	ရန်ကုန်တိုင်းဒေသကြီး	မနဒီလွင်	ဆဋ္ဌမတန်း၊ အထက(၂)၊ ဒဂုံတောင်	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၇၂	ရန်ကုန်တိုင်းဒေသကြီး	မောင်အောင်ဆန်းမင်း	သတ္တမတန်း၊အထက(၂)၊ကွမ်းခြံကုန်း	ကာတွန်းပြိုင်ပွဲ	တတိယ
၇၃	ရှမ်းပြည်နယ်	မောင်ကောင်းသန့်ယံ	အဋ္ဌမတန်း၊ အထက(၁)၊ ရပ်စောက်	စာစီစာကုံးပြိုင်ပွဲ	ပထမ
၇၄	ရှမ်းပြည်နယ်	မမြင့်မြူမှုန်ကျော်	သတ္တမတန်း၊ အထက၊ နမ့်တူ	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၇၅	ရှမ်းပြည်နယ်	မခိုင်မြတ်နိုးစံ	အဋ္ဌမတန်း၊ အထက(၂)၊ မူဆယ်	စာစီစာကုံးပြိုင်ပွဲ	တတိယ
၇၆	ရှမ်းပြည်နယ်	မကြယ်စင်ခန့်	သတ္တမတန်း၊အလက(၄)၊တောင်ကြီး	ကာတွန်းပြိုင်ပွဲ	ပထမ
၇၇	ရှမ်းပြည်နယ်	မောင်မိုးနိုင်မြတ်	သတ္တမတန်း၊အလက(၂)၊တောင်ကြီး	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၇၈	ရှမ်းပြည်နယ်	မနာခါးတိ	သတ္တမတန်း၊ အထက၊ မိုင်းဖြတ်	ကာတွန်းပြိုင်ပွဲ	တတိယ
၇၉	ဧရာဝတီတိုင်းဒေသကြီး	မယုမြတ်အောင်	သတ္တမတန်း၊ အထက(၁)၊ဘိုကလေး	စာစီစာကုံးပြိုင်ပွဲ	ပထမ
၈၀	ဧရာဝတီတိုင်းဒေသကြီး	မထွေးအိအိဝါ	သတ္တမတန်း၊ အထက(၁)၊ မအူပင်	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၈၁	ဧရာဝတီတိုင်းဒေသကြီး	မမေသံယောဇဉ်	သတ္တမတန်း၊ အထက(၁)၊ ဟင်္သာတ	စာစီစာကုံးပြိုင်ပွဲ	တတိယ
၈၂	ဧရာဝတီတိုင်းဒေသကြီး	မောင်လွင်မင်းဦး	ဆဋ္ဌမတန်း၊ အလက(၅)၊ ဟင်္သာတ	ကာတွန်းပြိုင်ပွဲ	ပထမ
၈၃	ဧရာဝတီတိုင်းဒေသကြီး	မောင်ဘုန်းမြတ်မော်	ပဉ္စမတန်း၊ အထက(၁)၊ ဘိုကလေး	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၈၄	ဧရာဝတီတိုင်းဒေသကြီး	မောင်ဟိန်းခန့်စည်သူ	ဆဋ္ဌမတန်း၊ အထက(၆)၊ ပုသိမ်	ကာတွန်းပြိုင်ပွဲ	တတိယ
၈၅	နေပြည်တော်ကောင်စီ	မရွှန်းမြသွယ်သွယ်တင့်	အဋ္ဌမတန်း၊ အထက(၃)၊ ပျဉ်းမနား	စာစီစာကုံးပြိုင်ပွဲ	ပထမ
၈၆	နေပြည်တော်ကောင်စီ	မကေဇင်နွယ်	ဆဋ္ဌမတန်း၊ အထက(၂)၊ ပျဉ်းမနား	စာစီစာကုံးပြိုင်ပွဲ	ဒုတိယ
၈၇	နေပြည်တော်ကောင်စီ	မသီရိထက်နေ	အဋ္ဌမတန်း၊ အထက(၁)၊တပ်ကုန်း	စာစီစာကုံးပြိုင်ပွဲ	တတိယ
၈၈	နေပြည်တော်ကောင်စီ	မောင်ဝင့်ကျော်မိုး	အဋ္ဌမတန်း၊ အထက(၁)၊ ပျဉ်းမနား	ကာတွန်းပြိုင်ပွဲ	ပထမ
၈၉	နေပြည်တော်ကောင်စီ	မောင်ဌေးမြင့်အောင်	ပဉ္စမတန်း၊ အထက(၂)၊ ပျဉ်းမနား	ကာတွန်းပြိုင်ပွဲ	ဒုတိယ
၉၀	နေပြည်တော်ကောင်စီ	မောင်မင်းမော်ဦး	အဋ္ဌမတန်း၊အထက(၁၂)၊ဥတ္တရသီရိ	ကာတွန်းပြိုင်ပွဲ	တတိယ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊နိုင်ငံခြားငွေ (Euro)တို့ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	အကြောင်းအရာ
(က)	၆၆/မမ(CME)(MIT)(Kyat)	သုတ်ဆေးရောင်စုံ(3425)Gal နှင့်ဆက်စပ်ပစ္စည်းများဝယ်ယူရန် (27)Items
(ခ)	၆၇/မမ(S&T)(Kyat)	ဟသ်ာတနယ်မြေရှိ ဘူတာ(၁၅)ဘူတာအတွက်အချက်ပြလုပ်ငန်းသုံးပစ္စည်း(၅)မျိုးနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန်နှင့်အဆိုပါ ဘူတာများတွင် မြေကြီးတူး၍ ကြိုးချသည့်လုပ်ငန်း၊အချက်ပြတိုင်များတပ်ဆင်ခြင်း၊ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊
(ဂ)	၆၈/မမ(CME)(MIT)(Kyat)	Coil Spring(13)Items ဝယ်ယူရန်
(ဃ)	12(T)29/MR/MC(Euro)	Taper & Roller Bearing(3)Items,Axle Steel (250)Nos ဝယ်ယူရန်

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(က) - ၁၁ .၂ .၂၀၁၂(တနင်္လာနေ့)(၁၂:၀၀)နာရီ
- အမှတ်စဉ်(ခ) - ၂၂.၂.၂၀၁၂(သောကြာနေ့)(၁၂:၀၀)နာရီ
- အမှတ်စဉ်(ဂ)(ဃ) - ၈.၃.၂၀၁၂(သောကြာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၄.၂.၂၀၁၂)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနသို့မေးမြန်း နိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291985,291994.

"Summer English Courses"

NELC
Don't Worry, Just Speak!!!
Nelson English Language Centre

5%to 10%Until 16th February

➤ Pre –School (Age 3 - 5)
➤ Yong Learners (Age 6 - 15)

Opening In March

★ မြေနီကုန်း-01 516681, 523680, 526311★ စမ်းချောင်း- 01 501947, 09 8612639
★ ဗိုလ်အောင်ကျော်- 01 256516 ★ ရန်ကင်း–01 8550 728 ★ မန္တလေး–02 65852

အမြန်ဆက်သွယ်ဆောင်ရွက်ရန်

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၁-၁-၂၀၁၀ လစာနှုန်းသစ်မတိုင်မီက အငြိမ်းစားယူခဲ့ကြသည့် ပင်စင်စားများမှ တိုးမြှင့်ပင်စင် လျှောက်ထားရန် ကျန်ရှိနေသူများသည် မိမိတို့နေထိုင်ရာနှင့်နီးစပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မြို့နယ်/ခရိုင်/ပြည်နယ်/တိုင်းဒေသကြီး/တပ်ရင်း/တပ်ဖွဲ့/ သင်တန်းကျောင်းများသို့ ၅-၂-၂၀၁၂ ရက်မတိုင်မီ အမြန်ဆက်သွယ် လျှောက်ထားကြရန် အကြောင်းကြားပါသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
မိုဘိုင်းဆက်သွယ်ရေး

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးဌာနအတွက်လိုအပ်သော Bandwidth Tester ပစ္စည်း(၁)စုံအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့်ပစ္စည်းအသေးစိတ်စာရင်းအား ၄-၂-၂၀၁၂ ရက်မှစတင်၍အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ တင်ဒါပုံစံပိတ်ရက်နှင့်အချိန် - ၈-၂-၂၀၁၂ရက်၊ ညနေ ၄:၃၀နာရီ

အင်ဂျင်နီယာချုပ်ရုံး
ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေး
အမှတ်(၇၄)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၇၀၀၀၂၀၊ ၀၉-၅၁၀၀၀၀၄၉

- ရွှေစက်တော်(ဖွင့်ပွဲ)၊မကွေး၊ပြည် (၃) ရက် - ၃၅၀၀၀/-
- ရွှေစက်တော်၊ပုဂံ၊ပုပ္ပား၊ပခုက္ကူ၊ မကွေး၊ပြည်၊(၅) ရက် - ၅၅၀၀၀/-

Feb 13 ထွက်မည်
ကြိုတင် လက်မှတ် ရောင်းပြီ။

09-73177727,09-5194608

ပျောက်ဆုံး

ကျွန်မ မခင်သီတာကို(ဘ)ဦးကိုကိုကြီး [၁၂/ တမန(နိုင်)၀၉၇၉၆၀]၏မနလ အမှတ် A-၀၉၀၉၀၉ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၂၆၉၁၆၉

လမ်းကြိတ်စက်
ရောင်း/ငှား
Freezer Box Truck ရောင်း
Ph-0943112399, 0943031222

ပြည်ထောင်စုလွှတ်တော်မှာ အရေးကြီးအဆိုတစ်ခုတင်လိုက်တယ်။ ဒေါက်တာဆိတ်ဖွားကို ဖော်ထုတ် အရေးယူသင့်တယ်တဲ့။ ပြည်ထောင်စုလွှတ်တော်က သဘောတူခဲ့တယ်။ ဒေါက်တာဆိတ်ဖွား ဘယ်သူဆိုတာနဲ့ ဘယ်လို ဖော်ထုတ် ဖမ်းဆီးကြမလဲစသည်တို့ကို အသေးစိတ်ဖော်ပြထားသည့် **ဒေါက်တာဆိတ်ဖွားကို ဘယ်လို ဖမ်းကြမလဲ**

ဗီဒီယိုဂိမ်းတွေကစားရင်း အကြမ်းဖက်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာရကာတစ်ဆင့် လက်နက်ကိုင် သတ်ဖြတ်မှုတွေအထိ ဖြစ်လာရပုံကို အသေးစိတ်တင်ပြထားသည့် **ကစားတော့ဂိမ်း တကယ်တမ်းသေတော့ လူတွေ**

အင်တာနက်သုံးစွဲသူ လူ့အဖွဲ့အစည်းတွေက နိုင်ငံရေးရာတွေမှာ ပါဝင်ပတ်သက်လာရမက အုပ်ချုပ်ရေးနဲ့ ဥပဒေရေးရာတွေမှာပါ ပါဝင်လာပုံကို **အိုင်တီနဲ့ အင်တာနက်အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးအသွင်အပြင်သစ်**

ဘားကမ်တွေကို အောင်အောင်မြင်မြင် လုပ်ခဲ့ကြတယ်။ ဘားကမ်တွေရဲ့ ဦးတည်ချက်က ဘာလဲ။ ဦးတည်ချက်ကို ရောက်ရဲ့လား တခြားသဝေထိုးနေသလားဆိုတာ ၂၀၁၃ ဘားကမ် ဘာလဲ ဘယ်လဲ

ဆက်သွယ်ရေးဥပဒေနဲ့ပတ်သက်ပြီး ဘာတွေ လုပ်သင့်တယ်ဆိုတာအပြင် စင်ကာပူနိုင်ငံမှာ မကြာမီက ပြဋ္ဌာန်းလိုက်တဲ့ ဆိုက်ဘာရာဇဝတ်မှု ဥပဒေအကြောင်း။ **MPT** တို့၊ **Red Link** တို့၊ ရတနာပုံ တယ်လီပို့တို့၊ မိုဘိုင်းဖုန်းအင်တာနက်တို့ကို ဘာ့ကြောင့်သုံးသင့်သလဲ ဘာ့ကြောင့် မသုံးသင့်သလဲ ဆိုတာ ဆန်းစစ်ပေးထားတဲ့ မြန်မာနိုင်ငံက အင်တာနက် ဝန်ဆောင်မှုတွေအကြောင်း

၂၀၁၃၊ ဖေဖော်ဝါရီလထုတ်

ကွန်ပျူတာဂျာနယ်

ထွက်နေပါပြီ။ တစ်အုပ်ချင်းမှာလိုပါက ၃၉၁၁၈၆၊ ၀၉၅၀၈၀၈၅၀ သို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
၂"x၂" အရွယ်ရွှေဆိုင်းများဝယ်ယူရန်ဈေးပြိုင်ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရံသာသနိကအဆောက်အအုံများဖြစ်သည့် စေတီ ပုထိုးရုပ်ပွားဆင်းတုတော်များ ရွှေချရန်အတွက် ၂"x၂" အရွယ်ရွှေမျက်ပါးရာဆိုင်း များကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဝယ်ယူရန်ရှိပါသည်။
၂။ ရွှေဆိုင်းရောင်းချလိုသူများသည် ဈေးပြိုင်တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀/-ကျပ်နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။
၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းများကို ၁၈-၂-၂၀၁၂ ရက်နှင့် ၁၉-၂-၂၀၁၂ ရက်များတွင် ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး တင်ဒါပိတ်ရက်မှာ ၂၀-၂-၂၀၁၂ရက် ၁၃:၀၀ နာရီဖြစ်ပါသည်။
- အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၁-၃၈၃၅၁၁-လိုင်းခွဲ-၂၈၂ ၀၁-၃၇၅၇၆၇

ဂေါပကအဖွဲ့

ကမ္ဘာ့အဆင့်ပညာရေးကို ပြည်တွင်း၌ စရိတ်သက်သာစွာ ရယူနိုင်မည့် အခွင့်အလမ်းများ

ဟောပြောပွဲ ဖိတ်ကြားလွှာ

- ဗြိတိန်နိုင်ငံ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သော Edexcel မှ ချီးမြှင့်သည့် HND Diploma မှ တဆင့် ကမ္ဘာ့အဆင့်ပညာရေးကို ပြည်တွင်း၌ပင် လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများ {3+0 (သို့) 2+1 program}
- နိုင်ငံတကာရှိ Edexcel Approved Centres (တက္ကသိုလ်၊ ကောလိပ်များ) အားလုံး၌တပြေးညီ ကျင့်သုံးလျက်ရှိသည့် Quality Assurance Process ၊ စာသင်ကြားမှုပုံစံ (Teaching Methodology) များနှင့် စစ်ဆေးအကဲဖြတ်မှု ပုံစံများ (Accessment Method)
- ဘာသာရပ်ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များနှင့် ပြည်တွင်းပြည်ပ ကုမ္ပဏီကြီးများတွင် လစာအကောင်းဆုံးဖြစ်သော IT / Computing ဘာသာရပ်၏ အလုပ်အကိုင်အခွင့်အလမ်းများ

စိတ်ပါဝင်စားသူ မည်သူမဆို ကြိုတင်စာရင်းပေးသွင်း၍ (အခမဲ့) တက်ရောက်နိုင်ပါသည်။ အယောက် (၅၀)သာ

Ph: 01-503715, 09-86 288 06

ဆွေးနွေးမည့်သူ	ဦးဝင်းထိန်ဝင်း (Principal - Gusto Institute)
နေ့ရက်	၉ ဖေဖော်ဝါရီလ ၂၀၁၂ (စနေနေ့)
အချိန်	မွန်းလွဲ (၂:၀၀) နာရီ မှ (၄:၀၀) နာရီထိ
နေရာ	Traders Hotel (ပင်းယခန်းမ)

ဦးခင်မောင်လှဦးစီးသော သုံးရာသီ ဘုရားဖူးပို့ဆောင်ရေး
ဖုန်း-၄၂၁၁၅၃၇၉၇၊ ၄၂၀၁၄၄၁၄၈
* မန်းရွှေစက်တော်-ဖွင့်ပွဲ အထူးနှုန်း
* ရွှေစက်တော်-ပုဂံညောင်ဦး-ပုပ္ပား
* ကျိုက်ထီးရိုး+ချောင်းသာ- နေ့စဉ်
ဘုရားဖူးကားအမျိုးမျိုးစီးလုံးငှားသည်။
Feb- 13,14 စားတည်းငြိမ်း

TAXI ငှားမည်
PROBOX 1.5(၂၀/---)
6 am-8 pm
(နေ့မောင်းသီးသန့်)
အုံနာခ/စဘော်(ညှိနှိုင်း)
ဆက်သွယ်ရန် ဖုန်း-၀၉၅၅၀၀၄၉၆

Columbus Travels SAKURA ရုံးခွဲပြောင်းရွှေ့ခြင်း
အမှတ်(69/71)၊ ဆူးလေဘုရားလမ်း (AGD Bank အနီး)
Tel: 378535 (Hunt line), 378549
Email: columbus02@baganmail.net.mm
columbus01.sakura@gmail.com
လေယာဉ်ပျံလက်မှတ်ကိုယ်စားလှယ်(စ်)

ဒီဇယ်ဓာတ်ဆီ စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
၂၁၊အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမီးပွိုင့်အနီး၊ရန်ကုန်မြို့။
ဖုန်း- ၄၀၀၆၃၄ ၊ ၉၄၄၉၂၄၊ ၀၉ ၅၀၅၂၁၁၅

- ဗန်ကောက် ~ ပတ္တရား 16 Feb / 23 Mar
- ဗန်ကောက် ~ ဖူးခက် 23 Feb / 23 Mar
- စင်ကာပူ ~ မလေးရှား 23 Feb / 23 Mar
- ဟောင်ကောင် ~ မကာအို 24 Feb / 24 Mar
- မလေးရှား ~ လန်ကာဝီ 23 Feb / 23 Mar

သင်္ကြန်မှာ ပျော်ပျော်ပါးပါး အတူတူ ခရီးသွားကြရအောင်... တိုး ဒီ နဲ့ GO ပြီ!

- ဘာလီ 12 Apr
- ဂျပန် 12 Apr
- ဩစတြေးလျ 12 Apr
- ဒူဘိုင်း 12 Apr
- ကိုရီးယား 12 Apr

အမှတ်(၁၀၉)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၈၅၀၃၊ ၃၇၃၂၇၀ ၀၉-၇၃၀ ၅၁၄၀၆၊ ၀၉-၇၃၀ ၅၁၄၀၇ မန္တလေးမြို့-၀၂-၃၁၁၃၇ ၀၉-၄၀၂ ၅၄၁၉၅၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ကြီးကြပ်မှုတို့ဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား Star Resources ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာနတွင် ဖွင့်လှစ်သွားပါမည်-

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ဧည့်ကြိုလုပ်ငန်းသင်တန်း (အဆင့် ၁)	ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၃။	အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။	နိုင်ငံတကာမုန့်မျိုးစုံထုတ်လုပ်ရေး သင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှ အခြေခံ (အဆင့် ၁) အစားအစာ ထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူ ဖြစ်ရမည်။
၆။	ဟိုတယ်ထိန်းသိမ်းမှုဆိုင်ရာ ကြီးကြပ်ရေး သင်တန်း (ဘဏ္ဍာရေး) (အခန်းဌာန)၊ (အစားအစာနှင့်အဖျော်ယမကာဌာန) (အဆင့်၂)	-စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့)ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံ ကျွမ်းကျင်သူ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏အဆင့်(၁) သင်တန်းတစ်ခုအောင်မြင်ပြီး၊ ဘွဲ့ရသူ(သို့)တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိ၊ ဘွဲ့ရရှိသူ ဖြစ်ရပါမည်။

သင်တန်းကာလ - (၁၈.၂.၂၀၁၃) မှ (၂၂.၄.၂၀၁၃) ရက် အထိ။

သင်တန်းဆိုင်ရာအချက်အလက်များဆက်သွယ်စုံစမ်းရန် -

လျှောက်လွှာများကို မြေနီကုန်းရှိ **Star Resources** ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာနတွင် ထုတ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်း မိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံထောက်ခံစာ တို့ကိုပူးတွဲတင်ရမည်။

Star Resources ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း၊ မြေနီကုန်း(ရှီးမဘက်အနီး)၊ စမ်းချောင်းမြို့နယ်။
ဖုန်း ။ ။ ၀၁- ၅၂၃ ၂၀၀၊ ၅၂၃ ၆၂၃၊ ၂၃၀ ၄၀၂၀၊ ၂၃၀ ၄၀၂၁၊ ၀၉ ၅၀၂၀ ၃၀၂။

PHOE THAR GYI
Travels & Tours Co.,Ltd PTSCL Group

အိန္ဒိယသံဝေဇနီယလေးဌာန (၈/၁၂/၁၅) ရက်	7.5 သိန်း	Feb 12/18/23, Mar 23, Apr 11/12/13 တို့တွင်ထွက်ခွာမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။
ဗန်ကောက် - အယုဒ္ဓယ - ပတ္တယား (၆) ရက်	5.5 သိန်း	
ဗန်ကောက် - ဖူးခက် (၆) ရက်	8.5 သိန်း	
ဗန်ကောက် - စင်ကာပူ - မလေးရှား (၉) ရက်	11.8 သိန်း	
စင်ကာပူ - မလေးရှား (၇) ရက်	10 သိန်း	
ဂျပန် (၉) ရက်	25 သိန်း	
ကိုရီးယား (၈) ရက်	17 သိန်း	
အင်ဒိုနီးရှား (ဘာလီ) (၆) ရက်	12 သိန်း	

"အမှတ် ၁၀၂၄၊ ပြည်လမ်း(ကျောက်တော်ကြီး မှတ်တိုင်)၊ စော်ဘွားကြီးကုန်း၊အင်းစိန်မြို့နယ်၊ ရန်ကုန်။"
ဆက်သွယ်ရန် - ၀၁-၆၄၇၇၉၈, ၀၉-၄၂၁၇၇၈၁၀, ၀၉-၄၂၈၃၂၆၀၉၂။
reservation@phoethargyi.com,sale@phoethargyi.com www.phoethargyi.com

---

ဗဟန်း၊ မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ် တိပိဋကယောဆရာတော်၏ ရဟန်းသက်နှစ်(၅၀)ပြည့်ရွှေရတုနှင့် ကျောင်းတိုက်တည် (၅၄) နှစ်ပြည့်ပူဇော်ပွဲ ကျင်းပမည်

ဗဟန်း၊ မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်တွင် တိပိဋကယောဆရာတော်၏ ရဟန်းသက်နှစ် (၅၀)ပြည့် ရွှေရတုနှင့် ကျောင်းတိုက်တည် (၅၄) နှစ်ပြည့်ပူဇော်ပွဲ၊ စာအောင်သံဃာချီးကျူးပူဇော်ပွဲ အထူးတရားပွဲများကို ကျင်းပမည်ဖြစ်ရာ ၅-၂-၂၀၁၃ရက်မှ ၉-၂-၂၀၁၃ရက်အထိ တိပိဋက ယောဆရာတော်က နံနက် ၉နာရီတွင် (၁) ရက်လျှင် ပင့်သံဃာ (၂၀၀)၊ သီလရှင် (၅၀)စုစုပေါင်း သံဃာ၊ သီလရှင် (၂၅၀)တို့အား (၅) ရက်တိုင်တိုင် ဆွမ်း၊ ဆွမ်းဟင်းများလောင်းလှူ၍ သင်္ကန်းဆွဲ အိတ်စသော လှူဖွယ်များ လှူဒါန်းပါမည်။

၁၀-၂-၂၀၁၃ ရက်နံနက် ၉နာရီတွင် အထူးပင့်သံဃာ (၅၀)ပါးတို့အား လှူဖွယ်များလှူဒါန်း၍ စာအောင်သံဃာပူဇော်ပွဲ ကျင်းပပါမည်။

တရားပွဲများကိုလည်း အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကုသိုလ်ရှင်များ ကြွရောက်ကြည်ညိုတရားနာ၍ ကုသိုလ်ယူကြပါရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားအပ်ပါသည်။

၆-၂-၂၀၁၃ ရက် အရှင်ရာဇိန္ဒ(ရဝေနွယ်၊ အင်းမ)
၇-၂-၂၀၁၃ ရက် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ
၈-၂-၂၀၁၃ရက် ပါမောက္ခချုပ်ဆရာတော်ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ
၉-၂-၂၀၁၃ ရက် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက
၁၀-၂-၂၀၁၃ ရက် သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ

တပ်မတော်(လေ)ဘောလုံးသမားဟောင်းများ မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

တပ်မတော်(လေ) ဘောလုံးသမားဟောင်းများ ပြန်လည်ဆုံစည်းခြင်း အထိမ်းအမှတ်အဖြစ် မိတ်ဆုံစားပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါ အစီအစဉ်အတိုင်း ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

ကျင်းပမည့်နေ့ရက် - ၁၀-၂-၂၀၁၃ရက်
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ - မင်္ဂလာဒုံဥယျာဉ် (ခရေပင်လမ်း)၊ မင်္ဂလာဒုံမြို့နယ်

သုဝဏ္ဏမဟာသရဏဂုံစေမ္မဗိမာန် (ဂုဏာဝိသိဋ္ဌပူဇော်ပွဲ)

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊သုဝဏ္ဏ(၂၅)ရပ်ကွက်၊မဟာသရဏဂုံစေမ္မဗိမာန်ကြီး၏ ဩဝါဒစရိယ၊ နိုင်ငံတော်သံဃမဟာနာယက ဒု-ဥက္ကဋ္ဌ၊အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ **ဘဒ္ဒန္တစေမ္မာနန္ဒ** ဆရာတော်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် **အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခဲ့သည့်အတွက် စေမ္မဗိမာန်သာသနာ့အကျိုးဆောင်အဖွဲ့နှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့မှ ဝမ်းမြောက်အနုမောဒနာ ခေါ်ဆိုအပ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယက၊ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက **ဆရာတော်ကြီး (၁၅)ပါး**တို့အား ဆွမ်း၊သင်္ကန်းစသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ဂုဏာဝိသိဋ္ဌပူဇော်ပွဲကြီးကို **(၉. ၂. ၂၀၁၃) စနေနေ့ နံနက် (၉း၀၀)နာရီ**တွင် စေမ္မဗိမာန်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့မှ ကြွရောက်ကြည်ညိုဖူးမြော်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အခွင့်ကြုံခိုက် အလှူဒါနအစုစုတို့ကို အကျိုးဆောင်အဖွဲ့၊ဘဏ္ဍာရေးမှူး **ဦးမြင့်အောင်၊ဖုန်း-၀၉ ၇၃၁၁ ၂၈၀၇နှင့် အတွင်းရေးမှူး ဦးဌေးမြင့်၊ ဖုန်း-၀၉၅၁၇၆၁၁၉** သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရောင်းမည်

၁။ အမှတ် ၂၈၉ (ခ)၊ ဖြူဟွန်စိုရ်လမ်းမ၊ (၄/၆)ရပ်ကွက်၊ တောင်ဥက္ကလာ၊ ဝေဇယန္တာလမ်းမအနီး။
(20'x60") 3RC (3500 သိန်း)
၂။ အမှတ် (၁၀၃၀)၊ ယသာဝတီလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာ၊ (40'x60") 2RC (2500 သိန်း)
ဆက်သွယ်ရန် ၀၉-၅၄၁၂၀၈၇

JADE Travel & Tours

ချောင်းသာအပန်းဖြေခရီး
(၃ညအိပ် ၄ရက်)(စား၊တည်းငြိမ်း) ၅၀၀၀၀/-
(9.Feb.2013 မှ 12.Feb.2013)
အဆင့်မြင့်လုံးချင်းဧည့်ရိပ်သာတည်း
0973123443, 095179754, 0943177351 ခရီးစဉ်ခ/ ဆုံးထမင်း (၈)ကြိမ်ကျွေးမည်။

ကျေးဇူးဆပ်ပါမည်

	၂	ဓာတ်သတ္တု အကြီးစားထုတ်လုပ်မှုလုပ်ငန်း	ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ခွင့်ပြုသက်တမ်းမှာ (၁၅)နှစ်ဖြစ်ပြီး သက်တမ်းတိုးလျှောက်ထားမှုအား တစ်ကြိမ်လျှင် (၅)နှစ်စီ သက်တမ်းတိုး (၄)ကြိမ် ခွင့်ပြုနိုင်ပါသည်။ ဓာတ်သတ္တု အကြီးစားထုတ်လုပ်မှု ခွင့်ပြုမိန့် သက်တမ်း မကုန်မီ(၆)လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။ သတ္တုသိုက်၊ ပမာဏ၊ ထုတ်လုပ်ရန်လျာထား သတ်မှတ်ချက်နှင့် ထုတ်လုပ်မည့် သက်တမ်း (Mining Life) တို့ကို စိစစ်၍ ခွင့်ပြုမည်ဖြစ်ပါသည်။
	၃	မြေရှားသတ္တု (Rare Earths)၊ ရှားပါးသတ္တု (Strategic Minerals)နှင့် ရေဒီယိုသတ္တိကြွသတ္တု (Radioactive Minerals)လုပ်ငန်းများ ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့် အချောထည်(ရုပ်တု၊ရုပ်ထွင်း ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း)	နိုင်ငံတော်နှင့် ပူးပေါင်းပြီး ဖက်စပ် (Joint Venture) စနစ်ဖြ င့်သာ ခွင့်ပြုမည်။
	၄	ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း	ခွင့်ပြုသက်တမ်းမှာ (၁၅)နှစ်ဖြစ်ပြီး သက်တမ်းတိုးလျှောက်ထားမှုအား တစ်ကြိမ်လျှင် (၅)နှစ်စီဖြင့် သက်တမ်းတိုး (၂)ကြိမ် ခွင့်ပြုမည်။ ခွင့်ပြုမိန့် သက်တမ်းမကုန်မီ (၁)နှစ် ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။
	၅	ကျောက်မီးသွေး၊ ဂရင်းနိုက်ကျောက်စသည်တို့ကို ထုတ်လုပ်၍ သတ္တုကုန်ကြမ်းများ ပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။
၅		**စက်မှုဝန်ကြီးဌာန**	
	၁	ဟင်းသီးဟင်းရွက်၊ တိရစ္ဆာန်နှင့် အခြားမှဆီနှင့် ဆီခဲများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊	ပြည်တွင်းထွက် ကုန်ကြမ်းပစ္စည်းများအား အနည်းဆုံး (၈၀%)အသုံးပြုရမည်။
	၂	အဖျော်ယမကာ၊ ဘီလပ်ရည်နှင့် အခြားဖျော်ရည်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း	ပြည်တွင်းထွက် ကုန်ကြမ်းပစ္စည်းများအား အနည်းဆုံး (၂၀%)အသုံးပြုရမည်။ ပြည်တွင်းထွက် သီးနှံကုန်ကြမ်းပစ္စည်းများအား စက်ရုံဆောက်ပြီး (၃)နှစ်နောက်ပိုင်းတွင် အနည်းဆုံး ၆၀% အသုံးပြုရန်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော စက်ရုံများဖြစ်ရမည်။
	၃	ဟင်းချိုမှုန့် ထုတ်လုပ်ခြင်းလုပ်ငန်း	ပထမ(၃)နှစ်အတွင်း ပြည်တွင်းကုန်ကြမ်းများကိုသာအဓိကအသုံးပြုသည့် ထုတ်လုပ်မှုအဆင့်သို့ပြောင်းလဲရမည်။
	၄	စီးကရက်ထုတ်လုပ်ခြင်းလုပ်ငန်း	ပြည်တွင်းဆေးရွက်ကြီးများအား ပထမ(၃)နှစ် ၅၀% အသုံးပြုခြင်း(သို့မဟုတ်) ပြည်တွင်းဆေးရွက်ကြီးများ ပြည်ပသို့ ရောင်းချခြင်းမှ ရရှိသော ဝင်ငွေဖြင့် ဝယ်ယူရရှိသော ကုန်ကြမ်းကို အနည်းဆုံး ၅၀%အသုံးပြု ထုတ်လုပ်ရမည်။ ပြည်ပသို့ ၉၀% တင်ပို့ရမည်။ ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်တွင် ပြည်တွင်းကုန်ကြမ်းအသုံးပြုမည့် အစီအစဉ်ဇယားနှင့် ပြည်ပတင်ပို့မည့် အစီအစဉ်ဇယား ထည့်သွင်းတင်ပြရမည်။
	၅	ရေမွှေး၊ အလှကုန် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း	ပြည်တွင်းထုတ်ကုန်ကြမ်းများကို စက်ရုံတည်ဆောက်ပြီး (၅)နှစ်အတွင်း (၅၀%)အသုံးပြုရမည်။
	၆	ပေါက်ကွဲနိုင်သော ဓာတုပစ္စည်းများ (TNT, Nitro-glycerin, Ammonium Nitrite) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း	နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါသည်။
	၇	အလိုအလျောက် မီးလောင်သော အရည်၊ အခဲများ (Titanium Powder)၊ ကိုယ်တိုင်အပူထွက်သည့် ဓာတုပစ္စည်းများ (Potassium Sulfide)၊ အပူကြောင့် ဓာတ်ပြို ကွဲလွယ်သည့် ပစ္စည်းများနှင့်ရေနှင့်တွေ့လျှင် မီးလောင်လွယ်သော ဓာတ်ငွေ့ထုတ်လွှတ်သောအရာများ (Calcium Phosphide) ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း	နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါသည်။
	၈	သုတ်ဆေး၊ အရောင်တင်ဆီ၊ ဆိုးဆေး၊ ဖျက်ဆေး၊ ယွန်းဆေးစသည့် ဓာတုဗေဒပစ္စည်း ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း	နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ၇၀% အထိသာ မတည်ငွေရင်းထည့်သွင်းခွင့်ပြုမည်။
	၉	ကာကွယ်ဆေးများ ထုတ်လုပ်ခြင်းနှင့် မိမိထုတ်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်း	နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ် (Joint Venture) ဆောင်ရွက်ရမည်။ အနိမ့်ဆုံး WHO GMP စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။
	၁၀	ပြည်ပကုန်ကြမ်းကို အသုံးပြုထုတ်လုပ်သော ဓာတုပစ္စည်းများထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း	Hazardous, Explosive, Oxidized, Flammableဖြစ်စေသော ဓာတုပစ္စည်းများအား ထုတ်လုပ်ခြင်းမှအပ ကျန်လုပ်ငန်းများကို နှစ်အကန့်အသတ်ဖြင့်သာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်။
၆		**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**	
	၁	ရေအားလျှပ်စစ်နှင့်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများတည်ထောင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ နိုင်ငံတော်အစိုးရနှင့် ဖက်စပ်ဆောင်ရွက်ပြီး B.O.T စနစ်ဖြင့်သာ ခွင့်ပြုသည်။
၇		**ပို့ဆောင်ရေးဝန်ကြီးဌာန**	
	၁	လေဆိပ်တည်ဆောက်ခြင်း ရင်းနှီးမြှုပ်နှံမှုနှင့်ခရီးသည်နားနေဆောင် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်ရမည်။
	၂	မြို့ပြလေကြောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်ရမည်။
	၃	လေယာဉ်ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်ရမည်။
	၄	လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် ဈေးကွက်ရှာဖွေခြင်း ဝန်ဆောင်မှု လုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်ရမည်။
	၅	ကွန်ပျူတာကွန်ရက်သုံးစနစ်ဖြင့် လေယာဉ်လက်မှတ်ရောင်းချခြင်း ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်ရမည်။
	၆	လေယာဉ်အမှုထမ်းများမပါ လေယာဉ်ငှားရမ်းပေးသည့် ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။
	၇	လေယာဉ်အမှုထမ်းများ အပါအဝင် လေယာဉ်ငှားရမ်းပေးသည့်ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်ရမည်။
	၈	လေကြောင်းဖြင့် ကုန်စည်တင်ပို့ပေးခြင်းဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်ရမည်။
	၉	လေကြောင်းကုန်စည် တင်ချပေးသည့် ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်ရမည်။
	၁၀	လေကြောင်းလိုင်းများအတွက် လေယာဉ်တင်အစားအသောက်များထုတ်လုပ်ဖြန့်ဖြူးပေးသည့် ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်ရမည်။
	၁၁	လေကြောင်းလိုင်းများသို့ လေယာဉ်ဆီဖြန့်ဖြူးပေးသည့် ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏သဘောထားရယူဆောင်ရွက်ရမည်။
	၁၂	လေယာဉ်အား အသေးစား စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်ရမည်။
	၁၃	လေယာဉ်ဆိုက်ရောက်/ရပ်နား/ထွက်ခွာချိန်တွင် လေယာဉ်ရပ်နားရာနေရာ၌ မြေပြင်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။
	၁၄	ခရီးသည်များ၏ ဝန်စည်စလယ်များအားမြေပြင်အထောက်အကူပြု ဝန်ဆောင်မှုပေးသည့်လုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားရယူဆောင်ရွက်ရမည်။
	၁၅	လေကြောင်းခရီးသည်များ ဆိုက်ရောက်ချိန်၊ ထွက်ခွာချိန်တွင်လေဆိပ်၌ ဝန်ဆောင်မှုပေးသည့်လုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေး ဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။
	၁၆	လေယာဉ် မြေပြင်ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။

အချပ်ပို ခ သို့ ❁

အမိန့်ကြော်ငြာစာ

❀ အချပ်ပို က မှ

အမှတ်စဉ်		စီးပွားရေးလုပ်ငန်းအမျိုးအစား	ကန့်သတ်ချက်
(၁)		(၂)	(၃)
	၁၇	လေဆိပ်ဟိုတယ်လုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။
	၁၈	လေယာဉ်အပိုပစ္စည်းရောင်းချခြင်းနှင့်ဈေးကွက်ရှာဖွေခြင်းလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏သဘောထားရယူဆောင်ရွက်ရမည်။
	၁၉	ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ဖက်စပ် (Joint Venture)ဖြင့်သာ ဆောင်ရွက်ရမည်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ တစ်သန်းထက် မနည်းစေရ။
	၂၀	နိုင်ငံခြားသားပိုင် ပင်လယ်ကူးသင်္ဘောကြီးများအတွက် ကိုယ်စားလှယ်လုပ်ငန်း	နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။
	၂၁	သင်္ဘောကျင်းလုပ်ငန်းများ	နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။
	၂၂	ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင်မြေများတွင် ရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်သည့် လုပ်ငန်းများ	နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။
	၂၃	အခြားသော ဆက်စပ်စီးပွားရေး လုပ်ငန်းများနှင့် အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများ	နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။
၈		**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**	
	၁	ပြည်တွင်းပြည်ပစာပို့တိုက်လုပ်ငန်း	ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရမည်။
	၂	ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းနှင့် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားများ	ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူရမည်။
၉		**စွမ်းအင်ဝန်ကြီးဌာန**	
	၁	ကုန်ကြမ်းအဖြစ်တင်သွားလာမည့် ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း	စွမ်းအင်ဝန်ကြီးဌာန၏သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၂	ရေနံနှင့် သဘာဝဓာတ်ငွေ့လေ့လာတိုင်းတာ စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်းနှင့်စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းရှိသည့်အဆင့်သို့ ရောက်ရှိစေရန်ဆောင်ရွက်ခြင်းလုပ်ငန်းများ	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ စွမ်းအင်ဝန်ကြီးဌာန၏သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၃	ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ	စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၄	ရေနံဓာတုဗေဒစက်ရုံများ တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းများ	ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၅	ရေနံ၊သဘာဝဓာတ်ငွေ့နှင့် ရေနံထွက်ပစ္စည်းများ သယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ	စွမ်းအင်ဝန်ကြီးဌာန၏သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
၁၀		**ကျန်းမာရေးဝန်ကြီးဌာန**	
	၁	ပုဂ္ဂလိကဆေးရုံ၊ အထူးကုဆေးရုံ/ဆေးခန်းများ	ကျန်းမာရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၂	အစိုးရ-ပုဂ္ဂလိက ဖက်စပ်ဆေးရုံ/ဆေးခန်းများ	ကျန်းမာရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၃	အစိုးရ-နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆေးရုံ/ဆေးခန်းများ	ကျန်းမာရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။ နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။
	၄	ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်း	ကျန်းမာရေးဝန်ကြီးဌာန၏ကန့်သတ်ချက်နှင့်အညီဆောင်ရွက်ရမည်။
	၅	ပုဂ္ဂလိကဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်မှုလုပ်ငန်း	ကျန်းမာရေးဝန်ကြီးဌာန၏ကန့်သတ်ချက်နှင့်အညီဆောင်ရွက်ရမည်။
	၆	ရောဂါကာကွယ်ဆေးနှင့် စမ်းသပ်ပစ္စည်းထုတ်လုပ်မှုသုတေသနလုပ်ငန်း	ကျန်းမာရေးဝန်ကြီးဌာန၏ကန့်သတ်ချက်နှင့်အညီဆောင်ရွက်ရမည်။
	၇	ပုဂ္ဂလိကဆေးနှင့်ကျန်းမာရေးတက္ကသိုလ်နှင့် သင်တန်းကျောင်းများ	ကျန်းမာရေးဝန်ကြီးဌာန၏ကန့်သတ်ချက်နှင့်အညီဆောင်ရွက်ရမည်။
	၈	ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုဆန်းစစ်ခြင်းလုပ်ငန်း	ကျန်းမာရေးဝန်ကြီးဌာန၏ကန့်သတ်ချက်နှင့်အညီဆောင်ရွက်ရမည်။
	၉	တိုင်းရင်းဆေးဝါးကုန်ကြမ်း (ပရဆေးပစ္စည်း) ရောင်းဝယ်ရေးလုပ်ငန်း	ကျန်းမာရေးဝန်ကြီးဌာန၏ကန့်သတ်ချက်နှင့်အညီဆောင်ရွက်ရမည်။
	၁၀	တိုင်းရင်းဆေးဖက်ဝင်အပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း	ကျန်းမာရေးဝန်ကြီးဌာန၏ကန့်သတ်ချက်နှင့်အညီဆောင်ရွက်ရမည်။
	၁၁	တိုင်းရင်းဆေးသုတေသနနှင့်ဓာတ်ခွဲလုပ်ငန်း	ကျန်းမာရေးဝန်ကြီးဌာန၏ကန့်သတ်ချက်နှင့်အညီဆောင်ရွက်ရမည်။
	၁၂	တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်းလုပ်ငန်း	ကျန်းမာရေးဝန်ကြီးဌာန၏ ကန့်သတ်ချက်နှင့်အညီဆောင်ရွက်ရမည်။
၁၁		**ဆောက်လုပ်ရေးဝန်ကြီးဌာန**	
	၁	ရုံးခန်း/စီးပွားရေးအဆောက်အအုံ တည်ထောင်ငှားရမ်းခြင်းလုပ်ငန်း	ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖြစ်ပါက BOT စနစ်ဖြင့် ဆောင်ရွက်ရန်၊ နိုင်ငံခြားနှင့်နိုင်ငံသား ဖက်စပ်ဆောင်ရွက်ပါက နိုင်ငံသားက မြေနှစ်ရှည် အသုံးပြုခွင့်ကို ရှယ်ယာအဖြစ် ထည့်ဝင်ခြင်း (သို့)နိုင်ငံခြားရင်းနှီးမြှုပ်နှံ သူသို့ မြေငှားရမ်းခြင်းဖြင့်သာ ဆောင်ရွက်ရန်၊ ခွင့်ပြု လုပ်ငန်းသက်တမ်းကုန်ဆုံးပါက မြေကိုပြန်လည်အပ်နှံရန်မြို့ပြအမွေအနှစ် အဆောက်အအုံဖြစ်ပါက မူလပုံစံ မပျက်စေဘဲ Conservation Management Plan နှင့်အညီ ဆောက်ရွက်ရမည်။
	၂	အဆောက်အအုံ ဒီဇိုင်းရေးဆွဲခြင်း၊ အဆောက်အအုံတာဝန်ယူတည်ဆောက်ပေးခြင်းနှင့် အခြားဆက်စပ်သည့် အကြံပေး/ဝန်ဆောင်မှုလုပ်ငန်းများ	အာဆီယံ အပြန်အလှန်အသိမှတ်ပြု အစီအစဉ် Mutual Recognition Arrangement-MRA အရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီ ဆောင်ရွက်ရမည်။
	၃	စက်ရုံအလုပ်ရုံများဆောက်လုပ်ခြင်း၊ စက်နှင့် စက်ပစ္စည်းများ တပ်ဆင်ခြင်း၊ စမ်းသပ်လည်ပတ်ခြင်းဆိုင်ရာလုပ်ငန်းများ	အာဆီယံ အပြန်အလှန်အသိမှတ်ပြု အစီအစဉ် Mutual Recognition Arrangement-MRA အရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီ ဆောင်ရွက်ရမည်။
	၄	မြို့ပြအိမ်ရာကဏ္ဍကို အထောက်အကူပြုမည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အမြောက်အမြားထုတ်လုပ်ခြင်းလုပ်ငန်း	အာဆီယံ အပြန်အလှန်အသိမှတ်ပြု အစီအစဉ် Mutual Recognition Arrangement-MRA အရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီဆောင်ရွက်ရမည်။
	၅	အဆင့်မြင့်နည်းပညာသုံး Prefabrication ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း	အာဆီယံ အပြန်အလှန်အသိမှတ်ပြု အစီအစဉ် Mutual Recognition Arrangement-MRA အရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီ ဆောင်ရွက်ရမည်။
	၆	သဘာဝဘေးအန္တရာယ်ခံနိုင်သော၊ အဆင့်မြင့် နည်းပညာသုံး အဆောက်အအုံ၊ ယင်းနှင့်ဆက်စပ်သော အဆင့်မြင့် နည်းပညာသုံး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း	အာဆီယံ အပြန်အလှန်အသိမှတ်ပြု အစီအစဉ် Mutual Recognition Arrangement-MRA အရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီ ဆောင်ရွက်ရမည်။
၁၂		**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**	
	၁	ကမ္ဘာလှည့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း	ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။
	၂	Wellness Spa လုပ်ငန်း	ကြယ်သုံးပွင့်နှင့်အထက် အဆင့်ရှိသော ဟိုတယ်ကြီးများတွင်သာ ဆောင်ရွက်ခွင့်ပြုမည်။ သို့ရာတွင်အခန်းအရေအတွက် နည်းသော်လည်း အဆင့်အတန်းမြင့်စွာနှင့် ခမ်းနားစွာ တည်ဆောက်ထားသော ကြယ်ငါးပွင့်အဆင့် ဟိုတယ်များတွင် ခြွင်းချက်ဖြင့် ခွင့်ပြုမည်။
	၃	နိုင်ငံခြားသားများသာ ကစားခွင့်ရှိသော Casino လုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ဥပဒေလုပ်ထုံး လုပ်နည်း စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုချက်ရရှိပါက ကန့်သတ်ဇရိယာအတွင်းရှိ ဟိုတယ်များတွင် ဆောင်ရွက်ခွင့်ပြုမည်။ မြန်မာနိုင်ငံသားများအား ကစားခွင့်မပြု။
၁၃		**ပြန်ကြားရေးဝန်ကြီးဌာန**	
	၁	နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေသော အချိန်မှန်ထုတ်သတင်းစာများ	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၂	လူမှုရေးသိပ္ပံဘာသာရပ်ဆိုင်ရာစာအုပ်စာတမ်းများ ထုတ်ဝေခြင်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၃	သဘာဝသိပ္ပံဘာသာရပ်ဆိုင်ရာစာအုပ်စာတမ်းများ ထုတ်ဝေခြင်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၄	အသုံးချသိပ္ပံဘာသာရပ်ဆိုင်ရာစာအုပ်စာတမ်းများ ထုတ်ဝေခြင်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၅	အနုပညာရပ်များဘာသာရပ်ဆိုင်ရာစာအုပ်စာတမ်းများ ထုတ်ဝေခြင်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၆	ဘာသာရပ်ဆိုင်ရာစာအုပ်များ၊ မြန်မာအပါအဝင် တိုင်းရင်းသားဘာသာဖြင့် ဖြစ်စေ၊ နိုင်ငံခြားဘာသာဖြင့် ဖြစ်စေ ထုတ်ဝေသော ဘာသာရပ်ဆိုင်ရာ စာအုပ်များ ထုတ်ဝေခြင်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၇	FM ရေဒီယိုအသံလွှင့်လုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၈	Direct To Home (DTH) လုပ်ငန်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၉	DVT 2 လုပ်ငန်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၁၀	Cable/ IPTV လုပ်ငန်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၁၁	ရုပ်ရှင်ကား ထုတ်လုပ်ခြင်းလုပ်ငန်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၁၂	ရုပ်ရှင်ကားကူးဆေးခြင်း၊ တည်းဖြတ်ခြင်း၊ အသံသွင်းခြင်းလုပ်ငန်းများ	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၁၃	ရုပ်ရှင်ပြသခြင်းလုပ်ငန်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၁၄	ရုပ်ရှင်သင်တန်းကျောင်းဖွင့်လှစ်ခြင်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၁၅	ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများ ငှားရမ်းခြင်းလုပ်ငန်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၁၆	ရုပ်ရှင်စတူဒီယိုတည်ဆောက်ခြင်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၁၇	VCD, DVD, Blue Ray Disc များကူးယူခြင်းလုပ်ငန်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။
	၁၈	ရုပ်ရှင်နှင့်ရုပ်/သံရိုက်ကူးထုတ်လုပ်ဖြန့်ချိပြသလုပ်ငန်း	ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။

၂။ အခြားခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများ စာရင်း

အမှတ်စဉ်		စီးပွားရေးလုပ်ငန်းအမျိုးအစား	ကန့်သတ်ချက်
(၁)		(၂)	(၃)
	၁	တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်း (ကျွဲ၊ နွား)	Good Animal Husbandry Practice (GAHP) နှင့် Good Manufacturing Practice (GMP)ဖြင့် ဆောင်ရွက်ရမည်။
	၂	တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်း (သိုး၊ ဆိတ်၊ ကြက်၊ ဝက်နှင့်အခြား)	Good Animal Husbandry Practice (GAHP)နှင့် Good Manufacturing Practice (GMP)ဖြင့် ဆောင်ရွက်ရမည်။
	၃	တိရစ္ဆာန်အစားအစာ၊ ဖြည့်စွက်အစားအစာများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း	Good Manufacturing Practice (GMP)ဖြင့် ဆောင်ရွက်နိုင်သူဖြစ်ရမည်။
	၄	တိရစ္ဆာန်ရောဂါကာကွယ်/ ကုသဆေး ထုတ်လုပ်မှုလုပ်ငန်း	ASEAN Guide Line on GMP for Animal Vaccines/ Drugs နှင့်အညီ ဆောင်ရွက်ရမည်။
	၅	နို့စားနွားမွေးမြူခြင်းလုပ်ငန်း	Good Animal Husbandry Practice (GAHP) စနစ်ဖြင့်ဆောင်ရွက်ရမည်။
	၆	နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း	ASEAN Criteria for Accreditation of Milk Processing Establishment နှင့်အညီဆောင်ရွက်ရမည်။
	၇	သားသတ်ရုံလုပ်ငန်း	Hazard Analysis Critical Control Point (HACCP) စနစ်ဖြင့် GMP နှင့်အညီ ဆောင်ရွက်ရမည်။

အချပ်ပို ဂ သို့ ❍

○ အချပ်ပို ခ မှ

အမှတ်စဉ်		စီးပွားရေးလုပ်ငန်းအမျိုးအစား	ကန့်သတ်ချက်
(၁)		(၂)	(၃)
	၈	တိရစ္ဆာန်ထွက်ကုန်နှင့် အသားပြုပြင်ထုတ်လုပ်မှုလုပ်ငန်း	ASEAN Criteria for Accreditation Livestock Product Establishment of Manufacturing Meat Product in Hermetically -Sealed Containers ဖြင့် ထုတ်လုပ်မှုဆောင်ရွက်ရမည်။
	၉	မွေးမြူရေးခြံသုံးပစ္စည်းလုပ်ငန်း	Good Manufacturing Practice (GMP) ဖြင့်ဆောင်ရွက်ရမည်။
	၁၀	ကြက်သားပေါက်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း	ASEAN Biosecurity Management Manual for Commercial Poultry Farming နှင့်အညီ GAHP, GMP တို့နှင့် ဆောင်ရွက်ရမည်။
	၁၁	နွားနောက်မွေးမြူရေးလုပ်ငန်း	GAHP စနစ်ဖြင့် ဆောင်ရွက်ရမည်။
	၁၂	ရေချို/ ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း	သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် သိပ္ပံနည်းကျ မွေးမြူရေးစနစ်ဖြင့်သာဆောင်ရွက်ရမည်။
	၁၃	ကျောက်မီးသွေးရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်း	နိုင်ငံတော်နှင့် ဖက်စပ်စနစ်ဖြင့်ဆောင်ရွက်ရမည်။
	၁၄	တိုင်းရင်းဆေးများမှအပ အိမ်သုံးဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း	အနိမ့်ဆုံး WHO GMP လိုက်နာဆောင်ရွက်ရမည်။
	၁၅	ကာကွယ်ဆေး၊ မူးယစ်ဆေး၊ စိတ်ပြောင်းဆေးများမှ အပ ဆေးဝါးအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း	အနိမ့်ဆုံး WHO GMP လိုက်နာဆောင်ရွက်ရမည်။
	၁၆	ဥပဒေနှင့်အညီ ခွင့်ပြုသည့်အခြားအဆောက်အအုံ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းများ	အာဆီယံ MRA အရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီ ဆောင်ရွက်ရမည်။
	၁၇	ဟိုတယ်လုပ်ငန်း	ကြယ်သုံးပွင့်နှင့်အထက် အဆင့်သာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းခွင့်ပြုမည်။ အခြားတွင်JV ဖြင့်သာ ခွင့်ပြုမည်။
	၁၈	ကောက်ပဲသီးနှံများအား လိုအပ်သည့်သွင်းအားစုများအား တင်သွင်းအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်၌ ဖြန့်ဖြူးခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း	တန်ဖိုးမြှင့် Value-added ပစ္စည်းများ ထုတ်လုပ်ခြင်းကိုသာ ခွင့်ပြုမည်။ ဖက်စပ်စနစ်ဖြစ်ပါက တိုင်းရင်းသားလုပ်ငန်းရှင်မှ အနည်းဆုံး ၄၀ ရာခိုင်နှုန်း ပါဝင်ရမည်။
	၁၉	လက်လီရောင်းဝယ်မှုလုပ်ငန်း	အသေးစား လက်လီလုပ်ငန်းများအား ခွင့်မပြု၊ Super Market, Department Store, Shopping Centre များကိုသာ ခွင့်ပြုမည်ဖြစ်ပြီး လက်ရှိတိုင်းရင်းသားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေသည့် ပတ်ဝန်းကျင်နှင့် နီးကပ်စွာ ဆောင်ရွက်ခြင်းမျိုးမပြုရ၊ ၎င်း၌ ပြည်တွင်းထုတ်ကုန်များကိုသာ ဦးစားပေးဝယ်ယူရောင်းချရမည်။ ဖက်စပ်စနစ်ဖြစ်ပါက တိုင်းရင်းသားလုပ်ငန်းရှင်မှ အနည်းဆုံး ၄၀ ရာခိုင်နှုန်းပါဝင်ရမည်။
	၂၀	လက်လီရောင်းဝယ်မှုလုပ်ငန်း (မော်တော်ကားနှင့်ဆိုင်ကယ်မပါ)	၂၀၁၅ ခုနှစ် နောက်ပိုင်းမှသာ ခွင့်ပြုမည်။ အနည်းဆုံး ရင်းနှီးမြှုပ်နှံမှု ပမာဏဒေါ်လာ ၃ သန်းရှိရမည်။ အခွန်ကင်းလွတ်ခွင့်မပြု။
	၂၁	ဆိုင်ခွဲများထူထောင်ခြင်းလုပ်ငန်း	နိုင်ငံခြားသားအား Franchisor အနေဖြင့်သာ ခွင့်ပြုမည်။
	၂၂	ကုန်သိုလှောင်ရုံလုပ်ငန်း	သိုလှောင်ရုံ အငယ်/အလတ် အရွယ်အစားများအား ခွင့်မပြု၊ ဖက်စပ်စနစ်ဖြစ်ပါက တိုင်းရင်းသားလုပ်ငန်းရှင်မှ အနည်းဆုံး ၄၀ ရာခိုင်နှုန်းပါဝင်ရမည်။
	၂၃	လက်ကားရောင်းဝယ်မှုလုပ်ငန်း	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။
	၂၄	ကိုယ်စားလှယ်လုပ်ငန်း	ကိုယ်စားလှယ်ရုံးဖွင့် ဆောက်လုပ်ခွင့်ပြုခြင်း၊ အကျိုးဆောင်ခန့်အပ်ခြင်းအား နိုင်ငံသားများကိုသာ ဝန်ထမ်းအဖြစ် ခန့်အပ်ရမည်။
	၂၅	သီးခြားသတ်မှတ်မထားသော စတိုးဆိုင်များတွင် လက်လီရောင်းချခြင်းလုပ်ငန်း	Department Store နှင့် Hyper Marketအတွက် စတုရန်းပေ ၅၀၀၀၀ အထက်၊ Super Market အတွက် စတုရန်းပေ ၁၂၀၀၀ မှ ၂၀၀၀၀ အတွင်းဖြစ်ရမည်။
	၂၆	သီးခြားသတ်မှတ်မထားသောစတိုးဆိုင်များတွင် အစားအစာ၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးဖြင့် ထုတ်လုပ်သောပစ္စည်းများ လက်လီရောင်းချခြင်းလုပ်ငန်း	အရောင်းဆိုင်အရွယ်အစားအား စတုရန်းပေ ၂၀၀၀ မှ ၄၀၀၀ အတွင်း ဖြစ်ရမည်။
	၂၇	နိုင်ငံခြားဘာသာဖြင့် သက်ဆိုင်ရာဘာသာရပ်အလိုက် အထူးပြု ထုတ်ဝေသောဂျာနယ်နှင့် မဂ္ဂဇင်းများ	ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ပါက မြန်မာနိုင်ငံမှ ပိုင်ဆိုင်မှုမှာ ၅၁ ရာခိုင်နှုန်းဖြစ်ရမည်။ ကုမ္ပဏီ၏ဒါရိုက်တာအရေအတွက်အနည်းဆုံး သုံးပုံနှစ်ပုံနှင့် အဓိကဝန်ထမ်းများသည် မြန်မာနိုင်ငံသားများဖြစ်ရမည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းအထိ ရင်းနှီးမြှုပ်နှံမှုရရှိသူသည် သက်ဆိုင်ရာနိုင်ငံခြားစာနယ်ဇင်းကုမ္ပဏီ (သို့မဟုတ်) သက်ဆိုင်ရာနိုင်ငံခြားစာအုပ် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကို ပိုင်ဆိုင်သူသာ ဖြစ်ရမည်။

၃။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်ရယူရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများ စာရင်း

အမှတ်စဉ်		စီးပွားရေးလုပ်ငန်းအမျိုးအစား	ကန့်သတ်ချက်
(၁)		(၂)	(၃)
၁		**ပတ်ဝန်းကျင်နှင့်သစ်တောရေးရာဝန်ကြီးဌာန**	
	၁	ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်း	လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၂	ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း	လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၃	အကြီးစားဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်းလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၄	ရေအားလျှပ်စစ်နှင့် အခြားအကြီးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၅	ရေနံပိုက်လိုင်း၊ ဓာတ်ငွေ့ပိုက်လိုင်း၊ လျှပ်စစ်တာဝါတိုင်ကြီးများ ရှည်လျားစွာသွယ်တန်းခြင်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေး တို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၆	စိုက်ပျိုးမြေဧရိယာပမာဏများပြားစွာ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၇	အကြီးစားမြစ်ကူးတံတား၊ ခုံးကျော်တံတား၊ အဝေးပြေးလမ်းမ၊ မြေအောက်ရထားလမ်း၊ ဆိပ်ကမ်း၊ သင်္ဘောကျင်း၊ လေဆိပ်တည်ဆောက်ခြင်း၊ ရေသွယ်မြောင်းကြီးများ ရှည်လျားစွာ တူးဖော်သွယ်တန်းခြင်း၊ အကြီးစားမော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ ရေယာဉ်တည်ဆောက်ခြင်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၈	ဓာတုပစ္စည်းနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်ခြင်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၉	ဘက်ထရီထုတ်လုပ်ခြင်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၁၀	အကြီးစားစက္ကူပျော့ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၁၁	အကြီးစားချည်မျှင်နှင့် အထည်ထုတ်လုပ်ခြင်းနှင့် ဆေးဆိုးခြင်း လုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၁၂	သံ၊ သံမဏိနှင့် သတ္တုပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေး တို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ် ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၁၃	ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေး တို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ် ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၁၄	အရက်၊ ဘီယာ၊ အရက်ပြန်ထုတ်လုပ်ခြင်းလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
	၁၅	ရေနံ/စက်သုံးဆီအမျိုးမျိုး/ဓာတ်မြေဩဇာ/ဖယောင်း/အရောင်တင်ဆီအမျိုးမျိုး ထုတ်လုပ်ခြင်းများ အပါအဝင် ရေနံဓာတုဗေဒလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေး တို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။

အချပ်ပို ဃ သို့ ✪

အချပ်ပို ဂ မှ

အမှတ်စဉ်	စီးပွားရေးလုပ်ငန်းအမျိုးအစား	ကန့်သတ်ချက်
(၁)	(၂)	(၃)
၁၆	သကြားစက် အပါအဝင် အကြီးစား စားသောက်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
၁၇	သားရေထည်၊ ရော်ဘာပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
၁၈	အကြီးစား ရေချို၊ ရေငန်ငါး၊ ပုစွန်နှင့် တိရစ္ဆာန်မွေးမြူ ထုတ်လုပ်ခြင်းလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
၁၉	အကြီးစား သစ်အခြေခံစက်မှုလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
၂၀	အကြီးစားအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
၂၁	အကြီးစားဟိုတယ်နှင့် ခရီးသွားအပန်းဖြေနေရာများ၊ အပန်းဖြေစခန်းများ တည်ဆောက်ခြင်း	လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါမည်။
၂၂	သမိုင်းဝင်ကျေးမှု ရှေးဟောင်းသုတေသနသိပ္ပံဆိုင်ရာ နှင့် ပထဝီဝင်ဆိုင်ရာ ထင်ရှားသည့် အထိမ်းအမှတ် နေရာများတွင် လုပ်ငန်းဆောင်ရွက်ခြင်း	ပတ်ဝန်းကျင် ဂေဟစနစ်နှင့် လူမှုစီးပွားဆိုင်ရာ ထိခိုက်ပျက်စီးလွယ်သည့်နေရာများမှ လုံလောက်သော အကွာအဝေးတွင်ရှိပြီး လိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းများ ဆောင်ရွက်ကာ ပတ်ဝန်းကျင် ဂေဟစနစ်နှင့် လူမှုစီးပွား ထိခိုက်စေမှုမရှိစေနိုင်ကြောင်း သေချာခိုင်မာမှသာ လုပ်ကိုင်ခွင့်ပြုရန် ဖြစ်ပါသည်။
၂၃	ရေတိမ်ဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း	ပတ်ဝန်းကျင် ဂေဟစနစ်နှင့် လူမှုစီးပွားဆိုင်ရာ ထိခိုက်ပျက်စီးလွယ်သည့်နေရာများမှ လုံလောက်သော အကွာအဝေးတွင်ရှိပြီး လိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းများ ဆောင်ရွက်ကာ ပတ်ဝန်းကျင် ဂေဟစနစ်နှင့် လူမှုစီးပွား ထိခိုက်စေမှုမရှိစေနိုင်ကြောင်း သေချာခိုင်မာမှသာ လုပ်ကိုင်ခွင့်ပြုရန်ဖြစ်ပါသည်။
၂၄	ထိခိုက်ပျက်စီးလွယ်သော ဂေဟစနစ် တည်ရှိရာ နေရာဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း	ပတ်ဝန်းကျင် ဂေဟစနစ်နှင့် လူမှုစီးပွားဆိုင်ရာထိခိုက်ပျက်စီး လွယ်သည့်နေရာများမှ လုံလောက်သော အကွာအဝေးတွင်ရှိပြီး လိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းများ ဆောင်ရွက်ကာ ပတ်ဝန်းကျင်ဂေဟစနစ်နှင့် လူမှုစီးပွားထိခိုက်စေမှု မရှိစေနိုင်ကြောင်း သေချာခိုင်မာမှသာ လုပ်ကိုင်ခွင့်ပြုရန် ဖြစ်ပါသည်။
၂၅	အမျိုးသားဥယျာဉ်၊ သဘာဝဘေးမဲ့တောနှင့် ကာကွယ်ထားသော နေရာများတွင် လုပ်ငန်းဆောင်ရွက်ခြင်း	ပတ်ဝန်းကျင် ဂေဟစနစ်နှင့် လူမှုစီးပွားဆိုင်ရာထိခိုက်ပျက်စီးလွယ်သည့်နေရာများမှ လုံလောက်သော အကွာအဝေးတွင်ရှိပြီး လိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းများ ဆောင်ရွက်ကာ ပတ်ဝန်းကျင်ဂေဟစနစ်နှင့် လူမှုစီးပွားထိခိုက်စေမှုမရှိစေနိုင်ကြောင်း သေချာခိုင်မာမှသာ လုပ်ကိုင်ခွင့်ပြုရန် ဖြစ်ပါသည်။
၂၆	မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် တိရစ္ဆာန်နှင့် အပင်များနှင့် ယင်းတို့၏ နေရာဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း	ပတ်ဝန်းကျင် ဂေဟစနစ်နှင့် လူမှုစီးပွားဆိုင်ရာထိခိုက်ပျက်စီး လွယ်သည့်နေရာများမှ လုံလောက်သော အကွာအဝေးတွင်ရှိပြီး လိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းများ ဆောင်ရွက်ကာ ပတ်ဝန်းကျင်ဂေဟစနစ်နှင့် လူမှုစီးပွား ထိခိုက်စေမှု မရှိစေနိုင်ကြောင်း သေချာခိုင်မာမှသာ လုပ်ကိုင်ခွင့်ပြုရန် ဖြစ်ပါသည်။
၂၇	သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် နေရာဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း	ပတ်ဝန်းကျင် ဂေဟစနစ်နှင့် လူမှုစီးပွားဆိုင်ရာထိခိုက်ပျက်စီး လွယ်သည့်နေရာများမှ လုံလောက်သော အကွာအဝေးတွင်ရှိပြီး လိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းများ ဆောင်ရွက်ကာ ပတ်ဝန်းကျင်ဂေဟစနစ်နှင့် လူမှုစီးပွားထိခိုက်စေမှု မရှိစေနိုင်ကြောင်း သေချာခိုင်မာမှသာ လုပ်ကိုင်ခွင့်ပြုရန် ဖြစ်ပါသည်။
၂၈	အများပြည်သူ သောက်သုံးရေအတွက် အဓိက အရင်းအမြစ်နေရာများ၊ ရေကန်ကြီးများနှင့် ရေလှောင်ကန်ကြီးများ၏ အနီးပတ်ဝန်းကျင်နေရာများတွင် လုပ်ငန်းဆောင်ရွက်ခြင်း	ပတ်ဝန်းကျင်ဂေဟစနစ်နှင့် လူမှုစီးပွားဆိုင်ရာထိခိုက်ပျက်စီးလွယ်သည့်နေရာများမှ လုံလောက်သောအကွာအဝေးတွင်ရှိပြီး လိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်းများဆောင်ရွက်ကာ ပတ်ဝန်းကျင်ဂေဟစနစ်နှင့် လူမှုစီးပွားထိခိုက်စေမှု မရှိစေနိုင်ကြောင်း သေချာခိုင်မာမှသာ လုပ်ကိုင်ခွင့်ပြုရန် ဖြစ်ပါသည်။
၂၉	အပန်းဖြေအနားယူရန် သတ်မှတ်ထားသည့်နေရာများ၊ ပုလဲမွေးမြူထုတ်လုပ်သည့်နေရာနှင့် အနီးပတ်ဝန်းကျင် နေရာများတွင် လုပ်ငန်းဆောင်ရွက်ခြင်း	ပတ်ဝန်းကျင်ဂေဟစနစ်နှင့် လူမှုစီးပွားဆိုင်ရာထိခိုက်ပျက်စီးလွယ်သည့်နေရာများမှ လုံလောက်သောအကွာအဝေးတွင်ရှိပြီး လိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်းများ ဆောင်ရွက်ကာ ပတ်ဝန်းကျင်ဂေဟစနစ်နှင့် လူမှုစီးပွားထိခိုက်စေမှု မရှိစေနိုင်ကြောင်း သေချာခိုင်မာမှသာ လုပ်ကိုင်ခွင့်ပြုရန် ဖြစ်ပါသည်။
၃၀	စိုက်ပျိုးမြေဓာတုပမာဏများပြားစွာ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း	လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုနှင့်လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုမည်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။
၃၁	အကြီးစား သစ်တောစိုက်ခင်းကြီးများတည်ထောင်ခြင်း	လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့်လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုမည် ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။
၃၂	အကြီးစား သစ်အခြေခံ စက်မှုလုပ်ငန်း	လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး လေ့လာခြင်း ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ပြီးမှသာ စိစစ်ခွင့်ပြုမည်ဖြစ်ပါသည်။
၃၃	လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း	EIA ပြုလုပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။
၃၄	လျှပ်စစ်ဓာတ်အား ပို့လွှတ်ရန် မဟာဓာတ်အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်း	EIA ပြုလုပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အမိန့်အရ

(ပုံ)စိုးသိန်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အကြံပြုသတိပေးချက်

၁။ ယာဉ်မောင်းသူသည် ယာဉ်မောင်းအတွေ့အကြုံရှိပြီး ယာဉ်မောင်းကျွမ်းကျင်သူ ဖြစ်ရမည်။

၂။ မော်တော်ယာဉ်ကို တစ်နာရီလျှင် မိုင် ၆၀ (သို့မဟုတ်) ၁၀၀ ကီလိုမီတာနှုန်းထက် ပိုမမောင်းရ။

၃။ ယာဉ်မောင်းများ အရက်သေစာနှင့် မူးယစ်ဆေးဝါးများသုံးစွဲ၍ မောင်းနှင်ခြင်းမပြုရ။

၄။ ယာဉ်မောင်းစဉ် ယာဉ်မောင်းသူ အိပ်မငိုက်ရ။ (လိုအပ်ပါက အလှည့်ကျမောင်းနှင်သည့်စနစ်အား ကျင့်သုံးရမည်။ ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်အများစုတွင် ယာဉ်မောင်းအိပ်ငိုက်၍ တိမ်းမှောက်မှုဖြစ်စဉ်က များပါသည်။)

၅။ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မော်တော်ယာဉ်ကြံ့ခိုင်ရေးအတွက် အောက်ပါအချက်များ ကောင်းမွန်ရမည်-

(က) မော်တော်ယာဉ်အောက်ပိုင်း တိုက်ရော့၊ ဘောလ်ဂျိုင်းများ ကောင်းမွန်ရမည်။

(ခ) မော်တော်ယာဉ်ဘရိတ်များ ဟန်ချက်ညီစွာ ကောင်းမွန်ရမည်။

(ဂ) မော်တော်ယာဉ်တွင် တပ်ဆင်ထားသော တာယာများ ကောင်းမွန်ရမည်။
(တိုက်ဆွေးနှင့် သက်တမ်းလွန်တာယာများမဖြစ်ရေး အထူးဂရုပြု ရမည်။)

(ဃ) မော်တော်ယာဉ်တာယာများ လေဖြည့်ရာတွင် လိုအပ်သည်ထက် ပိုမဖြည့်ရ။

(င) မော်တော်ယာဉ်လေကာမှန်တွင် တပ်ဆင်ထားသည့် ရေသုတ်တံများ ကောင်းမွန်ရမည်။

(စ) ညအချိန်တွင် အမြင်ကြည်လင်မှုရှိစေရန်အတွက် တပ်ဆင်ထားသောမီးများ/ရောင်ပြန်များ ကောင်းမွန်ရမည်။ (ရှေ့မီးကြီး၊ ရှေ့/နောက်အချက်ပြမီး)

၆။ မိုးရွာသည့်အချိန်တွင် ယာဉ်ကိုအရှိန်လျှော့၍ မောင်းနှင်ရမည်။

၇။ ယာဉ်မောင်းအနေဖြင့် မမျှော်မှန်းနိုင်သော အန္တရာယ်ကို အထူးသတိထား၍ လိုအပ်ပါက ယာဉ်ကိုအချိန်မီ အရှိန်လျှော့၍ မောင်းနှင်နိုင်ရမည်။
(ဥပမာ- ရှေ့တွင်ရပ်ထားသည့် ယာဉ်၊ ဖြတ်သန်းသွားသည့် လူ၊ ကျွဲ/နွား တိရစ္ဆာန်၊ ရေအိုင်၊ လမ်းကွေ့နှင့် တံတားများ)

၈။ ယာဉ်ကျော်တက်ရာတွင် လမ်းလုမောင်းနှင်ကျော်တက်ခြင်း မပြုရ။

၉။ သတ်မှတ်ထားသော လမ်းစည်းကမ်းကို စနစ်တကျလိုက်နာပြီး လမ်းတစ်လျှောက်တွင် စိုက်ထူထားသော သင်္ကေတအမှတ်အသားများနှင့် သတိပေးဆိုင်းဘုတ်များကို ဂရုစိုက်ကြည့်ရှု၍ မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာမောင်းနှင်ရမည်။

မှတ်ချက်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ဂိတ်များတွင် နေ့စဉ်ဖြတ်သန်းသွားလာသည့် ယာဉ်အရေအတွက်မှတ်တမ်းအရ ပျမ်းမျှမော်တော်ယာဉ်စီးရေ ၁၀၀၀၀ ခန့်၌ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှုမှာ တစ်စီး၊ နှစ်စီးခန့်တွေ့ရှိရ၍ ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ဝ၁ ရာခိုင်နှုန်းနှင့် သုည ဒသမ ဝ၂ ရာခိုင်နှုန်းခန့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယာဉ်အန္တရာယ်ကင်းရှင်းစွာမောင်းနှင်နိုင်ရေးအတွက် မော်တော်ယာဉ်၏ အခြေအနေနှင့် လမ်း၏အခြေအနေကို သုံးသပ်၍ သင့်လျော်သည့်အရှိန်ဖြင့် ထိန်းချုပ်မောင်းနှင်နိုင် သည့်ကျွမ်းကျင်သော ယာဉ်မောင်းသူကိုသာ ယုံကြည်စွာတာဝန်ပေးအပ်သင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန